# ယုံကြည်သူ၏

# ထာဝရ လုံခြုံမှု

*(Eternal Security of the Believer)*

*by Douglas Hammett*

*Translated in Burmese - 2009*

*Copyright 2002*
*Revised 2008*

*This book is copyrighted only to protect the author's right to his own work.*
*Any part of this work may be quoted without the author's permission.*

*All he asks is that proper credit be given*
*and it be taken in context.*

# မာတိကာများ

- နိဒါန်း
- ထာဝရ လုံခြုံမှု၏ အရေးကြီးမှု
- ခမည်းတော်၏ လုပ်ဆောင်တော်မူချက်
- သားတော်၏ လုပ်ဆောင်တော်မူချက်
- ဝိညာဉ်တော်၏ လုပ်ဆောင်တော်မူချက်
- ထာဝရလုံခြုံမှုကို ငြင်းပယ်ရန် သင်လုပ်ဆောင်ရမည့် အဆိုပြုချက်များ

# နိဒါန်း

ယုံကြည်သူ၏ ထာဝရလုံခြုံမှု ဩဝါဒသည် အလွန် အရေးကြီးသော ဩဝါဒ တစ်ခုဖြစ်ပါသည်။ ထိုအရာမှာ အဆင်ပြေအောင် စေ့စပ်လုပ်ယူ၍ မရသော ဩဝါဒ တစ်ခုဖြစ်ပြီး၊ ဘာနှင့်မျှ ရောစပ်၍ မရနိုင်ပါ။ ထိုအရာမှာ ငါတို့ ယုံကြည်၍ သွန်သင်သောအရာများမှတစ်ခုဖြစ်ပြီး ဧဝံဂေလိတရားနှင့် အလွန် ပင်ယှက်လိမ်၍ နေပါသည်။ ထိုအရာကို ငြင်းပယ်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ငြင်းပယ်ခြင်းလည်း ဖြစ်ပါသည်။ အကယ်၍ သင်သည် ထာဝရ လုံခြုံမှုကို ငြင်းပယ်ပါက ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ငါတို့ကယ်တင်ခြင်း ရရှိခဲ့ကြသည်ကို ဖော်ပြသော သမ္မာကျမ်းစာကို သင်နှုတ်ယူသွားခြင်းဖြစ်ပါသည်။

ခရစ်ယာန် အိမ်ထောင်မိသားစု ထဲသို့ မွေးဖွားလာခြင်းဖြစ်သောကြောင့် ကျွန်တော်၏ ယုံကြည်မှုများအားဖြင့် ကျွန်တော်ရောက်လာခဲ့သည် မဟုတ်ပါ။ ကျွန်တော်ကယ်တင်ခြင်းသို့ ရောက်သောအခါ ကျွန်တော်၏ ယုံကြည်မှုများ အားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်မှ ပိုင်းခြားလာခဲ့ပါသည်။ ကျွန်တော်၏ အတိတ်ကို ယုံကြည်မှုများမှ မဟုတ်ပါ။ ကျွန်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်သည်ဖြစ်ရာ ခပ်သိမ်းသောအရာတို့ကို ဘေးမနိုင်ရန် အလို ရှိခဲ့ပါသည်။ ကျွန်တော်ဘာကို ယုံကြည်သည်ကို သံသယမရှိဘဲ သိလိုခဲ့ပါသည်။ "ထာဝရဘုရား မိန့်တော်မူ၏"ဟူ၍ ထုတ်ဖော်နိုင်ရန် ကျွန်တော်အလိုရှိခဲ့ပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာခြင်းမှ မွေးဖွားလာ ခဲ့သည်ဖြစ်ရာ ဘုရားသခင်၏ နှုတ်ကပတ်တော် မှသာလျှင် သင့်အား ကျွန်တော်ဝေငှခြင်း ဖြစ်ပါသည်။ ဤဩဝါဒမှာ စာသင်ခန်းထဲ (သို့မဟုတ်) တနင်္ဂနွေနေ့ကျမ်းစာ သင်သော အခန်းထဲ၌ မွေးဖွားလာခဲ့ခြင်းမဟုတ်ပါ။ ထိုအရာမှာ ကျွန်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖွင့်၍ ဤအကြောင်းအရာပေါ်၌ ဘုရားသခင် မည်သည့်အရာကို မိန့်တော်မူသည်ကို အစပြုလေ့လာခြင်းဖြင့် ကျွန်တော် လက်ခံ ရရှိခဲ့သော တစ်စုံတစ်ရာ အကြောင်းဖြစ်ပါသည်။





ကြပါသည် သို့မဟုတ် ငါတို့သည် နှုတ်ကပတ်တော်ထဲ၌ ဘုရားသခင် မည်သို့မိန့်တော်မူသည်ကို ယုံကြည်နိုင်ကြပါသည်။ ကျွန်တော်သည် ဘုရားသခင်ဘက်၌ ရပ်နေသည်ဟု သင့်အား ပြောပြရန် ကျွန်တော်မရှက်ကြောက်ပါ။

ငါတို့သည် ကယ်တင်ခြင်းသို့ ရောက်ခြင်းမှာ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ဖြစ်ပါသည်။ ငါတို့သည် အကြောင်းရင်း တစ်ခုအတွက် ကယ်တင်ခြင်းသို့ရောက်ခဲ့ကြပြီး ဖြစ်ပါသည်။ ငါတို့သည် အပြစ်ထဲသို့ သွားရသောအခွင့်နှင့် ငါတို့အလိုရှိရာ မည်သည့်နည်းနှင့်မဆို အသက်ရှင်ရသောအခွင့် ငါတို့၌ မရှိပါ။ ငါတို့၏ ကယ်တင်ခြင်းကို အပြစ်လုပ်ရန် လိုင်စင်တစ်ခုကဲ့သို့ ငါတို့အသုံးမပြုနိုင်ပါ။ အကယ်၍ သင်သည် ကယ်တင်ခြင်း ရလျှင် ဘုရားသခင်သည် မိမိပညတ်တော်ကို သင်၏ စိတ်နှလုံးသားထဲ၌ ရေးမှတ်တော်မူပါသည်။ သင်သည် အပြစ်ပြုသောအခါ၊ ထိုအပြစ်အားဖြင့် သင်ဖျားနာပါလိမ့်မည်။

ထာဝရ လုံခြုံမှုသည် ဘုရားသခင်၏ သားတို့၌ရှိသည့် အကောင်းဆုံးသော သတင်းစကား ဖြစ်ပါသည်။ အခြားသောသူတို့သည် နေရောင်အောက်၌ မည်သည့်အကြောင်းအရာကိုမဆို ပြောဆိုနိုင်ကြပါသည်။ သူတို့သည် ကောင်းကင်သို့ သွားရမည့်အကြောင်းကို သေချာသိစေနိုင်ရန် လူတို့အား ကျွန်တော် ပြောပြနိုင်ဖို့အလိုရှိသည်။

*****

*"ကိုယ်ငွေကို ချေး၍ အတိုးမယူ၊ အပြစ်မရှိသောသူ၏ တစ်ဘက်မှတံစိုးကို မခံဘဲကျင့်သောသူသည် တုန်လှုပ်ခြင်းနှင့် အစဉ်အမြဲကင်းလွတ် လိမ့်သတည်း။" (ဆာ ၁၅း၅)*

*"ထမ်းရွက်ရသောဝန်ကို ထာဝရဘုရား၌ ချထားလော့။ သင့်ကို မစတော်မူမည်။ ဘယ်တော့မှ ကိုယ်တော်သည် ဖြောင့်မတ် သူကို လှုပ်ရှားစေတော်မမူ။" (ဆာ ၅၅း၂၂)*

ကယ်တင်ခြင်းသို့ရောက်သော လူတစ်ယောက်သည် သူ၏ကယ်တင်ခြင်းရွေ့လျားပါမည် လောဟု သင်ပြောဆိုမည်လား။ ထိုနေရာ၌ မြေကြီး - ဖရိုဖရဲပြိုကွဲခြင်းထက် ပို၍ ဘာမျှဖြစ် မလာနိုင်ပါ။ အသက် ရှင်ခြင်းမှ သေခြင်းသို့ပြောင်းသွားပါမည်ဟု ကျွန်တော်ထင်မိပါသည်။ ကောင်းကင်သို့ ပို့ဆောင်သောလမ်းမှ ငရဲသို့ပို့ဆောင်သောလမ်းသို့ ပြောင်းလဲသွားခြင်းထက် ပိုမို၍ ဘာမျှဖြစ်လာ မည်မဟုတ်ပါ။ သို့သော်လည်း ထိုသို့ဖြစ်ပျက်မလာနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ရွေ့လျှော့ခြင်းသို့ မရောက်ရဟု သမ္မာကျမ်းစာက ရိုးရိုးရှင်းရှင်း ပြောဆိုထားပါသည်။

## နိဂုံးချုပ်

ငါတို့သည် ထာဝရလုံခြုံမှု၌ ထိုကဲ့သို့သော ကြီးမားသည့် ဆွေးနွေးသုံးသပ်မှုကို အဘယ်ကြောင့် ပြုကြရပါသနည်း။ ထာဝရ လုံခြုံမှုသည် ဘုရားသခင်နှင့် ကြီးမားသောပေါင်းဖွဲ့ခြင်းကို ပြုပါသည်။ ကိုယ်တော့်အား ဘုန်းထင်ရှားစေပါသည်။ ငါတို့သည် ထာဝရလုံခြုံမှု၏ အထူးပြုမှုကို ကြိုးစားမာန်တက်ဆောင်ရွက်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကွဲလွဲခြားနားအောင် ပြောဆိုသောသူတို့ သည် ငါတို့၏ ကမ္ဘာလောကထဲ၌ ရှိနေပါသော်လည်း ထာဝရလုံခြုံမှုသည် အရေးပါသည်ဟု ဘုရားသခင် ထင်မှတ်တော်မူ၏။

အကယ်၍ သူတို့သည် ထာဝရလုံခြုံမှုကို ငြင်းပယ်ကြသည်ရှိသော် ရယ်ဖွယ်ကောင်းသော အဆိုပြုချက်ခြောက်ခုတို့ကို ငါတို့ကြည့်ရှုခဲ့ပြီး ဖြစ်ပါသည်။ ယခုတွင် ငါတို့သည် ရွေးချယ်မှုတစ်ခုကို ချန်သွားရပါမည်။ ငါတို့သည် ထိုရယ်ဖွယ်ကောင်းသော အဆိုပြုချက်ခြောက်ခုတို့ကို ယုံကြည်နိုင်



ယုံကြည်သူ၏ ထာဝရ လုံခြုံမှုဆိုင်ရာဩဝါဒမှာ သင်ကယ်တင်ခြင်းသို့ တစ်ကြိမ်တစ်ခါ ရောက်ရှိ သွားခဲ့သည်တွင် သင်သည် ကာလအစဉ်အမြဲ ကယ်တင်ခြင်းသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း ယုံကြည်ခြင်းဖြစ်ပါသည်။ လူတစ်ဦးသည် တစ်ကြိမ် ဒုတိယ မွေးခြင်းကို ခံခဲ့ပြီး၊ ဘုရားသခင်၏ မိသားစုထဲသို့ ထားရှိခဲ့ပြီးပါက၊ သူသည် အမွေကို မဆုံးရှုံးနိုင်ပါ။ နောင်လည်း ဆုံးရှုံးသွားလိမ့်မည် မဟုတ်ပါ။ အကယ်၍ ပုဂ္ဂိုလ်တစ်ပါးသည် ထိုအရာထက် အခြားသော မည်သည့်အရာ တစ်ခုခုကို ယုံကြည်ပါက ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်သည်မဟုတ်၊ သူ၏ အကျင့်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်သည်ဟု ယုံကြည်ခြင်းသာ ဖြစ်ပါသည်။ ကယ်တင်ခြင်းမှာ ယုံကြည်သောအားဖြင့် ကျေးဇူး တော်ကြောင့် ရရှိသည်။ အကျင့်အားဖြင့် ရရှိသည်မဟုတ်၊ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိဟု ငါတို့အား သွန်သင်ထားပါသည်။ (ဧဖက် ၂း၈-၉)

အောက်ပါပုံပြင်ကို ဆင်ခြင်ပါ။ လူနှစ်ယောက်တို့အား စီးပွားရေး ညီလာခံသို့ တက်ရောက်ရန် *Midwest United State* မှ *New York* မြို့တော်သို့ စေလွှတ်ခြင်း ခံခဲ့ကြပါသည်။ သူတို့၏နာမည်မှာ *Pentecostal Pete* နှင့် *Baptist Bill* ဖြစ်ပါသည်။ ထိုလူ နှစ်ဦးတို့မှာ သူတို့၏ စီးပွားရေး လုပ်ငန်း အစည်းအဝေး တက်ရောက်ရာ လေဆိပ်သို့ ဆင်းခဲ့ကြပါသည်။ အစည်းအဝေး ပြီးဆုံးသွားသောအခါ မိမိတို့၏ တည်းခိုခန်းသို့ မသွားနိုင်ကြ။ ထိုညတွင် မြို့ထဲသို့လည်း မသွား နိုင်ကြပါ။ *New York* ကဲ့သို့သော မြို့တော်ကို တစ်ခါမျှမရောက်ဖူးခဲ့ကြသည်ဖြစ်ရာ မြို့ကြီး ပြကြီးတို့၏ ဘဝအသက်တာမှာ အဘယ်သို့ရှိသည်ကို လေ့လာကြည့်ရှုရန် ဆုံးဖြတ်ခဲ့ကြပါသည်။ မျှားမကြာမီ လမ်းမကြီးအောက်မှ အရက်ဆိုင်ကို သူတို့တွေ့ရှိခဲ့ကြလေသည်။ *Pentecostal Pete* လည်း ခြေတင်ခုံမှ ထ၍ ထိုင်ချကာ ဘီယာကိုမှာလိုက်ပါသည်။ ထိုနည်းတူပင် *Baptist Bill* လည်း ဘီယာ မှာလိုက် လေသည်။ သူတို့ နှစ်ဦး ဘီယာကို သောက်ရင်း၊ သောက်ရင်းဖြင့် နောက်ဆုံးတော့ အတော်ပင်မူးလာခဲ့ကြ၏။

*Petecostal Pete* က သူဘာလုပ်ခဲ့သည်ကို သတိရလာသောအခါ ငိုလျက် "ကျွန်တော့် ကယ်တင်ခြင်း ဆုံးရှုံးသွားပြီ။ ကျွန်တော်သည် ဘုရားသခင်၏ သား မဟုတ်တော့ပါ။ ကျွန်တော် မူးအောင်သောက်ခဲ့မိပြီ။

ဟိုး . . . ကျွန်တော် ပျောက်ဆုံးသွားပြီဖြစ်ရာ သတိပေးခြင်းကို လေထဲသို့ ပစ်လွှတ်ရပါတော့၏။ ဤညတော့ ဆက်ဆက် သောက်စားပါတော့မည်။ နက်ဖြန် နေ့ကျမှ ကယ်တင် ခြင်းသို့ ရောက်ရှိပါတော့မည်" ဟုဆို၏။

*Baptist Bill* ဆိုသူက ဘီယာ သုံးပုလင်း သောက်၍ ကုန်ပြီးမှ သူဘာလုပ်ခဲ့သည်ကို သတိရလိုက်ပါသည်။ *Baptist Bill* လည်းငိုလျှက်၊ "အို- မဟုတ်ရပါ။ ကျွန်တော် နောက်တစ်ဖန် မသောက်မစားတော့ပါ။ ကျွန်တော်ဟာ ဘုရားသခင်၏သား ဖြစ်ပါတယ်။ ဘုရားသခင်နှင့် ဆက်သွယ်မှုကို ကျွန်တော်ဆုံးရှုံး မသွားပါ။ သို့သော်လည်း ကျွန်တော်သည် ဘုရားသခင်နှင့် ကြီးမားသောပြဿနာ တွေ့ကြုံရပြီဖြစ်သည်ကို သိပါ၏။ ကျွန်တော့် အဖို့မှာ အပြစ်ထဲ၌ ဆက်၍ နေသွားပါလျှင် ကျွန်တော့် ဘဝအသက်တာ ထဲ၌ သာ၍ ကြီးလေးသော ဆုံးမပြစ်ဒဏ်ခတ်ခြင်းကို တောင်းဆိုခြင်းသာ ဖြစ်ပါတော့မည်" ဟူ၍ ဆိုလေသည်။

ဤပုံပြင်သည် ထင်ရှားသောအချက်ကို ပြသပေါ်လွင်စေပါသည်။ အကယ်၍ လူတစ်ဦးက သူသည် အပြစ်ကိုလုပ်နိုင်သည်။ မိမိကယ်တင်ခြင်းလည်း ဆုံးရှုံးသွားနိုင်သည်ဟု ယုံကြည်ပါလျှင် ထိုလူအဖို့ ဘုရားသခင်နှင့် ဆက်သွယ်မှုကိုရရန် မည်သည့် အရာမျှ သူ့ကိုပြန်၍ မခေါ်ဆို တော့ပါဟူ ခံယူထားပါသည်။ ကွဲပြားခြားနားမှုမှာ ဘုရားသခင်၏သားဖြစ်၍ ဘုရားသခင်နှင့် ဆက်သွယ်မှုကို ဆုံးရှုံးမသွားနိုင်ဟု ယုံကြည်သောလူသည် အပြစ်ပြုမိခြင်းဖြင့် ဘုရားသခင်နှင့် မိတ်သဟာယပြုခြင်းကို ချိုးဖဲ့လိမ့်မည် အကြောင်း သိနားလည်ပါသည်။ သူသည် ကောင်းကင်ဘုံ၌ရှိတော်မူသော သူ၏ အဖကို ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်ပါသည်။ ဘုရားသခင်နှင့် ဆက်သွယ်မှုမှာ တည်ရှိမြဲဖြစ်နေသည်ကို သူသိနားလည်ပါသည်။ သူ၏အပြစ်သည် ဘုရားသခင်အား ဝမ်းနည်းစေခဲ့ပါသည်။ သူ၏ဘဝ အသက်တာထဲ၌ ဖြောင့်မတ်လာ စေရန် တစ်စုံတစ်ရာလုပ်ဆောင်ရမည်ကို သူလိုအပ်နေပါသည်။ သို့မှသာ သူသည် ဘုရားသခင် အတွက် ကောင်းသော ပုံသက်သေကို တစ်ဖန် ရနိုင်မည်ဖြစ်ပါသည်။ မိမိ၏ ကယ်တင်ခြင်း ဆုံးရှုံးသွားပြီဟု ယုံကြည်သော လူသည် ယေရှုခရစ်တော် အတွက် ပုံသက်သေ ကောင်းကို ဘယ်သောမှ အပြည့်အဝ ပြနိုင်တော့မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူသည် ကယ်တင်ခြင်း





*သင်မူကား၊ ငါ့စကားကို နားထောင်သောသူသည် သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်ဟု ဆိုပါသည်တကား။" ယောဟန် ၈း ၅၂*

ဤကျမ်းချက်၌ ယေရှုသည် ဂျူးလူမျိုးတို့အား အကယ်၍ လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ ရောက်ပါက၊ သူသည် သေခြင်းကို ဘယ်သောအခါမျှ မခံရဟု မိန့်တော်မူပါသည်။ သူတို့က အာဗြဟံသည် ဖြောင့်မတ်သောသူဖြစ်ခဲ့သော်လည်း သေလွန်ခဲ့ပြီးဖြစ်၏ဟူ၍ သူတို့ တုန့်ပြန်ခဲ့ကြ ပါသည်။ သို့ဖြစ်၍ သူတို့သည် ယေရှုကို မယုံကြည်ခဲ့ကြပါ။ ယေရှုသည် ဝိညာဉ်ရေးဆိုင်ရာ သေခြင်းကို ပြောဆိုနေသည် ဖြစ်ကြောင်း သူတို့မသိခဲ့ကြပါ။ အာဗြဟံသည် ကိုယ်ခန္ဓာ၌ သေခဲ့ပါသော်လည်း၊ ဝိညာဉ်၌ မသေခဲ့ပါ။ အာဗြဟံသည် ထာဝရဘုရားနှင့်အတူ ရှိနေဖို့ရန် သွားခဲ့ပါသည်။

တစ်နေ့သောအခါ ငါတို့အားလုံးသည် ကိုယ်ခန္ဓာ၌သေကြရပါလိမ့်မည်။ ထိုအချိန်သည် မည်သည့် အချိန်ဖြစ်လိမ့်မည်ကို ငါတို့မသိရပါ။ သို့သော်လည်း ယေရှုခရစ်တော်ကို ယုံကြည်ကိုးစား သောသူတို့သည် ဝိညာဉ်သေခြင်းကို ဘယ်သောအခါမျှ ခံရကြလိမ့်မည်မဟုတ်ကြောင်း ကိုယ်တော် ၏ ကတိတော်ရှိပါသည်။ သူတို့အား ကိုယ်တော်ထံမှ ဘယ်သောအခါမျှ ခွဲခွာစေလိမ့်မည်မဟုတ်ပါ။ သူတို့သည် ထာဝရကာလ တိုင်အောင် ကိုယ်တော်နှင့်အတူ ကောင်းကင်၌ ရှိနေကြပါလိမ့်မည်။

*"သင်တို့၏ ကျင့်ကြံပြုမူခြင်းသည် ငွေကိုတပ်မက်ခြင်းနှင့် ကင်းလွတ်၍၊ ကိုယ်၌ရှိသော ဥစ္စာနှင့် ရောင့်ရဲခြင်း ရှိကြလော့။ အကြောင်းမူကား၊ ငါသည် သင့်ကို မစွန့်၊ သင့်ကို အလျှင်းပစ်၍ မထားဟု ကတိတော်ရှိ၏။" (ဟေဗြဲ ၁၃း၅)*

ကယ်တင်ခြင်းသို့ရောက်သော လူတစ်ယောက်သည် ယေရှု၏ အစဉ်အမြဲရှိနေတော်မူခြင်း၌ စိတ်ချမှုကို ရရှိနိုင်ပါသည်။ အကယ်၍ သင်သည် ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်ဟု ယုံကြည်ပါက ကိုယ်တော်သည် သင့်ကို အလျှင်းမစွန့်မပယ်သည်ဖြစ်သောကြောင့် သင်နှင့်အတူ ငရဲသို့သွားရပါမည်။ ထိုအရာဟာ ရယ်ဖွယ်သက်သက်သာဖြစ်ပါသည်။

"အမှန်အကန်"ဟူသော ဝေါဟာရစကားလုံးများကို သတိပြုပါ။ ထိုအရာမှာ နှစ်ဆသော သေချာ စိတ်ချမှုဖြစ်ပါသည်။ ထိုအရာမှာ "ဧကန်အမှန်" သို့မဟုတ် "မချွတ်မလွဲ၊ ဧကန်မုချ" ဟူ၍လည်း အဓိပ္ပာယ်ရှိပါသည်။

အကယ်၍ ကျွန်တော်သည် ယနေ့ ကယ်တင်ခြင်းရ၍၊ မနက်ဖြန်နေ့တွင် ဆုံးရှုံးသွားပြီး၊ သေသွားပါက ကျွန်တော် အပြစ်စီရင်ခြင်းကို ခံရမည်လော။ အကယ်၍ သင်၏ ကယ်တင်ခြင်း ဆုံးရှုံးခြင်းသည် ဖြစ်နိုင်ပါက အပြစ်စီရင်ခြင်းကို ခံရပါမည်။ သို့သော်လည်း အကယ်၍ ကျွန်တော်သည် နှုတ်ကပတ်တော်ကို ကြားနာ၍ ယေရှုခရစ်တော်ကို စေလွှတ်တော်မူသော သူကို ယုံကြည်လျှင်၊ ကျွန်တော်သည် အပြစ် စီရင်ခြင်းကို မခံရဟူ၍ ဤကျမ်းချက်က ဆိုထားပါသည်။

ငရဲဟူသည် ဘုရားသခင်၏ အပြစ်စီရင်တော်မူခြင်း၊ သွန်းလောင်းတော်မူသော ဘုရားသခင်၏ အမျက်တော်ဖြစ်ပါသည်။ ကယ်တင်ခြင်းသို့ ရောက်သော မည်သူ့ကိုမဆို ငရဲသို့ ဘယ်သောမှ မပို့နိုင်သည်ကို ငါတို့သိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ဘုရားသခင်၏ ကတိ တော်ကို ထိုအထဲ၌ ရှိကြပါသည်။

> *"ယေရှုကလည်း၊ ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန် အဆာအမွတ်မခံရ။ ငါ့ကို ယုံကြည်သောသူသည် နောက်တစ်ဖန် ရေငတ်မခံရ။" (ယော ၆း၃၅)*

ဖြောင့်မတ်ခြင်းပါရမီ အတွက် စာငတ်သောသူတို့သည် ဝပြောခြင်းသို့ ရောက်ကြလိမ့်မည်ဟု (မဿဲ ၅) ၌ သမ္မာကျမ်းစာက ဆိုထားပါသည်။ ကျွန်တော် ကယ်တင်ခြင်းသို့ရောက်သောအခါ၊ ကျွန်တော့်အား ထာဝရ အသက်မုန့်ကို ပေးတော်မူ၍ ကျွန်တော်၏ဝိညာဉ်ကို ဖြည့်ပေးတော်မူပါ၏။ ကျွန်တော်သည် ဝိညာဉ်ရေးဆိုင်ရာ၌ ဘယ်သောအခါမျှ တစ်ဖန် စာငတ်ခြင်းသို့ မရောက်နိုင်ပါ။

> *"ယုဒလူတို့ကလည်း၊ သင်၌ နတ်ဆိုးစွဲသည်ကို ယခုငါတို့သိကြ၏။ အာဗြဟံမှ စ၍ ပရောဖက်တို့သည် သေလွန်ကြပြီ။*



ရသည် မရသည်ကို ဘယ်တော့မှသေချာ သိရှိနိုင်မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။

> *"ဘုရားသခင်ကို ချစ်သောသူ တည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်းသော အရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။ ဘုရားသခင်၏ သားတော်သည် အများသော ညီတို့တွင် သားဦးဖြစ်တော်မူမည်အကြောင်း၊ ဘုရားသခင်သည် ရှေးမဆွက သိတော်မူသောသူတို့ကို သားတော်၏ ပုံသဏ္ဌာန်နှင့် တညီတည်းဖြစ်စေခြင်းငှါ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။ ထိုသို့ ခွဲခန့်မှတ်သားနှင့်သော သူတို့ကိုလည်း ဖြောင့်မတ်ရာ၌ တည်စေတော်မူ၏။ ထိုသို့ တည်စေတော်မူသော သူတို့ကိုလည်း ချီးမြှောက်တော်မူ၏။" (ရောမ ၈း၂၈-၃၀)*

ကျွန်တော်သည် မည်သူ့ကိုမျှ ပုန်ကန်ခြားနားရန် ဆန္ဒ မရှိပါ။ သို့သော်လည်း သမ္မာတရားကို မဟောပြောဘဲ နေခြင်းအားဖြင့် ဘုရားသခင်ကို ပုန်ကန်ခြားနားသောသူ မဖြစ်လိုပါ။ ကျွန်တော်သည် ရှင်းလင်းစွာရေးသားထားပါသည်။ ထို့ကြောင့် ကျွန်တော်ပြောလိုသော အရာကိုမည်သူကမျှ နားလည် လွဲမှားခြင်း ရှိလိမ့်မည် မဟုတ်ပါ။ ဘုရားသခင်သည် လူတစ်ယောက်ကို ကယ်တင်တော်မူ သောအခါ ထိုလူသည် ခရစ်တော်ထဲ၌ ထာဝရဆိုင်ရာ လုံခြုံမှု ရှိသွားပြီး ဖြစ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်၏ သမ္မာတရားသည် ဤဩဝါဒ ပေါ်၌ မှန်ကန် ရှင်းလင်း၍ လွယ်ကူစွာ အသံမြည်စေပါသည်။

*****

# အခန်း (၁)

## ထာဝရလုံခြုံမှု၏ အရေးကြီးမှု

ထာဝရ လုံခြုံမှုသြဝါဒသည် အဘယ်ကြောင့် အလွန် အရေးပါရသနည်း။ ဤနေရာ၌ အကြောင်းရင်း တစ်ချို့တို့ကို ပေးထားပါသည်။

### *ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေခြင်း*

ထာဝရလုံခြုံမှုသည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် ဘုရားသခင် ၏ ဘုန်းတော်ကိုထင်ရှားစေပါသည်။ ကျေးဇူးတော်ကို လက်ာတစ်ခုကဲ့သို့ မှတ်ထားနိုင်ပါသည်။ ဘုရားသခင်၏ ကြွယ်ဝခြင်း၊ ခရစ်တော်၌ပြည့်စုံ၏။ ဘုရားသခင်၏ ကျေးဇူးတော်မှာ ကိုယ်တော်သည် ငါတို့အား အခမဲ့ ပေးလှူသောအရာ၊ ငါတို့လုပ်အားဖြင့် မရနိုင်သောအရာ တစ်ခုဖြစ်ပါသည်။

တစ်နည်းဆိုသော် ကျွန်တော်၏ ကယ်တင်ခြင်းမှာ လက်ဝါးကပ်တိုင်ပေါ်၌ ခရစ်တော် လုပ်ဆောင်ခဲ့ပြီး သောအရာကြောင့် အခမဲ့ပေးလှူရရှိခြင်းဖြစ်ပါသည်။ ကျွန်တော် နှစ်ခြင်းအသင်း သားတစ်ဦးဖြစ်ခြင်း၊ ကောင်းမြတ်သောသူဖြစ်ခြင်း၊ ဘုရားရှိခိုးကျောင်းသို့ သွားခြင်း၊ နှစ်ခြင်းမင်္ဂလာ ကိုခံခြင်း၊ ကျွန်တော်၏ ငွေကြေးများကို အလှူငွေ အိတ်ထဲတွင် ထည့်ခြင်းအားဖြင့် ဘုရားသခင်၏ သားဖြစ်လာခြင်းမဟုတ်ပါ။ ကာရာနီ တောင်ကုန်းပေါ်ရှိ လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုခရစ်တော်၏ လုပ်ဆောင်တော်မူခြင်းကြောင့်သာလျှင် ကျွန်တော်ဟာ ဘုရားသခင်၏သား ဖြစ်လာ ရပါသည်။

ကရာနီ တောင်ကုန်းပေါ်ရှိ လက်ဝါးကပ်တိုင်ပေါ်၌ ဘုရားသခင်၏ လုပ်ဆောင်တော်မူခြင်းသည် တစ်ဝက် တစ်ပျက်သာ ကယ်တင်ခြင်း ပေးတော်မူသည် မဟုတ်ပါ။ ကိုယ်တော်သည် အမှုကို မပြီးမြောက်ပဲ ကျန်၍ မထားခဲ့ပါ။ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူသော အခါ ကိုယ်တော်၏ ကျေးဇူးတော်သည် ထင်ရှားလျှက်ရှိခဲ့ပါ၏။ ကိုယ်တော်သည် ကျွန်တော်၏ အတိတ်က အပြစ်များအားလုံးကိုသာ ခွင့်လွှတ်တော်မူသည်





သို့ ရောက်သောသူ ဖြစ်ပါသည်။ ယေရှုခရစ်တော်ကို ယုံကြည်သောသူတို့သည် ပျက်စီးခြင်းသို့မရောက်ဟု ဤသမ္မာ ကျမ်းစာထဲ၌ ဘုရားသခင် မိန့်တော်မူ၏။ ထိုအရာမှာ အလွန်ခိုင်လုံထိရောက်သော အထူးပြုဖော်ပြ ချက်ဖြစ်ပါသည်။ ကိုယ်တော်က "မပျက်စီးနိုင်" သို့မဟုတ် "မပျက်စီးရ" သို့မဟုတ် "ပျက်စီးနိုင်ဖွယ် မရှိ" ဟူ၍ မိန့်တော်မူခြင်းမဟုတ်ပါ။ ကိုယ်တော်က "ဘယ်သောအခါမျှ ပျက်စီးခြင်းသို့မရောက်ရ" ဟု မိန့်တော်မူပါသည်။ သို့ဖြစ်၍ ကယ်တင်ခြင်းသို့ရောက်သော လူတစ်ယောက်သည် ထိုကယ်တင် ခြင်းကို ဆုံးရှုံးနိုင်သည်ဟု ပြောဆိုခြင်းမှာ ဘုရားသခင်သည်မုသာဖြစ်သည်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ထိုသို့ပြောဆိုခြင်းမှာ အလွန် အန္တရာယ်ရှိ၍ ဆိုးရွားလှသောအရာဖြစ်ပါသည်။

> *"ငါပေးသောရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရ အသက်ရှင်ခြင်းအလိုငှါ ထွက်သော စမ်းရေဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။" (ယော ၄း၁၄)*

ယေရှုပေးလှူတော်မူသော ဤအသက်စမ်းရေကို သောက်သောသူတို့သည် ထာဝရ အသက် အတွက် ရေငတ်ခြင်း ဘယ်သောအခါမျှ မရှိတော့ပါ။ ကျွန်တော်ကယ်တင်ခြင်းသို့ ရောက်ရှိပြီးနောက် ထာဝရ အသက်အတွက် တစ်ဖန် ရေငတ်ခြင်း ဘယ်သောအခါမျှ မရှိတော့ပါ။ ထိုအချိန်၌ပင် ကျွန်တော်လိုသမျှ သောအရာခပ်သိမ်းတို့ကို ရရှိခဲ့ပါသည်။ သူတို့ဟာ ကယ်တင်ခြင်းရရှိကြပါရဲ့လား ဟုဆိုပြီး အစဉ်အမြဲစိုးရိမ် လျက်ပြေးလွှားနေသောသူတို့သည် ဧကန်အမှန် ဆုံးရှုံးသွားနိုင်ကြပါသည်။ သင်သည် ဤထာဝရအသက် စမ်းရေကို သောက်သောအခါ၊ သင်သည် ဘယ်သောအခါမျှ တစ်ဖန် ရေငတ်ခြင်းမရှိရဟု သမ္မာကျမ်းစာက ဆိုထားပါသည်။

> *"ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သော သူဖြစ်၏။" (ယော ၅း၂၄)*

## “ဘုရားသခင်သည် မုသာဆိုတာ ဖြစ်နိုင်သည်”

ထာဝရ လုံခြုံမှုကို ငြင်းပယ်သောလူတစ်ယောက်အတွက် ဘုရားသခင်သည် မုသာပြောဆိုတာ ဖြစ်နိုင်သည်ဟု သူတို့သဘောတူကြ၏။

*“မုသာနှင့် ကင်းစင်တော်မူသော ဘုရားသခင်သည်၊ ရှေးကပ် ကာလမရောက်မှီ ကတိထားတော်မူ၍၊ ငါတို့ကို ကယ်တင်သော အရှင် ဘုရားသခင်၏ ပညတ်တော် အတိုင်း၊ ငါ၌ အပ်ထားသော တရားဟောခြင်း အခွင့် အားဖြင့် တော်လျော်သော အချိန်၌။ နှုတ်ကပတ် တရား တော်ကို ထင်ရှားစေတော်မူသော အရာနှင့် စပ်ဆိုင် သော ထာဝရအသက်ကို မျှော်လင့်သည်ဖြစ်၍ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့်ဆိုင်သော သမ္မာတရားကို ဝန်ခံခြင်း အလို့ငှါငှင်း၊ ဘုရားသခင် ရွေးကောက်တော်မူသော သူတို့၏ ယုံကြည်ခြင်းအလို့ငှါငှင်း၊ ဘုရားသခင်၏ ကျွန်တည်းဟူသော၊ ယေရှုခရစ်၏ တမန်တော် ဖြစ်သော ငါပေါလုသည်။” (တိတု ၁း၁-၂)*

ဘုရားသခင်သည် ငါတို့အား ထာဝရ အသက်ပေးရန် ကတိပေးတော်မူ၏။ ကိုယ်တော်သည် ထိုအရာပေါ်၌ မုသာမပြောနိုင်ပါ။ သင်သည် နှုတ်ကပတ်တော်ပေါ်၌ ယုံကြည်စိတ်ချနိုင်ပါသည်။ ထာဝရအသက်နှင့် သက်ဆိုင်၍ ဘုရားသခင်သည် မုသာမပြောနိုင်ကြောင်းကို ငါတို့သေချာ၍ နှစ်ဆသော စိတ်ချမှုကို အောက်ပါကျမ်းချက်က ငါတို့အားပေးထားပါသည်။

*“ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့ သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏။” (ယော ၃း၁၆)*

မိမိတို့၏ ကယ်တင်ခြင်းကို ဆုံးရှုံးသောလူတစ်ယောက်သည် ပျက်စီးခြင်း





မဟုတ်ပါ။ ကိုယ်တော်သည် ကျွန်တော်၏ ပစ္စုပ္ပန် ကာလနှင့် အနာဂတ်ကာလ၌ရှိသော အပြစ်များ အားလုံးတို့ကိုပါ ခွင့်လွှတ်တော်မူ၏။ သို့ဖြစ်၍ ထာဝရ လုံခြုံမှုဩဝါဒ ထဲတွင် ဘုရားသခင်၏ ကျေးဇူးတော်သည် ထင်ရှားလျက် ရှိပါသည်။

အကယ်၍ ကျွန်တော်က လူတစ်ယောက်သည် တစ်နေ့တွင် ကယ်တင်ခြင်းကိုရရှိ၍ အခြားသောနေ့တွင် ဆုံးရှုံးသွားနိုင်သည်ကို ယုံကြည်ပါက ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်တွင် ပြုတော်မူခဲ့သော အမှုသည် မပြည့်စုံ မလုံလောက်ပါ ဟူ၍ ယုံကြည်ခြင်းသာဖြစ်၏။ အကယ်၍ ကျွန်တော်၏ ကယ်တင်ခြင်းအတွက် လိုအပ်သောအရာများကို ယေရှုခရစ်တော်က ပြီးပြည့်စုံအောင် မလုပ်ဆောင်နိုင်ဟု ကျွန်တော် ယုံကြည်ပါလျှင်၊ ကိုယ်တော်ပြုသော အမှုထဲ၌ တစ်စုံတစ်ခုကို ကျွန်တော်ထပ် ထည့်ရပါမည်။ ထိုသို့သော ကျွန်တော်သည် ကိုယ်တော်၏ကျေးဇူးတော်ကို ချီးမွမ်းထင် ရှားစေရမည့် အစား ကျွန်တော်၏ အကျင့်များကိုသာ ထင်ရှားစေမည် ဖြစ်၏။

## ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ထင်ရှားစေပါ

ထာဝရ လုံခြုံမှုဩဝါဒသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ထင်ရှားစေ၏ ဖော်ထုတ်ပြသပါ၏။ ချစ်ခြင်းမေတ္တာကို ပေးကမ်းခြင်းဖြင့် ထင်ရှားပြသရပါသည်။

ထာဝရ လုံခြုံမှုဩဝါဒက လူတစ်ယောက်သည် တစ်ကြိမ် ဒုတိယမွေးခြင်းကိုခံရပါက သူသည် ထာဝရ ကာလတိုင်အောင် ဘုရားသခင်၏သား ဖြစ်ပြီဟု ဆိုထားပါသည်။ ကျွန်တော့်မှာ သားသမီးလေးယောက်ရှိပါသည်။ သူတို့ဟာ မစုံလင်ကြမှန်းကိုသိသော်ငြားလည်း သူတို့အားလုံးကို ကျွန်တော်ချစ်ပါသည်။ ကျွန်တော့်ကလေးတို့က သူတို့မလုပ်သင့်သော အရာများကို လုပ်ကြပါသည်။ တစ်ခါတစ်ရံ သူတို့သည် စားပွဲပေါ်သို့ တစ်ခုခုကို ယိုစိမ့်သွန်းချတတ်ကြပါသည်။ တစ်ခါတစ်ရံ သူတို့သည် ပစ္စည်းတစ်ချို့ကို ကျိုးပဲ့စေကြပါသည်။ သူတို့က မိုက်မဲသော အရာများကို ပြောဆိုတတ်ကြပါသည်။ သူတို့ကိုယ်တိုင်၏ အမှားကြောင့်မဟုတ်သော်လည်း သူတို့သည် တစ်ခါတစ်ရံ ဖျားနာတတ်ကြပါသည်။ မကြာခဏဆိုသလိုပင် လုံးဝအဆင်မပြေသော

အချိန်များ၌ ဖြစ်တတ်ပါသည်။ သို့သော်လည်း ကျွန်တော်၏သားသမီးများကို အမွေဖြတ်တောက်ပစ်ဖို့ရန် ဘယ်ချိန်ခါမှာမှ လုံးဝ မကြံရွယ်ခဲ့ပါ။ သူတို့ လုပ်ဆောင်သော အရာများက ခြားနားမှုအလျဉ်း မဖြစ်စေပါ။ သူတို့သည် အစဉ်အမြဲ ကျွန်တော်၏ သားသမီးများသာဖြစ်နေကြပါသည်။

မိမိတို့၏ သားသမီးများကြောင့် အလွန်စိတ်ပျက်လျက် အမွေဖြတ်ခဲ့ကြသော မိဘများကို ကျွန်တော်သိပါ သည်။ တစ်ချို့က သူတို့၏သားသမီးတို့မှာ သူတို့ထံမှ နှင်ထုတ်ကြောင်းစာကို ရေးသားခဲ့ကြပါသည်။ သူတို့က "ငါ့အိမ်ကို ဘယ်တော့မှ ထပ်၍မလာပါနှင့်" ဟူ၍ ပြောဆိုကြပါမည်။ ထိုအရာမှာ ကျွန်တော်၏သားသမီးများ ပေါ် လုပ်ဆောင်ရန် ဘယ်သောအခါမျှ မရည်ရွယ်သော အရာဖြစ်ပါသည်။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည်လည်း ထိုကဲ့သို့ပင် ဖြစ်ပါသည်။ ကိုယ်တော်သည် ကျွန်တော့်အား သူ၏မိသားစုထဲသို့ လက်ခံထားရှိတော်မူသောအခါ ကျွန်တော်သည် အစဉ်အမြဲ ကိုယ်တော်၏ မိသားစုဝင် ဖြစ်ရမည်ဟူသော ကတိကို ကိုယ်တော်ပြုခဲ့ပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အကန့်အသတ်မရှိပါ။ "အကယ်၍ သင်သည် ဤလိုင်းပေါ် သို့ ကျော်တက်လာပါက သင်သည် ငါ၏မိသားစုဝင်မဟုတ်တော့ပါ"ဟူ၍ ကိုယ်တော်မိန့်တော်မူခြင်းမရှိခဲ့ပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ထာဝရလုံခြုံမှု၌ ထင်ရှားခဲ့ပါသည်။ ကျွန်တော် ကယ်တင်ခြင်းသို့ရောက်ရှိပြီးနောက် မကြာခဏဆိုသလို အပြစ်လုပ်မိခဲ့သော်လည်း ကျွန်တော် ကယ်တင်ခြင်းသို့ မရောက်မှီ ချစ်တော်မူသကဲ့သို့ ဘုရားသခင်သည် ကျွန်တော့်ကို ချစ်တော်မူပါ၏။ ထိုအရာမှာ ဘုရားသခင်၌ ရှိသော ချစ်ခြင်းမေတ္တာပင်ဖြစ်ပါသည်။

## ခရစ်တော်၏ အသေခံတော်မူခြင်းကို တိုင်းထွာခြင်း

ထာဝရ လုံခြုံမှုဩဝါဒသည် ခရစ်တော်၏ အသေခံတော်မူခြင်းကို တိုင်းထွာပေးပါသည်။ ယေရှုခရစ်တော်သည် (အေဒီ - ၃၀)ခန့်ဝန်းကျင်၌ အသေခံတော်မူခဲ့ပါသည်။ ကျွန်တော်သည် (၁၉၅၃) ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ထိုအရာမှာ ယေရှုခရစ်တော် ဖွားမြင်တော်မူပြီးနောက် အနှစ် (၁၉၀၀) ကြာခဲ့ပြီး ဖြစ်ပါသည်။ ယေရှု အသေခံတော်မူစဉ် ကျွန်တော်၏





ပြန်လည်ထွက်ခွာရမည့် တစ်ခုတည်းသောလမ်းမှာ သေခြင်းသာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ငါတို့မွေးဖွား လာရသော ဘဝမှာ ပျက်စီးနိုင်သော ဘဝ ဖြစ်ပါသည်။ ဤဘဝမှာ သေခြင်းဖြင့်သာ အစဉ်အမြဲ နိဂုံးချုပ်ရပါသည်။ လူတစ်ယောက်သည် ဒုတိယ မွေးခြင်းကို ခံရသောအခါ၊ ဘုရားသခင်၏ မိသားစုထဲသို့ မွေးလာရခြင်း ဖြစ်ပါသည်။ သူတို့သည် ထာဝရအသက်ကို လက်ခံရရှိကြပါသည်။

ထာဝရအသက်မှာ အသက်ရှင်ခြင်း တစ်ခုတည်းသာ မဟုတ်ပါ။ အသက်ရှင်ခြင်း၏ အရည် အသွေးလည်းဖြစ်ပါသည်။ "ဘုရားသခင်သည် မည်သည့်အချည်းနှီးဖြစ်ခြင်းကိုမျှ အားပေးလှုံ့ဆော်မှု မပြုပါ" ဟူသော အဆိုကို သင်ကြားဘူးပါသလား။ ဘုရားသခင်ပေးတော်မူသော ဝိညာဉ်ရေးဆိုင်ရာ ထာဝရ အသက်မှာ ညှိုဖျင်းယုတ်ညှို့မလာနိုင်သော အရည်အသွေးရှိပါသည်။ ထိုအရာမှာ အောက်သို့ ထိုးကျသွားခြင်း မရှိနိုင်ပါ။ ထိုအရာသည် မိမိတန်ခိုးကို မဆုံးရှုံးနိုင်ပါ။ ထိုအရာသည် မိမိတတ်နိုင်သော စွမ်းရည်သို့မဟုတ် အရည်အသွေးကို မဆုံးရှုံးနိုင်ပါ။ ထိုအရာမှာ ဆက်လက်၍ အသက်ရှင်သော ဘဝအသက် ဖြစ်ပါသည်။

ဤအသက်သည် ဘယ်သောအခါမျှ မသေနိုင်သည်ဖြစ်၍ ကျွန်တော်သည် ဝိညာဉ်ရေးဆိုင်ရာ၌ မသေနိုင်ပါ။ သို့ဖြစ်၍၊ ကျွန်တော် ကယ်တင်ခြင်း ဆုံးရှုံးသွားပါက ကျွန်တော်သည် ဒုတိယမွေးခြင်း မခံရသောသူသာ ဖြစ်ပါမည်။ သို့သော်လည်း ထိုအရာမှာ မဖြစ်နိုင်သောအရာတစ်ခု ဖြစ်ပါသည်။ သင်သည် ဘုရားသခင်၏ မိသားစုထဲသို့ ဝိညာဉ်ရေးဆိုင်ရာ၌ မွေးလာသောအခါ၊ သင်သည် မမွေးသောသူ မဖြစ်နိုင်ပါ။ ကိုယ်ကာယပိုင်းဆိုင်ရာ၌ မွေးဖွားလာသောလူတစ်ယောက်သည် မမွေးခဲ့သောသူ မဖြစ်နိုင်သကဲ့သို့ ဖြစ်ပါသည်။ ကိုယ်ကာယပိုင်းဆိုင်ရာ အသက်ထွက်ခွာခြင်းမှာ သေခြင်းနည်းလမ်း တစ်ခုသာ ဖြစ်ပါသည်။ သူတို့သည် တစ်ဖန်ပြန်ကျုံ့ဝင်ကာ သူတို့၏ မိခင်ကိုယ်ဝန်ထဲသို့ ပြန်၍ မဝင်သွားနိုင်ကြပါ။

လူတစ်ယောက်ဟာ ကိုယ်ကာယ သို့မဟုတ် ဝိညာဉ်ရေးဆိုင်ရာ၌ မမွေးသော သူဖြစ်နိုင်သည်ဟု ပြောဆိုခြင်းမှာ ရယ်စရာကောင်းသောအရာ တစ်ခုသာ ဖြစ်ပါသည်။

သို့သော်လည်း သူ့အသက်ကို မထိရပါ။

ကျွန်တော်၏ ဘုရားသခင်သည် ကျွန်တော့်အား ဖြောင့်မတ်သော သူဖြစ်ပြီဟု ကြော်ငြာတော် မူ၏။ ငရဲ၌ရှိသော မကောင်းမှုများအားလုံးတို့သည် သူတို့ အလိုရှိသမျှအားလုံးကို ကျယ်လောင်စွာ အူကြပါမည်။ သို့သော်လည်း သူတို့သည် ကျွန်တော့်ဘုရားသခင်၏ အဆိုပြုချက်နှင့် တန်ခိုးကို ဘယ်သောအခါမျှ အောင်နိုင်ကြလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်က *Doug Hammett* သည် ဖြောင့်မတ်၏ဟု မိန့်တော်မူသောအခါ၊ *Doug Hammett* သည် ဖြောင့်မတ်၏ဟူ၍ သင်ရေးမှတ် နိုင်ပါသည်။

အကယ်၍ လူတစ်ယောက်က သူတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်သည်ဟု ယုံကြည်ပါက ဘုရားသခင်သည် အခြားသောလူတို့အား လုပ်ဆောင်ရန် တားမြစ်ထားသောအရာကို ပြုတော်မူ၏ဟူ၍ ပြောဆိုကြခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် သူတို့အား ဖြောင့်မတ်စေတော်မူပြီးသည့် နောက်ပိုင်း၌ မိမိ ရွေးကောက်သောသူတို့ကို ညွှန်ကြားတော်မူပါမည်။

## **“မွေးဖွားခဲ့ပြီးသော လူတစ်ယောက်သည် ပြန်၍မမွေးဖွားနိုင်”**

ထာဝရလုံခြုံမှုကို ငြင်းပယ်ဖို့သောလူအတွက် မွေးဖွားခဲ့ ပြီးဖြစ်သော လူတစ်ယောက်သည် ပြန်၍မမွေးဖွားနိုင် ဟူ၍ သူတို့သဘောခြင်း တူညီကြ၏။

> *“ယေရှုက၊ ဒုတိမွေးခြင်းကို မခံသောသူ မည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန် ဆိုသည်ဟု ပြန်၍ မိန့်တော်မူ၏။” (ယောဟန် ၃း၃)*

> *“ယေရှုကလည်း၊ ရေနှင့် ဝိညာဉ်တော် မမွေးသောသူ မည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန် အကန်ဆို၏။ ဇာတိပကတိ မွေးသောအရာသည် ဇာတိပကတိ ဖြစ်၏။ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ ဒုတိယ မွေးခြင်းကို ခံရမည်ဟု ငါပြော ပြောသည်ကို အံ့ဩခြင်းမရှိနှင့်။” (ယော ၃း၅-၇)*

လူတစ်ယောက်သည် ဤဘဝ အသက်တာ၌ တစ်ကြိမ်မွေးလာခဲ့ပါက





မွေးနေ့ဟာ အနာဂတ်တွင်ရှိပါသေး၏။ နောက်ဆုံးတွင် (၁၉၇၁)ခုနှစ်၌ ဘုရားသခင်သည် ကျွန်တော့်စိတ်နှလုံးထဲသို့ ဝင်တော်မူခဲ့ရာ၊ ကျွန်တော့် အပြစ်များသည် ဆေးကြောခြင်းသို့ ရောက်ရှိသွားခဲ့ရပါသည်။ (၁၉၅၃ မှ ၁၉၇၁) ခုနှစ်ထိ ကျွန်တော် ပြုခဲ့သမျှသော အပြစ်များသည် အသွေးတော်ထဲ၌ နှစ်ထား လျက်ရှိပါသည်။ ခရစ်တော် အသေခံတော်မူသောအခါ ကိုယ်တော်သည် ထိုအပြစ်များ အားလုံးတို့အတွက် အသေခံတော်မူခဲ့ပါသည်။ ထိုအချိန်၌ ဤအပြစ်များမှာ အနာဂတ်တွင် ရှိပါသေးသော်လည်း ကိုယ်တော်သည် ထို အပြစ်များအားလုံးအတွက် အသေခံတော်မူခြင်းဖြစ်ပါသည်။

ကျွန်တော်ကယ်တင်ခြင်းသို့ ရောက်ရှိခဲ့ပြီးနောက် ကျွန်တော်အပြစ်ပြုမိသော ထိုအပြစ်က ကျွန်တော့်အား ဘေးအန္တရာယ်ဖြစ်စေ၍ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ချစ်ခြင်းမေတ္တာကို ဆုံးရှုံးစေသည်ဟူ၍ ယုံကြည် သောသူများ ရှိပါသည်။ ထိုအရာသည် ဖြစ်နိုင်သည်ဟု သူတို့ယုံကြည်ကြပါသည်။ တစ်ချို့သော အချက်၌ အယူဝါဒ ဖောက်ပြန်ခြင်း (သို့မဟုတ်) ဘုရားသခင် ထံမှ အဝေးသို့သွားခြင်း၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ယေရှုခရစ်တော်၏ အသေခံတော်မူခြင်း၏ ချည်နှောင်မှုများကို ကျော်လွန်သွားနိုင်သည်ဟု သူတို့ ယုံကြည်ကြပါသည်။ ထိုအပြစ်သည် ကျွန်တော့်အား တစ်နည်းနည်းဖြင့် ချောက်ကမ်းပါးထဲသို့တွန်းချကာ ကျွန်တော်၏ကယ်တင်ခြင်း ဆုံးရှုံးသွားပါလိမ့်မည်။

သို့သော်လည်း ကျွန်တော်၏ဘုရားသခင်သည် ခပ်သိမ်းသောအရာများ အားလုံးတို့ထက် ကြီးမြတ်တော်မူပါ၏။ ကိုယ်တော်သည် ကျွန်တော့်ကို ကယ်တင်တော်မူခဲ့သည် သာမက လုံခြုံစွာ စောင့်ထိန်းတော်မူပါသည်။ ကျွန်တော်ကယ်တင်ခြင်းသို့ မရောက်မီ ကျွန်တော်၏ အပြစ်များအားလုံးမှာ ခရစ်တော်၏အသေခံတော်မူခြင်းသည် အနာဂတ်တွင်ရှိပါသေး၏။ (၁၉၇၁) ခုနှစ်မှ ယခုပစ္စုပ္ပန် ကာလထိ ကျွန်တော်၏ အပြစ်များသည် ခရစ်တော် အသေခံတော်မူခဲ့စဉ် အနာဂတ်တွင် ရှိပါသေး၏။ ကျွန်တော်မွေးသည့် နေ့မှစ၍ ယခု ပစ္စုပ္ပန်ကာလထိ ကျွန်တော်၏ အပြစ်များအတွက် ခရစ်တော် ပေးဆပ်တော်မူခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် နောင်နှစ်ခါတွင် ကျွန်တော်၏ ကယ်တင်ခြင်း ဆုံးနိုင်မဆုံးရှုံးနိုင်သည်ကို ကျွန်တော် ဘယ်လိုသိနိုင်ရမည်

နည်း။ ယေရှုခရစ်တော်သည် လွန်ခဲ့သော အနှစ်(၂၀၀၀)ခန့်၌အသေခံတော်မူခဲ့စဉ် ကိုယ်တော်သည် (၁၉၅၃)ခုနှစ်မှ ယခု ပစ္စုပ္ပန်ကာလထိ ကျွန်တော်ပြုခဲ့သောအပြစ်များအတွက်သာ နေ့ရက်တိုင်အောင် ကျွန်တော်ကျူးလွန်ရမည့် အပြစ်များ အားလုံးအတွက်ပါ ကိုယ်တော်အသေခံတော်မူခဲ့ခြင်းဖြစ်ပါသည်။ ငါတို့သည် မိမိတို့၏ကြံဖန်သော အချိန်ကာလထဲသို့ ရိုက်သွင်းခဲ့ကြပါသည်။ ဘုရားသခင်၏ အမြင်အားဖြင့်မဟုတ်ဘဲ ငါတို့၏အမြင်အားဖြင့်အရာများကို ကြည့်မျှော်နေကြပါသည်။ ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင် ပေါ်၌ အသေခံတော်မူစဉ်တွင် Doug Hammett ၏ အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလ နှင့် အနာဂတ်ကာလ အပြစ်များအားလုံးအတွက် အသေခံတော်မူခဲ့ပါသည်။ ယေရှု အသေခံတော်မူစဉ် ထိုအပြစ်များအားလုံးတို့မှာ အနာဂတ်တွင်ရှိနေသေးသည်ဖြစ်သော်လည်း ကိုယ်တော်သည် သက်ဆိုင်စေတော်မူခဲ့ပါ သည်။ ကိုယ်တော်သည်ခြားနားခြင်းကို မြင်တော်မူခြင်း မရှိပါ။

ထာဝရ လုံခြုံမှုသည် ခရစ်တော်၏ အသေခံတော်မူခြင်းကို တိုင်းထွာပေးပါသည်။ သင်သည် တစ်နေ့ ကယ်တင်ခြင်းသို့ ရောက်နိုင်သည်။ နောက်တစ်နေ့တွင် ဆုံးရှုံးသွားနိုင်သည်ဟု ပြောဆိုသော လူတစ်ယောက်သည် အကယ်စင်စစ် ခရစ်တော်၏ အသေခံတော်မူခြင်းမှာ မပြည့်စုံ၊ မလုံလောက်ပါဟု ပြောဆိုခြင်းသာဖြစ်ပါသည်။ အပြစ်များကို လွှတ်ပေးတော်မူရန် ခရစ်တော်၏တန်ခိုးနှင့် စွမ်းဆောင်နိုင်ခြင်းသည် မလုံလောက်ပါ ဟူသော အဓိပ္ပာယ်ကို သက်ရောက်စေပါသည်။ ကိုယ်တော်သည် ပေးအပ်တော်မူသော အမှုကို မပြီးမြောက်စေခဲ့ပါဟု စွပ်စွဲခြင်း ဖြစ်ပါသည်။ ကိုယ်တော်သည် အပြစ်များအားလုံးကို လွှတ်တော်မူကြောင်း ကျွန်တော်၏ သမ္မာကျမ်းစာက ဆိုထားပါသည်။ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော် မူသောအခါ ကျွန်တော် ကျူးလွန်ခဲ့သမျှသော အပြစ်များအားလုံးနှင့် လွန်ကျူး လာမည့် အပြစ်များ အားလုံးအတွက် ကိုယ်တော်ပေးဆပ်တော်မူ ကြောင်းကို ထာဝရလုံခြုံမှုက အာမခံထားပါသည်။ ထာဝရလုံခြုံမှုသည် ကိုယ်တော်၏ အသေခံတော်မူခြင်းကို ကျွန်တော့်အတွက် တိုင်းထွာပေးပါသည်။ ကိုယ်တော်၏ အသေခံတော်မူခြင်းသည် ကျွန်တော်၏အပြစ်များထက်သာ၍ အလွန်ကြီးမားသည်ဖြစ်ကြောင်းကို ထိုအရာသည် ကျွန်တော်အား ပြောပြပေးပါသည်။





*“ဘုရားသခင် ရွေးကောက်တော်မူသော သူတို့ကို အဘယ်သူသည် အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ၌ တည်စေသောသူကား၊ ဘုရားသခင်ပေတည်း။ အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ ခံသည်သာမက၊ သေခြင်းမှ ပြန်ရှင်၍ ဘုရားသခင်၏ လက်ျာတော်ဘက်၌ နေလျက်၊ ငါတို့အဖို့ ဆုတောင်းသောသူကား ခရစ်တော်ပေတည်း”။ (ရော ၈း၃၃-၃၄)*

ဘုရားသခင်သည် စိန်ခေါ်ခြင်း တစ်ခုကို ပြုတော်မူကြောင်း ဤကျမ်းချက်က ကျွန်တော့်အား စဉ်းစားစေပါသည်။ ကျွန်တော်ကလေး ဘဝတွင်၊ ငါတို့သည် အိမ်နီးနားချင်း၌ ရန်သူရှိပါက၊ ငါတို့သည် လိုင်းတားရပါသည်။ သူတို့အား သတ္တိရှိရင် လိုင်းကို ကျော်လာပါဟု ဆိုပါသည်။ အကယ်၍ သူတို့က ကျော်လာခဲ့လျှင် ငါတို့သည် သူတို့ကို ရိုက်ပုတ်လေ၏။

အကယ်၍ ဘုရားသခင်သည် မြေပြင်ပေါ်တွင် လိုင်းရေးဆွဲ၍ ကျော်ဝံ့သူက ကျော်ပါစေဟု စိန်ခေါ်တော်မူပါလျှင်၊ ကျွန်တော်သည် ကိုယ်တော်၏ သားဖြစ်ကြောင်း ကိုယ်တော် ထင်ရှားစေတော်မူခြင်း ဖြစ်ပါသည်။ ကိုယ်တော်သည် ကျွန်တော့်အား ဖြောင့်မတ်စေတော်မူ၏။ ကိုယ်တော်ဟာ ကျွန်တော့်အား ဖြောင့်မတ်ရန်ကြေညာသောသူ ဖြစ်ပါ၏။

စာတန်သည် ထိုလိုင်းကို ကျော်တက်ရန် ရွေးချယ်လာပါက ဘုရားသခင်သည် သူ့ကို ရိုက်ပုတ် တော်မူရန် အဆင်သင့်ဖြစ်နေပါသည်။ ထိုအရာမှာ ယောဘအသက်တာ၌ ဖြစ်ပျက်သောအရာ ဖြစ်ပါသည်။ ယောဘသည် ဘုရားသခင်ကို ကြောက်ရွံ့၍ မကောင်းမှုကို ရှောင်ကြဉ်ခဲ့ပါသည်။ စာတန်က ဘုရားသခင်အား ကိုယ်တော်သည် သူ့ပေါ်၌ ကာကွယ်ပေးခြင်းကို ရုတ်သိမ်းတော်မူလျှင် ယောဘသည် ကိုယ်တော့်အား အစေခံမည် မဟုတ်တော့ပါဟု ဆိုခဲ့ပါသည်။ သို့ရာတွင် ဘုရားသခင်သည် ထိုထက်သာ၍ အစေခံလာမည်ကို သိမြင်တော်မူ၏။

ဘုရားသခင်သည် စာတန်အား ယောဘ၏အသက်တာထဲ၌ လုပ်ပိုင်ခွင့်ကို ပေးတော်မူ၏။ သို့သော်လည်း ယောဘအသက်ကို မထိရဟူသော လိုင်းကို ရေးဆွဲထားခဲ့ပါသည်။ ယောဘကို စုံစမ်းပြုရန် စာတန် အခွင့်ရခဲ့ပါသည်။

ဤအရာမှာ သမ္မာကျမ်းစာဆိုင်ရာ စစ်မှန်သော အပြစ်လွှတ်တော်မူခြင်း၏ ပုံကားချပ် ဖြစ်ပါ၏။ ငါတို့သည် လူသားများအနေဖြင့်၊ လူတစ်ယောက်ကို ခွင့်လွှတ်နိုင်ပါသည်။ သို့သော်လည်း သူတို့ ဘာလုပ်ခဲ့သည်ကို ငါတို့ အောက်မေ့နိုင်ပါသည်။ ထိုသတိရခြင်းမှာ သူတို့အား အနာဂတ်တွင် မည်သို့ ညှဉ်းဆဲမည်အကြောင်းဖြစ်ပါသည်။ သို့သော်လည်း ထိုအရာမှာ စစ်မှန်သော ခွင့်လွှတ်ခြင်း မဟုတ်ပါ။ ခွင့်လွှတ်ခြင်းမှာ ကတိသုံးမျိုးကို ဖြစ်စေပါသည်။ ထိုအရာများကို ပြန်လည်ယူဆောင် လာရန် မိမိကိုယ်ကို အခွင့်မပေးရ။ ထိုအရာကို အခြားသော တစ်စုံတစ်ဦးပေါ်၌လည်း သင်ကိုယ်တိုင် ယူဆောင်လာခြင်း အခွင့်မပြုရ။ ထိုအရာကို သင့်ကိုယ်တိုင်ပေါ်၌ တစ်ဖန် ပြန်၍ ယူဆောင်လာရန် အခွင့်မပေးရပါ။ ထိုအရာမှာ သမ္မာကျမ်းစာ၌ရှိသော အပြစ်လွှတ်ခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ဘုရားသခင်သည် ငါတို့ကို အပြစ်လွှတ်တော်မူသည်ဖြစ်၍ ငါတို့သည်လည်း မိမိတို့ကို ဆန့်ကျင်ပုန်ကန်သောသူတို့အား ခွင့်လွှတ်နိုင်ကြရပါမည်။ အကယ်၍ သင်သည် အခြားသူတို့ကို ခွင့်မလွှတ်နိုင်ပါက၊ သင်သည် ကယ်တင်ခြင်း မရသောကြောင့် ဖြစ်ပါသည်။

အကယ်၍ ငါတို့သည် ကယ်တင်ခြင်းရပါက ကိုယ်တော်သည် ငါတို့၏ အပြစ်များကို ထပ်၍ တစ်ဖန် အောက်မေ့တော်မူလိမ့်မည်မဟုတ်ကြောင်း ဘုရားသခင် မိန့်တော်မူ၏။ သင်သည် ယနေ့ ကယ်တင်ခြင်းရနိုင်၏။ နက်ဖြန်နေ့တွင် ဆုံးရှုံးသွားနိုင်၏ဟု ပြောဆိုသော လူတစ်ယောက်အတွက် ဘုရားသခင်က အောက်မေ့တော်မမူဟု မိန့်တော်မူသောအရာကို ဘုရားသခင် ပြန်လည် အောက်မေ့တော်မူ မည်ဟု ပြောဆိုသောသူ ဖြစ်ပါသည်။

## “အခြားသောသူတို့အား မလုပ်ရဟူ၍ ကိုယ်တော် တားမြစ်သည့်အမှုကို ဘုရားသခင် ပြုတော်မူ၏”

ထာဝရလုံခြုံမှုကို ငြင်းပယ်သော လူတစ်ယောက်အတွက် ဘုရားသခင်သည် အခြားသော သူတို့ မပြုရန် တားမြစ်သောအရာကို မိမိကိုယ်တိုင် လုပ်နိုင်သည်ဟု သဘောတူခြင်း ဖြစ်၏။





## ယုံကြည်သူကို လှုံ့ဆော်ပေးခြင်း

ထာဝရ လုံခြုံမှုသည် ယုံကြည်သူ၏ ဘဝအသက်တာ ထဲ၌ လှုံ့ဆော်ပေးသော မူလအကြောင်းရင်း ဖြစ်လာပါသည်။ အကယ်၍ ကျွန်တော်၏ ဘဝအသက်တာထဲ၌ တစ်ခါတစ်ရံ အပြစ်များစွာကိုပြုနိုင်ပြီး၊ ထိုအပြစ်ကြောင့် ဘုရားသခင်သည် ကျွန်တော့်အား ကိုယ်တော်၏ မိသားစုထဲမှ နှင်ထုတ်တော်မူမည်။ အမွေဖြတ်တောက်စေမည်။ ကျောခိုင်းသွားမည်ကို ကျွန်တော် ယုံကြည်ခဲ့ပါက ကျွန်တော်၏ ခရစ်ယာန် အသက်တာကို အစောပိုင်းကတည်းက စွန့်လွှတ်သွားပြီး ဖြစ်ပါမည်။ ကျွန်တော်သည် လုံးလုံးလျားလျား စိတ်ဓာတ်ကျဆင်းကာ လုံးဝ လက်လျှော့သွားပါမည်။ ကျွန်တော်သည် ဘုရားသခင်ကို ကျောခိုင်းကာ ကိုယ်တော်အား အဝေးသို့ကြွတော်မူပါဟု ပြောဆိုပါမည်။

သို့သော်လည်း ဘုရားသခင်၏ သားသမီး ရှိသမျှအားလုံးတို့၏ ဘဝအသက်တာကို ပြောင်းလဲစေရန် နှိုးဆော်ခြင်းကို ထုတ်ဖော် ပြောဆိုဖို့ ကျွန်တော်သည် ဤနေရာ၌ ရှိနေပါသည်။ ကျွန်တော် ကယ်တင်ခြင်းသို့ ရောက်သောအခါ ကျွန်တော့်အား ဘုရားသခင်၏ မိသားစုထဲသို့ လက်ခံထားရှိပါ၏။ အပြစ်ကျူးလွန်ခြင်းသည် ကျွန်တော့်အား ဘုရားသခင်၏ မိသားစုဝင်ဖြစ်ခြင်းမှ လုံးဝ မနှင်ထုတ်နိုင်ပါ။ ဘယ်တော့မှလည်း ဖယ်ထုတ်နိုင် လိမ့်မည်မဟုတ်ပါ။ အပြစ်သည် ကျွန်တော့်ဘဝ အသက်တာထဲ၌ ထိန်းထားခြင်းရှိသောအချိန်၌ပင်လျှင် “ကျွန်တော်သည် ဘုရားသခင်နှင့် ဆိုင်တော်မူ၏” ဟူ၍ ယုံကြည်စိတ်ချစွာဖြင့် ထုတ်ဖော် ပြောဆိုနိုင်ပါမည်။ ဘုရားသခင်သည် ကျွန်တော့်ကို စွန့်လွှတ်တော်မမူကြောင်း ကျွန်တော်သိပါ၏။

ထာဝရ လုံခြုံမှုက ယုံကြည်သူ၏ ဘဝအသက်တာကို လှုံ့ဆော်ပေးပါသည်။ ငါတို့သည် သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သောအခါ ငါတို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်ကြသည်ကို ငါတို့သိကြပါသည်။ ငါတို့သည် ဘုရားသခင်နှင့် ဆိုင်ကြသည်ကို ငါတို့ သိကြပါ၏။ ငါတို့သည် ကိုယ်တော်၏ သားသမီးများ ဖြစ်ကြသည်နှင့်အညီ ငါတို့သည် ကိုယ်တော်အား ကျေနပ် နှစ်သက်တော်မူစေရန် အသက်ရှင်ကြဖို့ အလို ရှိကြပါမည်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်တော့် အဖနှင့် ဆက်သွယ်မှုအကြောင်းကို

ကျွန်တော် ပြောဆိုခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်အား ချစ်တော်မူ၏။ ကိုယ်တော်သည် ကျွန်တော့်အား မိမိ၏မိသားစုထဲမှ အပြင်သို့ ဘယ်တော့မှ နှင်ထုတ်တော်မူလိမ့်မည် မဟုတ်ပါ။

ကျွန်တော်သည် ထိုအဆိုပြုချက်ကို ရဲဝံ့စွာ ထုတ်ဖော်သောအခါ ထာဝရ လုံခြုံမှုကို မယုံကြည်သောသူတို့က ကျွန်တော့်ကို မကြာခဏ ဆိုသလို အပြစ်လုပ်ဖို့ လိုင်စင်ကို ဖန်တီးထုတ်လုပ်ပေးသည်ဟု ပြစ်တင်ပြောဆိုကြပါသည်။ သို့သော်လည်း သင်သည် တစ်စုံတစ်ယောက်ကို ချစ်သောအခါ၊ သူတို့သည် သင့်ကို အလွန်ချစ်ကြ၍ သင့်ပေါ်၌ ယုံကြည်စိတ်ချကာ သင့်ကို ဂရုစိုက်ကြသည်ကို သင်သိပါသည်။ ထိုအရာမှာ သူတို့၏ မျှော်လင့်ခြင်းထဲ၌ သင်သည် အသက်ရှင်ဖို့ရန် အလိုရှိခြင်းကို သင်၏ စိတ်ဝိညာဉ် အတွင်းပိုင်း၌ တစ်စုံတစ်ရာလုပ်ဆောင်ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ မိသားစု ဒုက္ခရောက်သည်ကို ကျွန်တော်အလိုမရှိပါ။ သို့သော်လည်း ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်တော့် အဖ ဒုက္ခရောက်သည်ကို ကျွန်တော်လုံးဝ အလိုမရှိပါ။ သို့ဖြစ်၍ ကျွန်တော်၏ ဘဝအသက်တာသည် ကိုယ်တော့်အား နှစ်သက်ကျေ နပ်စေရန်သာ အသက်ရှင်သွားရပါလိမ့်မည်။

ငါတို့သည် သမ္မာကျမ်းစာထဲ၌ ထာဝရ လုံခြုံမှုဆိုင်ရာ သွန်သင်ခြင်းကို ကြည့်သောအခါ၊ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်း သို့တိုင်အောင် ဖတ်၍ ဤအကြောင်းအရာ ပေါ်၌ မြောက်များစွာသော ကျမ်းချက်များကို တွေ့ရှိနိုင်ပါသည်။ ဤစာအုပ်ထဲ၌ ငါတို့သည် ထာဝရ လုံခြုံမှုကို ကွဲပြားခြားနားသော ရှုထောင့်လေးမျိုးတို့မှ ကြည့်ကြ ရပါမည်။

ပထမ၊ ထာဝရ လုံခြုံမှုနှင့် စပ်လျဉ်း၍ ခမည်းတော်၏ လုပ်ဆောင်တော်မူချက်ကို ငါတို့ ကြည့်ကြရပါလိမ့်မည်။ ထာဝရလုံခြုံမှု၌ ခမည်းတော်ဘုရားသခင်သည် မည်သည့်အရာကို ပြုတော်မူ ခဲ့ပါသနည်း။

ဒုတိယ၊ ထာဝရလုံခြုံမှုတွင် သားတော်၏ လုပ်ဆောင်တော်မူခြင်းကို ငါတို့ စဉ်းစားဆင်ခြင်ကြရပါလိမ့်မည်။ ထာဝရလုံခြုံမှု၌ ယေရှုခရစ်တော်သည် မည်သည့်အရာကို လုပ်ဆောင်တော်မူပါသနည်း။

တတိယ၊ ထာဝရ လုံခြုံမှု၌ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ငါတို့ ကြည့်ရှုကြရပါလိမ့်မည်။ ထာဝရ လုံခြုံမှုရှိစေရန် သန့်ရှင်းသော





ဤပဋိညာဉ်မှာ သုံးပိုင်းရှိပါသည်။ ပထမ၊ ဘုရားသခင်သည် မိမိပညတ်တော်ကို ယေရှုခရစ် တော်အား ကယ်တင်ရှင်အဖြစ် ယုံကြည်ကိုးစားသော သူတို့၏ စိတ်နှလုံးထဲ၌ ထားတော်မူလိမ့်မည်။ သူသည် တစ်စုံတစ်ဦးအား သက်သေခံခြင်းအမှုကို ပြုသော အခြေအနေ၌ရှိပြီး၊ အဘယ်သို့ ပြောရမည်ကို မသိဘဲ ရှိနေခဲ့ဖူးပါသလား။ တစ်ချိန်တည်းမှာပင် ဘုရားသခင်သည် သမ္မာကျမ်းစာမှ ကျမ်းချက်တစ်ခုကို မှတ်မိစေတော်မူပါမည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောပြောရပါမည်။ သင်သည် အခြေအနေတစ်ခုထဲ၌ ဘုရားသခင်၏ အလိုတော်ကို ပိုင်းခြားသိရှိရန် ကြိုးစားခဲ့ဘူးပါသလား။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျမ်းချက်တစ်ခုကို သင်၏ စိတ်အာရုံထဲသို့ သွင်းလာတော်မူပြီး သင်၏ ဆုံးဖြတ်ချက်ကို ထိရောက်မှုပေးခဲ့ဘူးပါသလား။

ဒုတိယ၊ ဘုရားသခင်သည် မိမိ ပညတ်တော်ကို ယေရှုပေါ်၌ ယုံကြည်သော သူတို့၏ စိတ်နှလုံး များထဲ၌ သွင်းပေးတော်မူပါလိမ့်မည်။ သင်ဘာကို လုပ်သင့်သည်ကို သိရှိပါလျက်နှင့် ထိုအရာကို လုပ်ဆောင်ရန် ဆန္ဒမပါဘဲရှိခဲ့ဘူးပါသလား။ ထိုသို့ဖြစ်ပါက ကူညီမစမှုအတွက် ထာဝရဘုရားကို ဆုတောင်းပါ။ မှန်သောအရာကို သင်လုပ်ဆောင်နိုင်ရန် ကိုယ်တော်သည် သင့်ကို ခွန်အားပေးတော် မူပါမည်။ ကျွန်တော်သည် မှန်ကန်သောအရာကို လုပ်ဆောင်ရန် ဆန္ဒရှိနိုင်ပါသည်။ သို့သော်လည်း ထိုအရာကို လုပ်ဆောင်နိုင်သော အရည်အချင်းမှာ ဘုရားသခင်ထံတော်မှ လာပါသည်။

တတိယ၊ မိမိသားတော်အား ယုံကြည်ကိုးစားသောသူတို့၏အပြစ်များကို အောက်မေ့တော်မူလိမ့်မည်မဟုတ်ကြောင်း ဘုရားသခင် ကတိတော်ရှိပါ၏။ ကိုယ်တော်ကမေ့တော်မူလိမ့်ဟု မိန့်တော်မူခြင်း မဟုတ်ပါ။ ကိုယ်တော်သည် အောက်မေ့တော်မူလိမ့်မည် မဟုတ်ပါ။ ကွဲပြားခြားနားမှုကို သင်သိမြင်ပါသလား။ အကယ်၍ ဘုရားသခင်သည် ကျွန်တော်၏ အပြစ်များကို အောက်မေ့ရန် ကိုယ်တော်တိုင် အခွင့်ပေးတော်မူပါက၊ ထိုအရာကို ကိုယ်တော် ပြုနိုင်ပါ၏။ ကိုယ်တော်သည် ထိုအရာများအားလုံးကို အသေးစိတ်စာရင်း ပြုနိုင်ပါသည်။ ကိုယ်တော်သည် ထိုအရာများအကြောင်း အားလုံးကို သိတော်မူ၏။ ကိုယ်တော်ကိုယ်တိုင် အောက်မေ့ရန် အခွင့်ပြုတော်မူလိမ့်မည် မဟုတ်ပါ။

ယေရှုခရစ်တော်၏ ယဇ် ပူဇော်ခြင်းအားဖြင့် ထာဝရကာလစုံလင်ခြင်းသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း သမ္မာကျမ်းစာက သွန်သင်ထားပါသည်။ သူတို့သည် ဘုရားသခင်၏ အမြင်၌ ကာလအစဉ်စုံလင်ခြင်း ရှိကြပါ၏။ နောက်တစ်ဖန် ဘယ်သောမှ မစုံလင်ခြင်းသို့ ပြန်၍မရောက်နိုင်ပါ။ သင်သည် ခမည်းတော် ဘုရားသခင်၏ ရှေ့တော်၌ ရပ်နေသည်နှင့်အမျှ၊ သင်သည် ကိုယ်တော်၏ အမြင်၌ စုံလင်သောသူ ဖြစ်၍ အခြားမည်သည့်အရာမျှ မဖြစ်နိုင်ပါကြောင်း ထင်ရှားပါသည်။

“ငါသည် အောက်မေ့တော်မူလိမ့်မည် မဟုတ်ဟု ကိုယ်တော်မိန့်တော်မူသော အရာကို ဘုရားသခင် အောက်မေ့တော်မူပါမည်”။

ထာဝရ လုံခြုံမှုကို ငြင်းပယ်သော လူတစ်ယောက် အတွက် ဘုရားသခင်က ငါသည် အောက်မေ့တော်မမူဟု မိန့်တော်မူသောအရာကို ဘုရားသခင် အောက်မေ့တော်မူသည်ဟု သူတို့သဘောတူညီကြခြင်းဖြစ်ပါသည်။

> *“ထိုသို့နှင့်အညီ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ငါတို့အား သက်သေပေးတော်မူသည်မှာ။ နောင်ကာလ အခါ သူတို့၌ ငါပေးသော ပဋိညာဉ် တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ့ပြညတ်တို့ကို သူတို့နှလုံးထဲမှာ ပေးသွင်းမည်။ သူတို့စိတ်ဝိညာဉ်ပေါ်မှာ ရေးထားမည်ဟု အထက်က မိန့်တော်မူပြီးမှ တစ်ဖန်တုံ၊ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်း အမျိုးမျိုးကို ငါ မအောက်မေ့ဘဲ နေမည်ဟု လာသတည်း။ ထိုအပြစ်တို့ကို လွှတ်ပြီးလျှင် နောက်တစ်ဖန် အပြစ်ဖြေသော ပူဇော်သက္ကာကို ပြုစရာအကြောင်းမရှိ။ (ဟေဗြဲ ၁၀း၁၅-၁၈)*

ကိုယ်တော်သည် မိမိလူမျိုးတို့နှင့် ပဋိညာဉ်ပြုမည်ဟု ဘုရားသခင်ကတိတော်ရှိ၏။ ပဋိညာဉ် ဟူသော အဆိုပြုချက်တစ်ခုဖြစ်ပါသည်။ သဘောတူညီချက်လည်း ဖြစ်ပါသည်။ ဘုရားသခင်သည် ပဋိညာဉ်ပြုတော်မူသောအခါ သင်သည် ထိုအရာပေါ်၌ ယုံကြည်စိတ်ချမှုရှိနိုင်ပါသည်။ အဘယ် ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိ၏ နှုတ်ကပတ်တော်ကို အစဉ်အမြဲ စောင့်ထိန်းတော်မူ၏။ ကိုယ်တော်၌ မုသာအလျဉ်းမရှိပါ။





ဝိညာဉ်တော်သည် သင်နှင့်အတူ မည်သို့လုပ်ဆောင်တော်မူပါသနည်း။

နောက်ဆုံး အနေဖြင့် ယုံကြည်သူ၏ ထာဝရ လုံခြုံမှုကို ငြင်းပယ်သော ပုဂ္ဂိုလ်တစ်ပါး၏ အဆိုပြုချက် ခြောက်ခုတို့ကို ငါတို့စဉ်းစား ဆင်ခြင်သွားကြရပါမည်။

*****

# အခန်း (၂)

## ခမည်းတော်၏ လုပ်ဆောင်တော်မူခြင်း

ခမည်းတော်ဘုရားသခင်သည် ထာဝရ လုံခြုံမှု၌ မည်သည့်အရာကို လုပ်ဆောင်တော်မူပါသနည်း။ ငါတို့သည် တစ်ကြိမ် ကယ်တင်ခြင်းသို့ ရောက်သည်နှင့် အစဉ်အမြဲ ကိုယ်တော်၏သား ဖြစ်ကြသည့်အကြောင်းကို ငါတို့အား အာမခံပေးသည့် ခမည်းတော် လုပ်ဆောင်တော်မူသောအရာ သုံးမျိုးရှိပါသည်။ ငါတို့သည် တစ်ကြိမ် ဘုရားသခင်၏ သားဖြစ်လာလျှင် အစဉ်အမြဲ ဘုရားသခင်၏ သားဖြစ်ကြသည်ကို သေချာစိတ်ချနိုင်ပါသည်။

> *“ဘုရားသခင်ကို ချစ်သောသူ တည်းဟူသော ကြံစည်တော်မူ ခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်းသော အရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။ ဘုရားသခင်၏ သားတော်သည် အများသော ညီတို့တွင် သားဦး ဖြစ်တော်မူမည် အကြောင်း၊ ဘုရားသခင်သည် ရွေးမဆွက သိတော်မူသောသူတို့ကို သားတော်၏ ပုံသဏ္ဌာန်နှင့် တညီတည်း ဖြစ်စေခြင်းငှါ ရွေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။ ထိုသို့ ခွဲခန့်မှတ်သားနှင့် သော သူတို့ကိုလည်း ဖြောင့်မတ်ရာ၌ တည်စေတော်မူ၏။ ထိုသို့ တည်စေတော်မူသော သူတို့ကိုလည်း ချီးမြှောက်တော်မူ၏။”*
>
> *(ရောမ ၈း၂၈-၃၀)*

# ခရစ်တော် ကဲ့သို့ဖြစ်ရန် ရှေးမဆွက ခွဲခန့် မှတ်သားတော်မူခြင်း

ဘုရားသခင်၏ အကြံအစည်တော်ထဲ၌ပါဝင်ခဲ့သည့် ပထမ အဦးဆုံးသောအရာမှာ ငါတို့သည် ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခြင်းဖြစ်ပါသည်။ ဤအရာမှာ မြောက်များစွာသော သူတို့က သုံးနှုန်းရန် သုံးစွဲရန် ကြောက်ရွံ့နေကြသော ဝေါဟာရစကားလုံးတစ်ခုဖြစ်ပါသည်။ သို့သော်လည်း ထိုအရာကို ကျွန်တော်၏ သမ္မာကျမ်းစာ ထဲ၌ ရေးသားထားပါသည်။ ထို့ကြောင့် ငါတို့သည် ထိုအရာကို နားလည်သဘောပေါက်ဖို့ လိုအပ်ပါသည်။ ထို့ကြောင့် ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခြင်းကို တစ်ချို့သောလူတို့က ကြောက်ရွံ့ ထိတ်လန့်ရသည့် အကြောင်းရင်းမှာ ရှေးမဆွက ခွဲခန့်မှတ်သား ထားတော်မူခြင်းအကြောင်းကို သမ္မာကျမ်းစာထဲ၌ ဧကန်အမှန် အဘယ်သို့ပြောဆိုနေသည်ကို လေ့လာရန် အချိန် မပေးနိုင်ကြသောကြောင့် ဖြစ်ပါသည်။ ရှေးမဆွက ခွဲခန့်မှတ်သားထားတော်မူခြင်းကို တစ်ချို့သော လူတို့၏ စိတ်ကူး အကြံဉာဏ်အားဖြင့် မဟုတ်ဘဲ ဘုရားသခင် အဘယ်သို့ ဆိုလိုသည်ကို တွေ့ရှိဖို့ရန် သူတို့လိုအပ်နေပါသည်။

"ရှေးမဆွက ခွဲခန့်မှတ်သားသည်" ဟူသော ဝေါဟာရ စကားလုံးမှာ မြေတိုင်းခြင်းအတတ်ပညာ တူရိယာများနှင့် ထွက်သွား၍ လယ်မြေကို ကြည့်ရှုစစ်ဆေးကာ အမှတ်ရေးမှတ်သူများအားလုံးသည် မြေပြင်ပေါ်ဝယ် ထိုင်ချလျက်၊ လယ်ယာမြေနယ်နိမိတ်များကို သတ်မှတ်တည်ထောင်သော မြေတိုင်းစာရေးကို ပုံဆောင်သည့် ဝေါဟာရ စကားလုံးဖြစ်ပါသည်။ "ရှေးမဆွက ခွဲခန့်မှတ်သားသည် ရှေးမဆွက သိတော်မူသည့် *predestinate* " ဟူသော ဝေါဟာရစကားလုံးကို ဘုရားသခင် အသုံးပြုတော်မူသောအခါ ကိုယ်တော်က "ငါသည်သင့်ကို သည့်အရင်မှတ်သားတော်မူခဲ့ပြီ၊ သင်၏ ဘဝအသက်တာ၏ နယ်နိမိတ်များကို ငါတည်စေတော်မူပြီ" ဟု ပြောဆိုခြင်းဖြစ်ပါသည်။

လူတို့သည် ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခြင်းနှင့် ဘုရားသခင်၏ ရွေးကောက်တော်မူခြင်းကို ကယ်တင်ခြင်း အတွေ့အကြုံ၏ အစ ကနဦး၌ထားရှိရန်ကြိုးစားကြသောအခါ ရှုပ်ထွေးလာကြ၍ မှားယွင်းသော ဩဝါဒများကို ပုံဖော်လာခဲ့ကြပါသည်။ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခြင်းမှာ ကယ်တင်





ငါတို့သည် သခင်ဘုရား၏ ပွဲတော်မင်္ဂလာကို တစေးမပါသော မုန့်နှင့် စပျစ်ရည်ဖြင့် လုပ်ဆောင်သောအခါ၊ ယေရှုသည် တစ်ကြိမ်သာ အသေခံတော်မူ၏ ဟူ၍ ငါတို့ပြောဆိုခြင်း ဖြစ်ပါသည်။ ကိုယ်တော်၏ ကိုယ်ခန္ဓာသည် ငါတို့အတွက် တစ်ကြိမ်ချိုးဖဲ့တော်မူခြင်းခံရပါ၏။ အသွေးတော်သည်လည်း တစ်ကြိမ်သွန်းလောင်းတော်မူ၏။ သို့ဖြစ်၍ ငါတို့သည် ကယ်တင်ခြင်းသို့ ရောက်ရှိခဲ့ ကြပါသည်။ ငါတို့သည် သခင်ဘုရား၏ ပွဲတော်မင်္ဂလာကို ခံယူကြသည်တွင် ကာသိုလစ်များက ထိုအရာသည် သခင်ယေရှုခရစ်တော်၏ အသားစစ်စစ်နှင့် အသွေးစစ်စစ် ဖြစ်လာသည်ဟု ယုံကြည်ကြသကဲ့သို့ ငါတို့မယုံကြည်ကြပါ။ အကယ်၍ ကာသိုလစ်များ ယုံကြည်သကဲ့သို့ ဖြစ်လာ ပါက ယေရှုသည် အကြိမ်ကြိမ်အဖန်ဖန် အသေခံတော်မူပါဦးမည်ဖြစ်၏။ ထိုသွန်သင်ခြင်းပါ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် တိုက်ရိုက်လွဲမှားနေပါသည်။

ယေရှုခရစ်တော်၏ ယဇ်ပူဇော်ခြင်းမှာ ငါတို့သည် ကာလအစဉ်အမြဲ စုံလင်ခြင်းသို့ ရောက်စေ ပါသည်။ ငါတို့သည် ယေရှုခရစ်တော်၏ စုံလင်ခြင်းသို့မဟုတ် ပြည့်စုံခြင်းသို့ ရောက်ပြီး ဖြစ်ပါသည်။ ဘုရားသခင်သည် ငါတို့ကို ကြည့်သောအခါ၊ ကိုယ်တော်သည် ငါတို့အား တစ်ပိုင်းတစ်စသာ ကယ်တင်ခြင်းသို့ ရောက်သောသူ သို့မဟုတ် ကယ်တင်ခြင်း ရလုနီးဖြစ်သောသူအဖြစ် မြင်တော်မမူပါ။ သို့သော်လည်း စုံလင်ခြင်းသို့ရောက်သောသူအဖြစ် မြင်တော်မူ၏။ ငါတို့သည် ကာလအစဉ်အမြဲ စုံလင်ခြင်းသို့ ရောက်ပြီးဖြစ်ကြောင်း ကျမ်းချက်က ဆိုထားပါသည်။ ငါတို့၏ စုံလင်ခြင်းမှာ ထာဝရကာလတိုင်အောင် ရှိနေမည်ဖြစ်၏။

အကယ်၍ ကျွန်တော်သည် တစ်နေ့တွင် ကယ်တင်ခြင်းရ၍၊ နောက်တစ်နေ့တွင် ဆုံးရှုံးသွားနိုင်ပါက ကျွန်တော်သည် စုံလင်ခြင်းမှ မစုံလင်ခြင်းသို့သွားသည်ဟု ဆိုလိုပါသည်။ အကယ်၍ သမ္မာကျမ်းစာက ကျွန်တော်သည် ထာဝရကာလတိုင်အောင် စုံလင်ခြင်းသို့ ရောက်ပြီးပြီဟု ဆိုပါက ကျွန်တော်သည် အဘယ်သို့သောအားဖြင့် မစုံလင်ခြင်းသို့ ပြန်လည်ရောက်သွားနိုင်ပါမည်နည်း။

လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ရောက်သောအခါ သူတို့သည်

ထိုလူမှာ တစ်ဖန်ပြန်၍ ညစ်ပတ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ဖြူစင်ပြီးဖြစ်သော အပြစ်အတွက် တစ်နည်းနည်းဖြင့် သူ၏အသက် တာထဲ၌ ပြန်လည်ထားရှိခြင်းသာ ဖြစ်ပါသည်။ ထိုသူဟာ ပြန်လည်၍ မဖြူစင်စေရန် စာတန် ထည့်ထားသောအပြစ်များသာ ဖြစ်ပါသည်။ အကယ်၍ သင်သည် အညစ်အကြေးများမှ ဖြူစင်ပြီး ဖြစ်ပါက ထိုအညစ်အကြေးများအားဖြင့် တစ်ဖန် ပြန်၍ ညစ်ပတ်သောနည်းလမ်းမရှိပါ။

ယေရှုခရစ်တော်သည် ငါတို့အပြစ်အားလုံးကို ဖြူစင်စေတော်မူခဲ့ပြီး ဖြစ်ပါသည်။ ထိုအပြစ်များကို ငါတို့ပေါ်၌ ပြန်၍ မတင်နိုင်တော့ပါ။ ယေရှုခရစ်တော် အသေခံတော်မူခြင်း၌ မပါဝင်သော မည်သည့် အပြစ်မှ ကျွန်တော့် ဘဝ၌ မရှိခဲ့ဘူးပါ။ နောင်လည်း ရှိလိမ့်မည်ဟုတ်ပါ။ သို့ဖြစ်သောကြောင့် အကယ်၍ ကိုယ်တော်သည် ကျွန်တော့်အား ထိုအပြစ်များအားလုံးတို့မှ ကျွန်တော့်ကို ဖြူစင်စေတော်မူလျှင်၊ ကျွန်တော်သည် မဖြူစင်ခြင်းသို့ မရောက်သွားနိုင်ပါ။ ထိုအပြစ်များကို ကျွန်တော့်ပေါ်သို့ ပြန်၍ မတင်ထားနိုင်ပါ။

"ထာဝရစုံလင်ခြင်းသို့ ရောက်သော သူတစ်ယောက်သည် မစုံလင်ခြင်းသို့ ပြန်လည်ရောက်ရှိ ခြင်းမှာ ဖြစ်နိုင်ပါသည်"

ထာဝရ လုံခြုံမှုကို ငြင်းပယ်သော လူတစ်ယောက် အတွက် ထာဝရစုံလင်ခြင်းသို့ရောက်သောလူ တစ်ယောက် တစ်ဖန်ပြန်လည်၍ မစုံလင်ခြင်းသို့ ရောက်နိုင်သည်ကို သဘောတူကြပါသည်။

*"အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည်*
*ထာဝရစုံလင် ခြင်းအကျိုးကို ရစေခြင်းငှါ၊ တစ်ခါတည်း*
*ပူဇော်ခြင်းအားဖြင့် ပြုတော်မူ၏။" (ဟေဗြဲ ၁၀း၁၄)*

ခရစ်တော်သည် မိမိကိုယ်တိုင်အားဖြင့် လက်ဝါးကပ်တိုင်ပေါ်၌ ယဇ်ပူဇော်ခြင်းဖြင့် ငါတို့ကို စုံလင်စေတော်မူခဲ့ပါ၏။ ကိုယ်တော်သည် ငါတို့အပြစ်များလွှတ်ဖို့ရန် ယဇ်ပူဇော်ခြင်းတစ်ခုကိုသာ ပြုတော်မူခဲ့ပါသည်။ ထိုတစ်ကြိမ်သော ယဇ်ပူဇော်ခြင်းသည် လိုအပ်မှုအားလုံးကို ပြည့်စုံစေတော်မူပြီးဖြစ်၍ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အကြိမ်ကြိမ် အသေခံတော်မူရန် မလိုတော့ပါကြောင်း သမ္မာကျမ်းစာ၌ ရှင်းလင်းစွာ ဖော်ပြထားပါသည်။





ခြင်း၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ထိုအရာမှာ သင် ကယ်တင်ခြင်းသို့ ရောက်ရှိပြီး နောက်ပိုင်း၌သာ သင်၏အသက်တာထဲ၌ နောက်ဆုံး ဘုရားသခင် လုပ်ဆောင်တော်မူသော အရာဖြစ်ပြီး၊ သင့်အား ဘုရားသခင်၏ ပုံသဏ္ဌာန်တော် ထဲ၌ ဖန်ဆင်းတော်မူသော သူ၏ ပုံသဏ္ဌာန်တော်နှင့် တူအောင် အထူးပြုပြင်၍ မှတ်သားထားခြင်း ဖြစ်ပါသည်။

ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခဲ့သော သူတို့မှာ ဘုရားသခင်အားဖြင့် ရှေးမဆွက သိရှိထားနှင့်ပြီးသော သူများဖြစ်ကြပါသည်။ ကုန်လွန်ခဲ့သော ထာဝရကာလ၌ ဘုရားသခင်သည် ဤလောကကြီးကို ဖန်ဆင်းတော်မူခြင်းမရှိမှီ အနာဂတ်ကို ကြည့်မြင်ခြင်းငှါ တတ်စွမ်းနိုင်တော်မူ၍ သူတို့ထံသို့ ကယ်တင်ခြင်း၏ ဧဝံဂေလိတရားတော်ကို ဝေငှ ဟောပြောသောအခါ ယေရှုခရစ်တော်ကို မိမိတို့၏ ကယ်တင်ရှင်အဖြစ် မည်သူတို့က ယုံကြည် လက်ခံကြမည်ကို ကိုယ်တော်သည် သိမြင်နိုင်တော်မူခဲ့ပါသည်။ ကြိုတင်၍ သိမြင်တော်မူခြင်း၏ အခြေခံပေါ်၌ ကိုယ်တော်သည် ခရစ်တော်ကို မိမိတို့၏ ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံလာကြမည့် ယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ် ရှိသမျှ အားလုံးတို့၏ အသက်တာများကို ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထိုသူတို့၏ ဘဝအသက်တာများကို ကြိုတင်၍ မှတ်သားတော်မူခဲ့ပါသည်။ ထို့ကြောင့် သူတို့မှာ ဘုရားသခင်၏ ပုံသဏ္ဌာန်တော် ထဲသို့ အသစ်တစ်ဖန် ပြုပြင်ခြင်းသို့ ရောက်ရှိခဲ့ကြပါသည်။

ဤအရာသည် ထာဝရလုံခြုံမှု၌ အဘယ်သို့ လုပ်ဆောင်ပါသနည်း။ ခပ်သိမ်းသောအရာကို လုပ်ဆောင်ပါသည်။ ခရစ်တော်ကို မိမိတို့၏ ကယ်တင်ရှင်အဖြစ် ယုံကြည် လက်ခံမည့် သူတို့ကို ဘုရားသခင်သည် ရှေးမဆွက သိမြင်တော်မူခဲ့ပါသည်။ ထိုသူတို့မှာ ကိုယ်တော်က ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခဲ့သောသူများ ဖြစ်ကြပါသည်။ ကိုယ်တော်၌ အကြံအစည် တော်ရှိပါမည်။ ထိုအကြံအစည်နှင့် စီမံကိန်းမှာ ထိုသူတို့၏ ဘဝအသက်တာ ပြီးပြည့်စုံသောအခါ ယေရှုခရစ်တော်၏ ပုံသဏ္ဌာန်တော် ကဲ့သို့ ဘုရားသခင် ရှေ့၌ ပေါ်ထွန်းလာကြပါလိမ့်မည် ဖြစ်၏။

ဘုရားသခင်သည် ကယ်တင်ခြင်းသို့ ရောက်ရှိခဲ့ပြီးသော ပုဂ္ဂိုလ်

ရှိသမျှတို့ကို အာမခံထားခဲ့ပါသည်။ သို့ဖြစ်၍ သူတို့သည် နောက်ဆုံးတွင် ယေရှုခရစ်တော် ကဲ့သို့ ဖြစ်ကြပါလိမ့်မည်။ ငါတို့၏ အနန္တတန်ခိုးရှင် ဘုရားသခင် ကိုယ်တော်တိုင်ထံမှ အာမခံချက်ကို ရရှိထားကြပါသည်။ သို့ဖြစ်၍ ကိုယ်တော်သည် ငါတို့၏ ဘဝအသက်တာကို ဤရည်ရွယ်ချက်အတွက် ထားရှိတော်မူပါသည်။ ကိုယ်တော်၏ အကြံအစည်နှင့် ရည်ရွယ်ချက်မှာ ပျက်ပြားသွား လိမ့်မည် မဟုတ်ပါ။ ထိုအရာမှာ ခေတ္တခဏတွင် ငါတို့၏ ပုန်ကန်မှုကြောင့် ဘေး၌ချထားခြင်း သို့မဟုတ် ကျဆင်းခြင်းရှိနိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်သည် ငါတို့အား သခင်ယေရှုခရစ်တော်၏ ပုံသဏ္ဍာန်တော်ထဲသို့ ညီညွတ်စေရန် မိမိအကြံအစည်တော်အတိုင်း လိုက်ပါသွားစေပါလိမ့်မည်။

လူသည် မိမိရွေးချယ်သည့်အတိုင်း စီမံကိန်းများကို လုပ်နိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်သည် ထိုအရာကို ပြည့်စုံစေရန်အခွင့် ပေးတော်မမူလျှင် လူ၏စီမံကိန်းများသည် ပြည့်စုံလာလိမ့်မည် မဟုတ်ပါ။ ဘုရားသခင်သည် သင်၏ ဘဝအသက်တာနှင့် ကျွန်တော့် ဘဝအသက်တာ၌ ကိုယ်တော်၏ ရည်ရွယ်ချက်မှာ ငါတို့သည် ကိုယ်တော်အား ရိုသေလေးမြတ်ခြင်း၊ ချီးမွမ်းခြင်းနှင့် ဘုန်းတော်ထင်ရှားစေခြင်းကို ယူဆောင်လာကြရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ငါတို့အား ယေရှု ခရစ်တော်၏ ပုံသဏ္ဍာန်နှင့် တူညီစေရန် ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခဲ့ပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်အရ ထာဝရလုံခြုံမှုသည် အာမခံချက်ရှိသော ဩဝါဒတစ်ခု ဖြစ်ပါသလား။ လုံးဝဥဿုံဟုတ်မှန်ပါသည်။ အကယ်၍ သင်က မဟုတ်မှန်ဟု ဆိုပါလျှင် ဘုရားသခင်သည် တစ်ချို့သောလူတို့အား ခရစ်တော်၏ ပုံသဏ္ဍာန်ကဲ့သို့ တူညီခြင်း မရှိဘဲ ကောင်းကင်၌ ထာဝရ ရှိနေကြရန် ရှေးမဆွက ခွဲခန့်မှတ်သားခဲ့ပါသည်ဟု ပြောဆိုခြင်းသာဖြစ်ပါမည်။

> *"ငါတို့သည် ဘုရားသခင့် ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျက်၊ အပြစ် ကင်းလွတ်လျက်ဖြစ်မည်အကြောင်း၊ ဤကမ္ဘာ မတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ ရွေးကောက် တော်မူသည်နှင့် အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သော*





စေတော်မူ၏။ အပြည့်အဝဆေးကြောတော်မူ၏ ဟူ၍ ဤကျမ်းချက်က ဆိုထားပါသည်။ ဥပမာ - လူတစ်ယောက်သည် ပန်းကန်များကို ဆေးကြောသကဲ့သို့ ပုံဖော်ရပါလျှင် စားကြွင်းစားကျန်များပေနေသော ညစ်ပတ်သည့် ပန်းကန်များသည် ပုပ်ဆော်နံစေနိုင်ပါ သည်။ ထိုပန်းကန် များမှာ အမဲဆီများဖြင့် စေးကပ်လျက် ချွဲချွဲပျစ်ပျစ်ရှိနေပါမည်။ တစ်စုံတစ်ဦးသည် ထိုပန်းကန်များကို ပူသော၊ ဆပ်ပြာရည်မြှုပ်ရေထဲသို့ နှစ်ကာ ဆေးကြောပါမည်။ ထိုပန်းကန်များကို တစ်ကြိမ် ကြေးချွတ် ပွတ်တိုက်ပါက လုံးလုံးလျားလျား သန့်ရှင်းသွားပြီး အသုံးပြုရန် အဆင်သင့် ဖြစ်သွားပါမည်။

> *"ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို့၊ ငါတို့သည် အလင်း၌ ကျင်လည်လျှင်၊ အချင်းချင်း မိဿဟာယဖွဲ့ခြင်းရှိကြသည် ဖြစ်၍၊ ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည်၊ ငါတို့ အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။" (၁ ယော ၁း၇)*

ယေရှုခရစ်တော်သည် လွန်ခဲ့သော နှစ် ၂၀၀၀ ခန့်က အသေခံတော်မူသောအခါ၊ ကျွန်တော် အသက်တာ၌ ရှိသမျှသော အရာခပ်သိမ်းတို့မှာ အနာဂတ်၌ ရှိပါသေး၏။ ကိုယ်တော်သည် ဤအချိန်၌ ကျွန်တော် လွန်ကျူးမည့်အပြစ်များ အပါအဝင် ကျွန်တော်အပြစ်ရှိသမျှအားလုံးအတွက် အခကို ပေးဆပ်ပြီး ဖြစ်ပါသည်။ ကျွန်တော်သေသော နေ့တိုင်အောင် ကျွန်တော် ကျူးလွန်မည့် အပြစ်များအားလုံးအတွက်ပါ ကိုယ်တော်ပေးဆပ်တော်မူခဲ့ပြီး ဖြစ်ပါသည်။ ကျွန်တော်သည် ကိုယ်တော်အား မိမိကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောအခါ ကျွန်တော့်အပြစ်ရှိသမျှအားလုံးကို သခင်ယေရှုခရစ်တော်၏ အသွေးထဲ၌ နှစ်ထားလေသည်။ ကိုယ်တော်သည် ကျွန်တော့်အား ထိုအပြစ်များမှ ဆေးကြောတော်မူသောအခါ၊ ကျွန်တော်သည် သန့်ရှင်းခြင်းသို့ တစ်ကြိမ်တည်းဖြင့် ထာဝရတိုင်အောင် သန့်ရှင်းခြင်းသို့ ရောက်ရှိသွားပြီး ဖြစ်ပါသည်။ ကျွန်တော်သည် သခင်ယေရှု ခရစ်တော်၏ အသွေးတော်အားဖြင့် ဖြူစင်ခြင်း၊ သန့်ရှင်းခြင်းသို့ ရောက်ရှိခဲ့ပါသည်။

သို့ဖြစ်၍ လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ ရောက်ခဲ့ပြီးသော အချိန်မှစ၍ အပြစ် အားလုံးတို့မှ သန့်ရှင်းခြင်းသို့ရောက်ရှိသွားပြီးဖြစ်ပါသည်။

ဝိညာဉ်တော်၏ လုပ်ဆောင်တော်မူခြင်း ဖြစ်ကြောင်း နှုတ်ကပတ်တော်ထဲ၌ ငါတို့မြင်ခဲ့ကြရပြီး ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်သောသူ မည်သူကမျှ ထိုအရာကို မငြင်းပယ်နိုင်ကြောင်း ကျွန်တော်ယုံကြည်ပါသည်။ သင်သည် ထာဝရ လုံခြုံမှုကို ယုံကြည်၍ သဘောတူညီရန် ရယ်ဖွယ်ကောင်း၍ မဖြစ်နိုင်သော အဆိုပြုချက် ခြောက်ခုတို့ကို သင်တို့အား အာရုံပြုစေလို ပါသည်။

"မိမိအပြစ်များမှ စင်ကြယ်ခြင်းသို့ရောက်သောသူသည် မဖြူစင်ခြင်းသို့ ရောက်ရန်မှာ ဖြစ်နိုင်၏"။

> *"ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဘုရားသခင် အဖြစ်တော်၏ ထပ်တူပုံသဏ္ဌာန်ဖြစ်၍၊ တန်ခိုးနှင့် ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို တည်ရှိ တည်တံ့စေသူဖြစ်လျက်၊ ငါတို့ အပြစ်များကို ကိုယ်တော်တိုင် သုတ်သင်ပယ်ရှင်းပြီးလျှင်၊ မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ျာဘက်၌ ထိုင်တော်မူ၏။" (ဟေဗြဲ ၁း၃)*

ထာဝရ လုံခြုံမှုကို ငြင်းပယ်သော လူတစ်ယောက်အတွက် မိမိအပြစ်မှ ဖြူစင်ခြင်းသို့ ရောက်သော သူသည် မဖြူစင်ဖြစ်နိုင်ပြန်ပါမည်ဟု သဘောတူသောသူ ဖြစ်ပါသည်။

သခင်ယေရှုခရစ်တော်သည် မိမိကိုယ်တော်တိုင်အားဖြင့် ငါတို့၏ အပြစ်များကို ဖြူစင်စေ တော်မူကြောင်း သမ္မာကျမ်းစာက ကျွန်တော့်ကို ပြောပြထားပါသည်။ ကိုယ်တော်သည် ငါတို့၏ အကူအညီကို အလိုမရှိပါ။ ကိုယ်တော်သည် ယဇ်ပုရောဟိတ်တစ်ပါး၏ အကူအညီ သို့မဟုတ် ပွဲတော်မင်္ဂလာရေ သို့မဟုတ် အသင်းတော် သို့မဟုတ် ဗတ္တိဇံမင်္ဂလာပေးသောရေစသည်တို့ကို မလိုပါ။ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်အားဖြင့် ငါတို့၏ အပြစ်များကို ဖြူစင်စေတော်မူပါ၏။

"*ဖြူစင်*"ဟူသော ဝေါဟာရစကားလုံးသည် လုံးလုံးလျားလျား အပြည့်အဝ သန့်ရှင်း စင်ကြယ်သည်၊ အကုန်အစင်ဆေးကြောသည်ဟု ဆိုလိုပါသည်။ ယေရှုသည် ငါတို့၏ အပြစ်များကို လုံးလုံးလျားလျား သန့်ရှင်းစင်ကြယ်





> *အရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့ သခင်ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း " (ဧဖက် ၁း၃-၄)*

ငါတို့သည် ခရစ်တော်၏ ပုံသဏ္ဌာန်တော်ထဲ၌ရှိနေစေရန် ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခဲ့ပါသည်။ ငါတို့ကို ရွေးကောက်တော်မူသောသူသည် ငါတို့အား သန့်ရှင်လျှက် အပြစ်အနာ အဆာနှင့် ကင်းမဲ့စေတော် မူပါ၏။ သင်နှင့် ကျွန်တော့်အတွက် ဘုရားသခင်၏ အကြံအစည်တော်နှင့် ရည်ရွယ်ချက်မှာ ယေရှုခရစ်တော် ကဲ့သို့ ဖြစ်ကြရန်ဖြစ်ပါသည်။ တစ်နေ့သောအခါ အပြစ်၏ ရုန့်ကြမ်းညစ်ညမ်းခြင်းသည် အဝေးသို့ လွင့်သွားပါ လိမ့်မည်။ ငါတို့သည် မီးအားဖြင့် သန့်စင်စေလျှက် ပေါ်လာကြပါလိမ့်မည်။ ထိုအရာမှာ သင်၏အသက်တာ နှင့် ကျွန်တော်၏ အသက်တာအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်ဖြစ်ပါသည်။

## ချစ်ခင်မြတ်နိုးသောသူအဖြစ် လက်ခံတော်မူခြင်း

> *"ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့် ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှါ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကို ရမည်အကြောင်း၊ အလိုတော်ရှိသော စေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။ "*
>
> *(ဧဖက် ၁း၅-၆)*

ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ငါတို့အား ရှေးမဆွက ခွဲခန့်မှတ်သားတော်မူခြင်း တစ်ခုသာ မဟုတ်ပါ။ ငါတို့သည် ချစ်ခင်မြတ်နိုးသော သူကဲ့သို့ လက်ခံတော်မူရန် ရည်ရွယ်ချက်ရှိတော်မူပါ၏။ ပုံဖော်ရသော်၊ စာအိတ်တစ်ခုတွင် အထဲ၌ စာပါရှိပြီး၊ အပြင်၌ လိပ်စာပါရှိသည်။ စာမှာ တံဆိပ်ကပ်၍ စာတိုက်ပုံးထဲသို့ ထည့်ရပါသည်။ ထိုစာမှာ စာတိုက်ရုံးသို့ ယူသွားပြီး၊ လိပ်စာ

ပါသည့်အတိုင်း စာတိုက်ရုံးမှ တစ်ဆင့် ဖြန့်ဝေပေးခဲ့ပါသည်။ ထိုသူမှာ မှန်ကန်သော လိပ်စာ အတိုင်းဝေပေးသော စာပို့သမားဖြစ်ပါသည်။ သင်သည် စာကို လက်ခံရရှိ သောအခါ စာအိတ်ကို ဖွင့်၍ အထဲမှစာကို ဖတ်ရပါသည်။

စာပို့သမားသည် စာအိတ်ထဲ၌ ရှိသောစာကို စိတ်ဝင်စားခြင်း မရှိပါ။ စာအိတ်ပေါ်၌ လိပ်စာအပြည့်အစုံ ပါသလား၊ တံဆိပ်ခေါင်း ကပ်ထားပါ သလားစသည်ကိုသာ ကြည့်နေပါသည်။ စာပို့သမားသည် စာအိတ်ထဲ၌ စာပါ သည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထိုစာကို ဖြန့်ဝေပေးရပါသည်။ ထိုအရာသည် သူ့အတွက်ခြားနားမှုမရှိပါ။

တစ်နေ့ဖြင့် *Doug Hammett* သည် ဤဘဝမှ နောက်ဘဝသို့ ကူးပြောင်းသွားရပါမည်။ သို့သော်လည်း ဘုရားသခင်သည် သူ၏ ဘောနအအ ကို ကြည့်ရှုတော်မူသည်မဟုတ်ပါ။ အကယ်စင်စစ်၊ အကယ်၍ ဘုရားသခင် သည် သင်နှင့် ကျွန်တော့်၌ရှိသည်အတိုင်းသာ ကြည့်ရှုတော်မူပါလျှင် "သင်ဟာ ညစ်ညမ်းပါတယ်။ ငါ့ထံမှ ထွက်သွားလော့" ဟူ၍ ဘုရားသခင် မိန့်တော်မူ ပါမည်။ သို့သော်လည်း ဘုရားသခင်သည် *Doug Hammett* ကို ယူသွား၍ သခင် ယေရှုခရစ်တော်၏ စာအိတ်ထဲသို့ ထည့်ထားပါသည်။ ကျွန်တော်သည် ကောင်းကင်တံခါးဝသို့ ရောက်သောအခါ၊ သခင်ယေရှုခရစ်တော်နှင့် ကာရာနီ တောင်ကုန်းပေါ်တွင် ကိုယ်တော်၏ အသေခံတော်မူ ခြင်းတည်းဟူသော စာအိတ်ကို ဘုရားသခင် ကြည့်တော်မူလျှက်၊ "*Doug Hammett*, သင့်ကို လက်ခံတော်မူခဲ့ပြီ။ အဘယ်ကြောင့်ဆိုသော် သင်ဟာ စာအိတ်ထဲမှာ ရှိနေပြီးဖြစ်ပါ၏" ဟူ၍ မိန့်တော်မူပါမည်။

ကျွန်တော်၏ ကယ်တင်ခြင်းမှာ ကျွန်တော်ဟာ အဘယ်ကဲ့သို့သောသူ ဖြစ်သည် သို့မဟုတ် ကျွန်တော်က ဘာတွေ လုပ်ခဲ့သည်ဟူသော အရာပေါ်၌ မူတည်ခြင်းမရှိပါ။ ကျွန်တော်သည် ဘုရားသခင်နှင့် သွားလာ၍ စုံလင်သော ဖြစ်သောကြောင့် သို့မဟုတ် မကောင်းသော အမှုအရာတို့မှ မိမိကိုယ်ကို ထိန်းသိမ်းထား၍ ကျွန်တော် ကယ်တင်ခြင်းသို့ ရောက်ရှိခဲ့ခြင်း မဟုတ်ပါ။ ယေရှုခရစ် တော်သွန်းတော်မူသော အသွေးတော်ပေါ်၌ အခြေခံလျက်၊ ကျွန်တော့်အား ကောင်းကင် နိုင်ငံတော်ထဲသို့ လက်ခံရန် ဘုရားသခင်သည် အကြံအစည်တော်နှင့် ရည်ရွယ်ချက်ရှိခဲ့ပါသည်။ ခရစ်တော်၏ လုပ်ဆောင်





သော်၊ ထိုအရာ သည် ဘုရားသခင်ကို ငါတို့၏ ကယ်တင်ခြင်းအလယ်ဗဟိုနှင့် ငါတို့ဘဝအသက်ရှင် သွားလာ မှု၏ ဗဟို၌ထားရှိပါသည်။ ဘုရားသခင်သည် အာရုံစိုက်ရာအချက် ဖြစ်လာပါသည်။ အဘယ်ကြောင့် ဆိုသော် ကိုယ်တော် သည်သာလျှင် ငါတို့အား ကယ်တင်ခြင်းကို ပေးနိုင်သောသူဖြစ်တော်မူ၏။ ကိုယ်တော်သည်သာလျှင် ငါတို့ကယ်တင်ခြင်းရရှိပြီးနောက်ပိုင်း၌ ကျေနပ် စေရန် ဆန္ဒရှိသောသူသာ ဖြစ်တော်မူ၏။

*"ကရုဏာတော်နှင့် သစ္စာတော်ကြောင့် နာမတော်ကို ချီးမွမ်းပါမည်။" (ဆာလံ ၁၃၈း၂)*

ဘုရားသခင်သည် နှုတ်ကပတ်တော်ထဲ၌ မည်သို့ ရေးသားထား တော်မူသည့် အပေါ်၌ မိမိ ကိုယ်တော် တိုင်ပြုလုပ်သောသူ ဖြစ်စေတော် မူခဲ့ပါသည်။ လူတစ်ယောက်သည် ကယ်တင်ခြင်း ရဖို့ရန်အတွက် ဘုရား သခင်ထံတော်သို့လာသောအခါ၊ နှုတ်ကပတ်တော်ကို နာခံရမည်ဟူသော သဘောထားနှင့် လာရပါမည်။ မည်သို့ဆိုစေ၊ နေ့စဉ် အသက်တာ၌ ဘုရား သခင်လက်တော်သို့ အပ်နှံရန် အလိုမရှိသော ခရစ်ယာန်တစ်ချို့ ရှိနေပါသည်။ သူတို့ နားထောင်ရမည် သို့မဟုတ် မနာခံ ရမည်ပေါ်၌ သူတို့ကန်ကျောက်လျက် ခိုက်ရန်ပြုမူကြပါသည်။ သူတို့သည် မိမိတို့၏ ကိုယ်ပိုင် ခံစားချက်နောက် ကိုသာ လိုက်သွားကြပါသည်။ သူတို့သည် မိမိတို့ဖာသာ လုပ်ဆောင်နေကြ ပါသည်။ သို့သော်လည်း ဧကန်အမှတ် ဆက်ကပ်အပ်နှံသော ဘုရားသခင်၏ သားတို့၌ နာခံသောသဘော ထားရှိကြပါမည်။

ငါတို့သည် နှုတ်ကပတ်တော်ကို နာခံကြရမည်ဟု ဘုရားသခင် မိန့်တော်မူသော အခါ၊ မိမိ ကိုယ်တော်တိုင်လည်း လုပ်ဆောင်တော်မူရန် အလိုဆန္ဒမရှိဟူ၍ ပြောဆိုခြင်းမဟုတ်ပါ။ ဘုရားသခင်သည် မိမိနှုတ် ကပတ်တော်၌ မိမိကိုယ်တိုင်ပြုလုပ်သူ ဖြစ်စေတော်မူ၏။ ထိုအရာသည် ကိုယ်တော်၏ နာမတော်အား မြင့်မြတ်စေတော်မူခြင်းဖြစ်ပါသည်။ ဘုရား သခင်သည် မိမိနှုတ်ကပတ်တော်ထဲ၌ ရှိသော မည်သည့် အရာကိုမဆို ငြင်းပယ်သောနည်းလမ်း လုံးဝဥဿုံမရှိပါ။

လူတစ်ယောက်ကို ကယ်တင်တော်မူ၍ သူတို့၏ ကယ်တင်ခြင်းကို စောင့်ထိန်းပေးတော်မူ သောသူမှာ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော

အကယ်၍ သင်သည် *Cults* ဟူသော မှားယွင်းသည့်အယူဝါဒများ၏ သွန်သင်ခြင်းကို ဆန်းစစ်ပါက သူတို့အားလုံး၌ တူညီသော အရာနှစ်ခု ရှိသည်ကို သင်တွေ့ရပါလိမ့်မည်။ ပထမ၊ သူတို့က အကျင့်အားဖြင့် ကယ်တင်ခြင်းရသည်ဟု ယုံကြည်ကြ၏။ ဒုတိယ သူတို့၏ အနှစ်သာရ သွန်သင်ခြင်းမှာ မိမိကိုယ်ကိုသာ ဖြစ်ပါသည်။ သူတို့သွန်သင်ခြင်းအားလုံးတို့သည် လူဟာ အရေးကြီးဆုံးသော ဖက်စပ် ရောနှောပါဝင်သည့်အရာ ဖြစ်သည်ဟုဆိုကြ၏။ အကျင့်အားဖြင့် ကယ်တင်ခြင်းရသည်ဟု သွန်သင်ပေးသော ဘာသာတရားများကို ငါတို့ ဆန်းစစ်သောအခါ၊ သူတို့၏ ကယ်တင်ခြင်းကို စောင့်ထိန်းပေးရန် မည်သူ၌ တာဝန်ရှိပါသနည်းဟူသော မေးခွန်းကို မေးရပါသည်။ ထိုအရာမှာ ယေရှုခရစ်တော် မဖြစ်နိုင်ပါ။ ထိုအရာမှာ မိမိကိုယ်ကိုသာ ဖြစ်ပါ၏ အဘယ်ကြောင့်ဆိုသော် မိမိကိုယ်တိုင်သည်သာ ကယ်တင်ခြင်းကို လုံခြုံစေသောသူ ဖြစ်၍ ဖြောင့်မတ်စွာ အသက်ရှင်ခြင်းအားဖြင့် ကယ်တင်ခြင်းကို စောင့်ထိန်းပေးသူဟာ မိမိကိုယ်တိုင်သာ ဖြစ်၏ဟု ယုံကြည်ကြပါသည်။

သမ္မာကျမ်းစာ၏ စစ်မှန်သော အဓိက သွန်သင်ချက်၌ ဘယ်သော အခါမျှ လူမဖြစ်နိုင်ပါ။ အစဉ်အမြဲ ခရစ်တော်သာ ဖြစ်ပါသည်။ သမ္မာကျမ်းစာ၏ အာရုံပြုခြင်းမှာ မိမိကိုယ်ကိုမဟုတ် ဘုရားသခင် ၌သာ ဖြစ်ပါ၏။

ထာဝရ လုံခြုံမှုသြဝ္လါကို ကြည့်သောအခါ၊ "ကယ်တင်ခြင်း၏ ဗဟိုချက်သည် ဘုရားသခင် လော သို့မဟုတ် လူလော" ဟူသော မေးခွန်းကို မေးရပါမည်။ ဘုရားသခင်သာလျှင် ကယ်တင်သောသူ၊ စောင့်ထိန်းပေးတော်မူသောသူဖြစ်သည်ဟု ယုံကြည်သောသူတို့သည် မိမိတို့၏ အာရုံများကို ဘုရားသခင်၌ ထားရှိသောသူများ ဖြစ်ကြပါသည်။

ထာဝရ လုံခြုံမှု၌ ယုံကြည်သောသူက မိမိတို့ကိုယ်ကို မိမိတို့ကယ်တင်ခြင်းကို စောင့်ထိန်းရန် တာဝန်မရှိကြောင်းကို သိရှိကြပါသည်။ ကယ်တင်ခြင်းကို သူတို့မခံထိုက်ပါ။ ငါတို့၏ မစုံမလင် အားနည်း သောအကျင့်ကို ပယ်၍ ကောင်းမြတ်စုံလင်သော အကျင့်ကို လုပ်ဆောင်ပေးသောသူမှာ ယေရှုခရစ်တော် ဖြစ်ပါသည်။ ထိုအရာမှာ ကိုယ်တော်အားဖြင့်၊ ကိုယ်တော် တစ်ပါးတည်းသာလျှင် ငါတို့ကို ကယ်တင်နိုင် တော်မူ၍ စောင့်ထိန်းနိုင်တော်မူ၏။

ထာဝရလုံခြုံမှုသြဝါဒသည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆို





တော်မူချက်အားဖြင့် ကျွန်တော့်အား လက်ခံခဲ့ကြပါသည်။ ကျွန်တော်၏ လုပ်ဆောင်ချက်များကြောင့် မဟုတ်ပါ။ ထိုအရာမှာ ဘုရားသခင်၏ အကြံအစည်တော်နှင့် ရည်ရွယ်ချက်ဖြစ်ပါမည်။

## ဘုန်းထင်ရှားတော်မူခြင်း

> *"ဘုရားသခင်၏ သားတော်သည် အများသောညီတို့တွင် သားဦးဖြစ်တော်မူမည်အကြောင်း၊ ဘုရားသခင်သည် ရှေးမဆွက သိတော်မူသော သူတို့ကို သားတော်၏ ပုံသဏ္ဌာန်နှင့် တညီတည်း ဖြစ်စေခြင်းငှါ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။ ထိုသို့ခွဲခန့် မှတ်သားနှင့်သော သူတို့ကို ခေါ်တော်မူ၏။ ခေါ်တော်မူသောသူတို့ကို လည်း ဖြောင့်မတ်ရာ၌ တည်စေတော်မူ၏။ ထိုသို့ တည်စေတော်မူသော သူတို့ကိုလည်း ချီးမြှောက်တော်မူ၏။"*
>
> *(ရောမ ၈း၂၉-၃၀)*

ထိုအရာမှာ အလွန်လွယ်ကူရှင်းလင်းသော ဥပမာတစ်ခုဖြစ်ပါသည်။ သို့သော်လည်း မြောက်များစွာသော လူတို့သည် ထိုအရာအားဖြင့် စိတ်ရှုပ်ထွေးခဲ့ကြပါသည်။ အဘယ်ကြောင့် ဆိုသော် သူတို့က မိမိတို့၏ သမ္မာကျမ်းစာကို သတင်းဖတ်စာသကဲ့သို့ ဖတ်ကြပါသည်။ သူတို့သည် ခပ်မြန်မြန်ပြီးစလွယ် ဖတ်ကြကာ မည်သည့် အကြောင်းအရာ ပြောဆိုနေသည်ကို သူတို့ မစဉ်းစား မဆင်ခြင်ကြတော့ပါ။

ဤနေရာ၌ အဆင့်များစွာရှိသည်ကို သတိပြုပါ။ ပထမအဆင့်မှာ အခန်းငယ် (၂၉) ထဲ၌ တွေ့ရှိရပါသည်။ "ရှေးမဆွက သိတော်မူသောသူတို့ကို" ဤသူတို့မှာ ကိုယ်တော့်ကို လက်ခံယုံကြည် ကြမည့်သူတို့အား ကိုယ်တော်သည် တင်ကြို၍သိမြင်တော်မူခဲ့သောသူများ ဖြစ်ကြပါသည်။ ဒုတိယ အဆင့်မှာ အခန်းငယ် (၃၀) ထဲ၌ ရှိပါသည်။" ခွဲခန့်မှတ်သားနှင့်သော သူတို့ကိုခေါ်တော်မူ၏" ထိုသူတို့မှာ ယေရှုခရစ်တော်ကဲ့သို့ တူညီစေရန် ကိုယ်တော်မှတ်သားတော်မူနှင့်ပြီးဖြစ်သော လူတို့ဖြစ်ကြပါသည်။ နောက်အဆင့်မှာ ကိုယ်တော်

သည် သူတို့ကို ခေါ်တော်မူ၏။ ဧဝံဂေလိတရားသည် သူတို့ထံသို့ဟောပြော ဝေငှခြင်းရှိရာ သူတို့သည် ခေါ်တော်မူခြင်းကိုကြား ၍ ကယ်တင်တော်မူ ခြင်းသို့ ရောက်သောသူတို့ဖြစ်ကြပါသည်။

သို့သော်လည်း ထိုအရာဟာ အဆုံး မဟုတ်သေးပါ။ နောက်အဆင့် တစ်ခုမှာ ခေါ်တော်မူသော သူတို့ကို လည်းဖြောင့်မတ်ရာ၌ တည်စေတော် မူ၏။ ဖြောင့်မတ်ရာ၌ တည်စေတော်မူ၏ ဆိုရာ၌ ကျွန်တော်သည် တစ်ကြိမ် တစ်ခါမျှ အပြစ် မကျူးလွန်ခဲ့သကဲ့သို့ ဖြစ်စေတော်မူခြင်းကို ဆိုလိုပါသည်။ "ထိုသို့ တည်စေတော်မူသောသူတို့ကိုလည်း ချီးမြှောက်တော်မူ၏"။ "ချီးမြှောက် တော်မူ၏" ဟူသည်မှာ အခြားသော ဝေါဟာရ စကားလုံးများနည်းတူ အတိတ်ကာလ ဝါကျဖြစ်ပါသည်။ ဘုရားသခင်က "အတိတ်ကာလ၌သာ သင့်ကို ခွဲခန့်မှတ်သားတော်မူခြင်း၊ ခေါ်တော်မူခဲ့ခြင်း ဖြောင့်မတ်စေတော် မူခြင်းသာ မဟုတ်ပါ။ အတိတ်ကာလ၌လည်း ငါသည် သင့်ကို ချီးမြှောက်တော် မူခဲ့ပြီ" ဟူ၍ မိန့်တော်မူပါသည်။ ဘုရားသခင်၏ မျက်စိတော်ထဲ၌ ထိုအရာ သည် အဆင်သင့်ပြီး ပြည့်စုံခဲ့ပြီးဖြစ်ပါသည်။

အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် ကယ်တင်ခြင်းသို့ ရောက်ရှိခဲ့ပါက၊ သူတို့သည် ချီးမြှောက်ခြင်းသို့ ရောက်ရှိသွားပြီး ဖြစ်ပါသည်ဟု သမ္မာကျမ်းစာက ဆိုထားပါသည်။ ငါတို့တွင် အများစုက ချီးမြှောက်တော်မူခြင်းကို မကြည့်ကြပါ။ ချီးမြှောက်တော်မူ၏ ဟုဆိုရာ၌ အပြစ်၌မရှိတော့ပါ။ စုံလင်ခြင်း၌ ရောက်ရှိပြီး ဖြစ်၏ဟုဆိုရာ၌ အပြစ်၌မရှိတော့ပါ။ စုံလင်ခြင်း၌ ရောက်ရှိပြီးဖြစ်၏ ဟူ၍ ဆိုလိုရင်း ဖြစ်ပါသည်။ အခြားစကားလုံးများဖြင့်ဆိုရသော် ယေရှုခရစ်တော် ကဲ့သို့ ဖြစ်စေတော်မူ၏ ဟူ၍ ဖြစ်ပါသည်။ ဤနေရာ၌ရှိသော လူတို့တွင် မည်သူကမျှ သူတို့သည် စုံလင်ခြင်းသို့ ရောက်ရှိသွားခဲ့ပြီ ဟူ၍ မပြောဆိုနိုင်ပါ။ သို့သော်လည်း၊ ငါတို့သည် ချီးမြှောက်ခြင်းသို့ ရောက်ရှိပြီဟူ၍ ဘုရားသခင် မိန့်တော်မူ၏။

နေ့ရက်ဟာ ဘုရားသခင်နှင့်သာ ဆိုင်၏။ ကျွန်တော်နှင့် မဆိုင် ကြောင်းကို နေ့စဉ်နှင့်အမျှ မိမိကိုယ်ကို သတိပေးမိပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် ထဲ၌အချိန်ကို အသုံးပြုရမည်ဖြစ်၏။ ကိုယ်တော် မိန့်တော်မူ သည့်အတိုင်း ကျွန်တော့်အသက်တာကို ဖြောင့်တန်းစေရပါမည်။ ကျွန်တော့်ကို



# အခန်း(၅)

## ထာဝရ လုံခြုံမှုကို ငြင်းပယ်ရန် သင်ပြရမည်ဟူ အဆိုပြုချက်များ

*"သန့်ရှင်းသော ဗိမာန်တော်သို့ မျက်နှာပြုလျက် ပျပ်ဝပ် ကိုးကွယ်၍၊ ကရုဏာတော်နှင့် သစ္စာတော်ကြောင့် နာမတော်ကို ချီးမွမ်းပါမည်။ အကြောင်းမူကား၊ ကတိတော် ကို သတင်းတော်ရှိသမျှတို့ထက် ချီးမြှောက်တော်မူပြီ။" (ဆာလံ ၁၃၈း၂)*

ထာဝရ လုံခြုံမှုသည် အခြေခံကျသော ယုံကြည်ခြင်း၏ အရေးကြီး သောအချက်တစ်ခု ဖြစ်ပါသည်။ ငါတို့သည် ထိုအရာပေါ်၌ ရောနှော၍ အပေးအယူမပြုနိုင်ပါ။ သမ္မာကျမ်းစာ၌ ဤသွန်သင် ခြင်းကို ငြင်းပယ်သော မည်သည့်ပုဂ္ဂိုလ်နှင့်မဆို ငါတို့သည် မပူးပေါင်းနိုင်ပါ။ ထိုအရာမှာ ဆိုးရွား သော မှားယွင်းသည့် မိစ္ဆာဒိဋ္ဌိ အယူဝါဒဖြစ်ပါသည်။ အမှန်စင်စစ်၊ ထိုအရာ သည် လူတစ်ယောက်၏ ဝိညာဉ်ကို ငရဲသို့တိုင် ပျက်စီးစေနိုင်ပါသည်။ အဘယ့် ကြောင့်ဆိုသော် ထာဝရ လုံခြုံမှု ဩဝါဒကို သဘောမတူနိုင်သောလူ တစ် ယောက်သည် အကျင့်အားဖြင့် ကယ်တင်ခြင်းရသည်ဟု ယုံကြည်ခြင်း ဖြစ်ပါ သည်။ တနည်းဆိုရသော် သူတို့သည် မိမိတို့၏ ကယ်တင်ခြင်းအတွက် ခရစ် တော်ကို လုံးလုံးလျားလျား အပြည့်အဝ ယုံကြည် ကိုးစားခြင်း မပြုနိုင်ကြပါ။

စစ်မှန်သော ဩဝါဒမှ မှားယွင်းသောဩဝါဒတို့ကြား၌ မတူကွဲပြား ခြားနားသော အရာများ ရှိပါသည်။ ထိုအရာမှာ မိမိကိုယ်ကို အရေးပါသည်ဟူ သော သွန်သင် ခြင်းဖြစ်ပါသည်။ လူတစ်ယောက် သည် ဘုရားသခင်ကို ဆန့်ကျင်ပြီးသွားလာရန် ဆုံးဖြတ်သောအခါ၊ သူတို့၏ အပြစ်ပြုခြင်းနောက် ကွယ်၌ မည်သည့် အကြောင်းရင်းရှိပါသနည်း။ ကမ္ဘာဦးကျမ်း ၃ တွင် အာဒံနှင့် ဧဝတို့၏ အပြစ်မှာ မိမိတို့အတွက် ကိုယ်ကျိုးအားဖြင့် တွန်းပို့ပေးခြင်းဖြစ်သည်မှာ အထောက်အထားခိုင်လုံပါသည်။ သူတို့သည် မိမိတို့ ကိုယ်ပိုင် လုပ်ဆောင်ရန် အလိုရှိခဲ့ကြပါသည်။

*ပြုတော်မူမည်ဟု ငါသဘောကျ၏။ (ဖိလိပ္ပိ ၁း၆)*

လူတစ်ယောက်သည် ခရစ်တော်ကို ယုံကြည်ကိုးစားလာသောအခါ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်တော်မူသော အားဖြစ်လာသော အသက်တာ ပြောင်းလဲခြင်းရှိမည်ဟု သမ္မာကျမ်းစာက သွန်သင်ထားပါသည်။ ဝိညာဉ်တော်၏ အလုပ်မှာ ငါတို့အသက်တာထဲ၌ မှားယွင်းသောအရာများကို မြင်၍ ပြောင်းလဲခြင်းကို လိုအပ်ကြောင်း ငါတို့အား တွေ့မြင်စေရန် ကူညီမစခြင်းဖြစ်ပါသည်။ ဟောင်းသောအရာများ အလေ့အထများ၊ အပြစ်များ၊ သဘောထားများနှင့် လုပ်ဆောင်ချက်များသည် ကွယ်ပျောက်သွား၍ အသစ်ဖြစ်လာပါသည်။ ခရစ်တော်ကို

တကယ်ယုံကြည် ကိုးစားသောသူတို့၏ အသက်တာထဲ၌ မှတ်သားဖွယ်သော ကွဲပြားခြားနားမှု ရှိလာပါမည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်ယာန်တစ်ဦး၏ ဘဝအသက်တာ ထဲ၌ သူတို့ ကယ်တင်ခြင်း ရရှိခဲ့သောနေ့မှစ၍ သေသောနေ့အထိ အလုပ်လုပ်တော်မူပါသည်။ ဝိညာဉ်တော်သည် ငါတို့၏ အထဲကစ၍ လုပ်ဆောင်လာပါက ငါတို့သည် ကောင်းကင်သို့ ရောက်သောနေ့တိုင်အောင် ဆက်လက်၍ လုပ်ဆောင်မည်ဟူသော အာမခံချက် ငါတို့၌ ရှိသည်ကို သမ္မာကျမ်းစာက ပြောဆိုထားပါသည်။





အဖိုးနှင့် ဝယ်တော်မူပြီးဖြစ်၍ ကျွန်တော့်ကို ကျွန်တော် မပိုင်တော့ကြောင်း သတိရစေပါသည်။ နေ့ရက် မကုန်လွန်မှီ ဘုရားသခင်ကို ဆန့်ကျင်၍ အပြစ်ပြုနေမိသည်ကို တွေ့ရှိရပါသည်။ ကျွန်တော်သည် ထိုကဲ့သို့သော အသက်တာမျိုးနှင့် အသက်ရှင်နေပါက ငါသည် ချီးမြောက်တော်မူခြင်းသို့ ရောက်ပြီဟူ၍ အဘယ်သို့ ကြွေးကြော်နိုင်ပါမည်နည်း။

ဘုရားသခင်၏ အမြင်၌ မဟုတ်ဘဲ ကျွန်တော့်အမြင်၌ ကြည့်သောကြောင့် ပြဿနာပေါ်လာပါသည်။ ကျွန်တော်သည် ပစ္စုပ္ပန်ကာလ၌ အသက်ရှင်နေပါသည်။ ကျွန်တော့်ကိုကြည့်လျှက် သင့်ကိုလည်း ကြည့်လျှက် နေရပါသည်။ ယခု ကျွန်တော် မည်သို့ မြင်မည်ဟူသောအပေါ်၌ အရာရာတို့ကို စီရင်နေပါသည်။ သို့သော်လည်း ကြံဖန်သောအချိန်ဟူ၍ မရှိတော့ကြောင်း ဘုရားသခင် သိမြင်တော်မူ၏။ ကိုယ်တော်သည် ထာဝရကာလမှ ထာဝရကာလသို့တိုင် မြင်တော်မူ၏။

ကျွန်တော်သည် ဘုရားသခင်၏ အမြင်၌ ကြည့်သောအခါ ဘုရားသခင်၏ မျက်စိတော်ထဲတွင် ထိုအရာမှာ ကောင်းမြတ်ခြင်း ရှိသည့်အတိုင်း လုပ်ဆောင်တော်မူပြီးဖြစ်ကြောင်းကို ကျွန်တော်သိလာရပါသည်။ မည်သူသည် ခရစ်တော်ကို ယုံကြည်တော်ခံမည်ကို ကိုယ်တော်သည် လွန်သွားသော ထာဝရကာလ၌ပင် သိမြင်တော်မူခဲ့ပြီး၊ ရွေးမဆွက ခွဲခန့်မှတ်သားတော်မူ၍ ခေါ်တော်မူကာ ချီးမြောက်တော်မူ၏။ ကိုယ်တော်၌ သူတို့၏ ဘဝအသက်တာများအတွက် ရည်ရွယ်ချက်နှင့် အကြံအစည်တော်ရှိပါ၏။ လမ်းခရီး၏ အဆုံးမှာ သူတို့သည် ချီးမြောက်ခြင်းသို့ ရောက်ရန်ဖြစ်ပါသည်။

အကယ်၍ သင်သည် ဒုတိယ- မွေးခြင်းခံ၍ ဘုရားသခင်၏ သားဖြစ်ပါက ဘုရားသခင်၏ အကြံအစည်သည် သေချာ၍ ဖြစ်နိုင်ဖွယ်ဖြစ်ပါသည်။ တစ်နေ့သောအခါ သင်၏ ကိုယ်ခန္ဓာသည် မည်သည့်အပြစ်မျှ မပါဘဲ ဘုရားသခင်ရှေ့၌ ရပ်နေပါလိမ့်မည်။ ထိုအရာမှာ အတိတ်ကာလဝါကျ ဖြစ်၍ ယခု၌လည်း မှန်ကန်ပြီး၊ အနာဂတ်မှာလည်း မှန်ကန်သည်ဖြစ်ကြောင်း ဘုရားသခင်သည် အလွန်သေချာစွာ မိန့်တော်မူပါ၏။

ဘုရားသခင်၏ အကြံအစည်နှင့်စီမံကိန်းမှာ ငါတို့အားခရစ်တော်ကဲ့သို့ ဖြစ်စေရန် ရွေးမဆွက ခွဲခန့်မှတ်သားတော်မူခြင်း ဖြစ်ပါသည်။ ချစ်ခင်

မြတ်နိုးသောသူအရာ၌ လက်ခံကာ၊ ခေါ်တော်မူ၍ ဖြောင့်မတ်စေတော်မူပြီးလျှင် ခရစ်တော်ထဲ၌ ငါတို့ကို ချီးမြှောက်တော်မူ၏။ ထိုချီးမြှောက်တော်မူခြင်းမှာ အနာဂတ်တွင် ရှိပါသေး၏။ ရွေးနှုတ်ရာ နေ့ရက်မရောက်မှီတိုင်အောင် အပြည့်အဝပြည့်စုံ လိမ့်မည်မဟုတ်ပါ။ (၁ ကော ၁၅း၅၁-၅၄)

## ခရစ်တော်ထဲ၌ အတူတကွ စုရုံးစေတော်မူခြင်း

*"ထိုနက်နဲသောအရာ ဟူမူကား၊ ကာလအချိန်*
*စေ့စုံခြင်း၏ သာသနာတွင် ကောင်းကင်ပေါ်၊*
*မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကို ပေါင်း၍ ခရစ်တော်၌*
*ချုပ်ခြာစေတော်မူလိမ့်သတည်း။" (ဧဖက် ၁း၁၀)*

ဘုရားသခင်သည် အကြံအစည်နှင့် စီမံကိန်းအစွန်ဆုံးသို့ရောက်ခြင်းမှာ ခပ်သိမ်းသောအရာတို့ကို ထုပ်ပိုး၍ ဤလောကကြီး ကုန်ဆုံးခြင်းသို့ ရောက်သောအခါ ဘုရားသခင်သည် ယေရှု ခရစ်တော်၌ ယုံကြည်သောသူရှိသမျှတို့ကို စုရုံးစေတော်မူ ပါလိမ့်မည်။ ထိုအရာမှာ ဘုရားသခင်၏ ရည်ရွယ်ချက်၊ အကြံအစည်နှင့် စီမံကိန်းဖြစ်ပါသည်။ ယုံကြည်သူများ အားလုံးတို့သည် ခရစ်တော်၌ အတူတကွ စုရုံးလာကြပါလိမ့်မည်။

ထာဝရ လုံခြုံမှု၌ ငါတို့ဘာကြောင့် ယုံကြည်ရပါသနည်း။ အကယ်၍ တစ်စုံတစ်ဦးသည် ပုဂ္ဂိုလ်တစ်ပါး၏ နှလုံးသားထဲ၌ ဘုရားသခင်၏ လုပ်ဆောင်တော်မူခြင်းကို ပျက်ပြားပြောင်းလဲစေပါက အကယ်၍ ပုဂ္ဂိုလ် တစ်ဦးသည် မိမိတို့၏ ကယ်တင်ခြင်းကို တစ်နည်းနည်းဖြင့် ဆုံးရှုံးသွားစေနိုင်ပါက ဘုရားသခင်သည် ယုံကြည်သူများ အားလုံးတို့ကို ကောင်းကင်၌ စုရုံးသောအခါ မြောက်များစွာသော လူတို့သည် ပျောက်ဆုံးသွားပါမည်။





ယုံကြည်ခြင်းကို အတိအလင်း ဝန်ခံသော လူမြောက်များစွာ ရှိကြပါသည်။ သူတို့က ယေရှုခရစ်တော်ကို သိ၏ဟုဝန်ခံကြ၏။ သူတို့သည် ခရစ်ယာန်များဖြစ်ကြ၏ဟု ဝန်ခံကြ၏။ သူတို့သည် ဘုရားသခင်ကို သိ၏ဟု အတိအလင်း ဝန်ခံပြောဆိုကြ၏။ မည်သူမဆို ထိုကဲ့သို့သော ဝန်ခံချက်ကို ပြုနိုင်ပါသည်။

*"ဖြောင့်မတ်ရာ၌ တည်သောသူသည် ယုံကြည်ခြင်းအားဖြင့်*
*အသက်ရှင်လိမ့်မည်။ သို့သော်လည်း၊ ရွေ့လျော့လျှင်၊*
*ငါ့စိတ်ဝိညာဉ်သည် ထိုသူကို အားရနှစ်သက်ခြင်းမရှိဟု*
*ဘုရားသခင် အမိန့်တော်ရှိ၏။ ငါတို့မူကား ပျက်စီးခြင်းသို့*
*ရောက်အံ့သောငှါ ရွေ့လျော့သော သူမဟုတ်။ စိတ်*
*ဝိညာဉ်သည် ကယ်တင်ခြင်းသို့ ရောက်အံ့သောငှါ*
*ယုံကြည်သော သူဖြစ်ကြ၏။" (ဟေဗြဲ ၁၀း၃၈-၃၉)*

သို့သော်လည်း တစ်စုံတစ်ဦးက အတိအလင်းဝန်ခံပြောဆိုခြင်းသည် ခရစ်တော်ကို သူတို့လက်ခံရရှိပြီးဟူ၍ ဝန်ခံခြင်းကို မဆိုလိုပါ။ သူတို့သည် ဘုရာသခင်၏ ဝိညာဉ်တော်ကို လုံးဝ လက်မခံ ခဲ့ကြသေးပါ။ သူတို့သည် ုတိယမွေးခြင်းကို မခံကြရသေးပါ။ ခရစ်ယာန်တို့သည် သူတို့ကို ုက္ခခံစေသော အခြေအနေသို့ရောက်သောအခါ သူတို့ နောက်ဆုတ်သွားတတ်ကြပါသည်။ အဘယ် ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် သူတို့၏ ဝိညာဉ်မှာ ကယ်တင်ခြင်းလုံးဝမရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သူတို့သည် ပျက်စီးခြင်း (သို့) ငရဲသို့တိုင် နောက်ဆုတ်သွားကြပါမည်။

မိမိတို့၏ ကယ်တင်ခြင်းကို ဆုံးရှုံးသောလူတို့ဟာ ကယ်တင်ခြင်းရသော လူများမဟုတ်ကြပါ။ ဤလူတို့မှာ သူတို့သည် ကယ်တင်ခြင်း ရရှိပြီးသကဲ့သို့ ရောက်လာရန် လုပ်ဆောင်သော လူများသာ ဖြစ်ပါသည်။ သို့သော်လည်း သူတို့ ဒုတိယ မွေးခြင်းကို လုံးဝမရရှိခဲ့ကြသေးပါ။ ယေရှုခရစ်တော်၏ နာမ၌ လာကြသော်လည်း၊ ကိုယ်တော်ကို လုံးဝမသိကြသေးသော လူမြောက်များစွာ တို့မှာ အမေရိကန်ပြည်၌ ရှိသည်ကို ကျွန်တော့်စိတ်နှလုံး အကြွင်းမဲ့ ယုံကြည်ပါသည်။

*သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသော*
*သူသည်၊ ယေရှုခရစ်၏ နေ့ရက်တိုင်အောင် ပြီးစီးလျက်*

ကိုယ်တော်သည် မိန့်တော်မူသည်အတိုင်း လုပ်ဆောင် ပါမည်ဟူသော အရာပေါ်၌ ကောင်းသော ယုံကြည်စိတ်ချမှုအမှတ်လက္ခဏာတစ်ခု ဖြစ်ပါသည်။ ဘုရားသခင်သည် ငါတို့အား ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌ ပေးတော်မူသော ကတိတော်ကို ပြန်၍ မရုပ်သိမ်းနိုင်ပါ။ ကိုယ်တော်သည် မိမိကတိတော်များကို ချိုးဖောက်တော်မူမည်မဟုတ်ကြောင်း သန့်ရှင်းသောဝိညာဉ်တော်သည် ငါတို့၏ အာမခံစရံငွေ၊ ငါတို့၏ အာမခံဖြစ်တော်မူ၏။

အကယ်၍ သင်သည် အိမ်တစ်အိမ်ကို ရောင်းမည်ဆိုပါက တစ်စုံတစ်ဦးသည် ထိုအိမ်အတွက် ကြိုတင်ငွေစရံငွေကို သင့်အား ပေးထားပါမည်။ ထိုငွေမှာ သင်ပိုင်ဆိုင်သော ငွေဖြစ်၏။ သင်သည် ထိုစရံငွေကို ထုတ်သုံးနိုင်ပါသည်။ ထိုအရာမှာ သင်၌ဝမ်းမြောက်ဖို့ဖြစ်ပါသည်။ အကယ်၍ ဝယ်မည့်သူ ပျက်ကွက်လာပါလျှင် သူတို့၏ပြဿနာသာဖြစ်၏။ သင်၏ပြဿနာမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုငွေမှာ သင့်အဖို့ဖြစ်၏။ ငါတို့သည် ဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်းရှိ၍ ငါတို့၏ဘဝအသက်တာထဲ၌ အလုပ်လုပ်တော်မူစေရန် သန့်ရှင်းသော ဝိညာဉ်တော်သည် ငါတို့အား ခရစ်ယာန် အသက်တာ၌ မည်သို့ဝမ်းမြောက်ခြင်းရှိကြရမည်ကို သင်ယူခြင်းသည် အလွန်ကောင်းပေ၏။

သန့်ရှင်းသော ဝိညာဉ်တော်၏ ကတိတော်မှာ ငါတို့ကို ရွေးဝယ်သောသူသည် ငါတို့ကို ပိုင်ဆိုင်၍ ကောင်းကင်သို့ရောက်ရှိကြသည်ထိ ရွေးနှုတ်ရာ နေ့ရက်တိုင်အောင် ဝိညာဉ်တော်သည် ငါတို့နှင့်အတူ ရှိမည်ဖြစ်၏။ ငါတို့ ကယ်တင်ခြင်းရသောနေ့မှစ၍ ဘုရားသခင်သည် ငါတို့အား ကောင်းကင်အိမ်တော်သို့ ခေါ်ဆောင်သောနေ့ထိ ငါတို့သည် သန့်ရှင်းသော ဝိညာဉ်၌ ဝမ်းမြောက်ခြင်း ရရှိကြပါမည်။

## *ခရစ်ယာန်ကဲ့သို့ မပြုကျင့်သောသူတို့၌ အဘယ်သို့နည်း။*

ထာဝရလုံခြုံမှုအကြောင်း၌ တစ်နည်းဖြင့်ဆိုသော် ထိုမေးခွန်းကို အမြဲပင် မေးလေ့ရှိခဲ့ပါသည်။ "ပူဆွေးဖွယ်သော အရာများအားလုံး၌ အဘယ်သို့ဖြစ်မည်နည်း" ငါတို့သည် ကယ်တင် ခြင်းရပြီး ဘုရားသခင် အသုံးတော်ခံရန်အတွက် အသုံးတော်ခံပါမည်ဟု ပြောဆိုကြသော်လည်း၊ တကယ်အသက်မရှင်ကြသော သူတို့၌ကော အဘယ်သို့ဖြစ်ပါမည်နည်း။



## *ကိုယ်တော်၏ ကျေးဇူးတော်အားသတိရကြောင်းအထိမ်းအမှတ်*

*"အကြောင်းမူကား၊ ထိုသခင်အားဖြင့် ငါတို့၌*
*ကျေးဇူးပြု၍၊ ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းကို*
*နောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်း*
*ဖြစ်သတည်း။" (ဧဖက် ၂ း ၇)*

ရောက်လာမည့် ကာလ (အနာဂတ်တွင် ရှိသော ထာဝရ) တွင် ကိုယ်တော်သည် အလွန်ကြွယ်ဝပြည့်စုံသော မိမိကျေးဇူးတော်ကို လူတိုင်းတို့အား ဖော်ပြတော်မူလိမ့်မည်အကြောင်း ဘုရားသခင် မိန့်တော်မူ၏။ တနည်းအားဖြင့် ထိုအရာကို ထားရှိခြင်းမှာ ဘုရားသခင်သည် ငါတို့ကို ကယ်တင်တော်မူခဲ့ပြီး ငါတို့အတွက် ကိုယ်တော်၌ရှိသော ကောင်းမြတ်တော်မူခြင်းနှင့် ချစ်ခြင်းမေတ္တာအားလုံး တို့ကို ထင်ရှားစွာဖော်ပြတော်မူမည့် နေ့ရက်ကို သတ်မှတ်တော်မူခဲ့ပြီးဖြစ်ပါသည်။

ကျွန်တော်၏ ဖခင်သည် *Kansas* ပြည်နယ်ရှိ အသင်းအဖွဲ့တစ်ခုတွင် ဘော့စ်ဘောပစ်ပေးသူ တစ်ဦး ဖြစ်ခဲ့ပါသည်။ ငါတို့၏ အိမ်၌ အားကစားပြိုင်ပွဲများတွင် အဖေ ဆွတ်ခူး ရရှိခဲ့သည့် အထိမ်းအမှတ် ပစ္စည်းများ၊ သရုပ်ဆောင်ခြင်းများနှင့် အနိုင်ရသည့်ဆုများမှာစင်များစွာ အပြည့်ရှိပါသည်။ သူသည် ဘော့စ်ဘောများနှင့် ဘတ်တံများ၊ ကွဲပြားခြားနားသော ကစားစရာများအားဖြင့် အထိမ်းအမှတ် ပြုထားခဲ့ပါသည်။ ဘော့စ်ဘော အဖွဲ့ဝင်လူကြီးများထံမှ ဂုဏ်ပြုမှတ်တမ်းများလည်းရှိပါ သည်။ သင်သည် ငါတို့အိမ်ထဲသို့သွားလာသောအခါ ထိုအထိမ်းအမှတ်များကို သင်မြင်တွေ့ရပါမည်။ အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ထိုအရာများကို တည်ခင်းပြထားပါသည်။ ကျွန်တော့်ဖခင် ဘာတွေလုပ်ခဲ့သည်ကို ထိုအထိမ်းအမှတ် ပစ္စည်းများက ရောင်ပြန်ဟပ်စေခဲ့ပါသည်။

အထိမ်းအမှတ်တစ်ခုဖြင့် သင်ဘာကို လုပ်ဆောင်ပါသနည်း။ သင်သည် အထိမ်းအမှတ် ပစ္စည်းကို စင်ပေါ်တွင် ထားရှိခြင်းဖြင့် ထိုပုဂ္ဂိုလ်သည် မည်သည့်အရာများကို ပြည့်စုံစေခဲ့သည်ကို လူတို့အား မြင်စေနိုင်ပါသည်။ ပုဂ္ဂိုလ်မှာ အထိမ်းအမှတ်ပစ္စည်းမဟုတ်ပါ။ ချီးမွမ်းခြင်းကို ခံရသူ ဖြစ်ပါသည်။ ငါတို့သည် ကောင်းကင်ဘုံရှိစင်ပေါ်၌ ထိုင်၍ ငါတို့ကိုယ်ကို အာရုံပြုစေရန်

ဘုရားသခင်သည် သင်နှင့် ကျွန်တော်ကို ကယ်တင်တော်မူခဲ့ခြင်း မဟုတ်ပါ။ သင်နှင့် ကျွန်တော်သည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်၏ ကျေးဇူးတော်၏ အထိမ်းအမှတ်များ၌ နေရာယူကြပါလိမ့်မည်။ ကောင်းကင်နိုင်ငံ၌ ရှိသည့် ဘုရားသခင် ဖန်ဆင်းတော်မူသမျှသောအရာတို့သည် အသေသတ်ခြင်းကို ခံတော်မူသော သိုးသူငယ်ကို ဂုဏ်ပြုလို ချီးမြှောက် ကြပါလိမ့်မည်။ ထိုအရာမှာ ထိုနေရာ၌ ငါတို့ ရှိကြရမည့်အကြောင်းရင်းဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏ အထိမ်းအမှတ် ပစ္စည်းများကို တစ်ယောက်တစ်လေမျှ မိမိလက်ညှိုးတော်ဖြင့် လျှောကျစေတော်မူလိမ့်မည် မဟုတ်ပါ။

## ခမည်းတော်၏ ချစ်ခြင်းမေတ္တာ

> *"ဖြောင့်မတ်သောသူ အတွက်ကြောင့် အသေခံမည့်သူ ရှိခဲ၏။ သူတော်ကောင်းအတွက်ကြောင့် အသေခံဝံ့သောသူ ရှိကောင်းရှိလိမ့်မည် မှန်စေတော့။ ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။ သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မျှော်လင့်စရာရှိ၏။" (ရောမ ၅း ၇-၁၁)*

ဘုရားသခင်၏ လုပ်ဆောင်တော်မူခြင်းမှာ ကိုယ်တော်၏ အကြံအစည်နှင့်စီမံကိန်း ထဲ၌သာ တွေ့ရှိသည် မဟုတ်ပါ။ ငါတို့အား ပြတော်မူသော ကိုယ်တော်၏ ချစ်ခြင်းမေတ္တာ ထဲမှာလည်း တွေ့ရပါသည်။ ငါတို့သည် ကယ်တင်ခြင်း၊ သို့ရောက်၍ အစဉ်အမြဲ ဘုရားသခင်၏ သားဖြစ်ကြသည်ကို အာမခံ ပေးတော်မူသည်သာမက ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ငါတို့အား ကောင်းကင်နိုင်ငံသည် ငါတို့၏အိမ်ဖြစ်ကြောင်း အာမခံပေးပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ထာဝရ လုံခြုံမှု၌ အရေးကြီးသော အပိုင်းတွင် တစ်ခုဖြစ်ပါသည်။





*အမွေစရန်"* ဖြစ်၏ဟု ဆိုထားပါသည်။ (ဧဖက် ၄း၃၀) ၌ ငါတို့သည် *"ရွေးနှုတ်ရာနေ့ရက်ကာလတိုင်အောင်"* တံဆိပ်ခတ် သည် ဟု ဆိုထားပါသည်။ တံဆိပ်ခတ်တော်မူခြင်းမှာ ငါတို့သည် အပြစ်ထဲသို့မကျရောက်မှီတိုင်အောင် သို့မဟုတ် ဘုရားသခင်ထံတော်မှ အဝေးသို့မသွားမှီတိုင်အောင် ဟူ၍ မဆိုထားပါ ထိုသန့်ရှင်းသော ဝိညာဉ်တော်၏ တံဆိပ်ခပ်ခြင်းမှာ ရွေးနှုတ်ရာနေ့ရက်တိုင်အောင်ဖြစ်သောကြောင့် ဘုရားသခင်ကို ချီးမွမ်းပါ၏။ ကျွန်တော်သည် အပြစ်ထဲသို့ လမ်းလွဲနိုင်ပါသည်။

ကျွန်တော်ဖြစ်သင့်သည်အတိုင်း အစဉ်အမြဲ မဖြစ်နိုင်ပါ။ သို့သော်လည်း နောက်ဆုံးတွင် ကျွန်တော်သည် ကောင်းကင်၌ ရှိလိမ့်မည်ဖြစ်ကြောင်း အာမခံချက် ကျွန်တော့်မှာရှိပါသည်။

## သန့်ရှင်းသော ဝိညာဉ်တော်၏ အာမခံစရံ

> *"ပိုင်ထိုက်တော်မူသော သူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနုတ်တော်မူခြင်းသို့ မရောက်မှီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့ အမွေ၏ စရန်ဖြစ်တော်မူ၏။"(ဧဖက် ၁း၁၄)*

> *"ယုဒလူတို့သည် နိမိတ်လက္ခဏာကို*
> *တောင်းတတ်ကြ၏။ ဟေလသ လူတို့သည် ပညာကို*
> *ရှာတတ်ကြ၏။" (၁ကော ၁း၂၂)*

"စရံ" ဟူသည်မှာ ပေးဆောင်ခြင်းအတွက် သင်သည် အိမ်ကိုဝယ်ဖို့ ပြင်ဆင်သောအခါ ရောင်းသောသူက သင့်ထံမှ စရံငွေကို ပေးစေပါသည်။ ထိုအရာမှာ ဈေးဆစ်ပြီးနောက် ကျန်သော တန်ဖိုးကို ပေးဆောင်ပါမည်ဟူသော ယုံကြည်မှုအမှတ် လက္ခဏာ တစ်ခုဖြစ်ပါသည်။ အကယ်၍ သင်သည် ရောင်းဝယ်မှုကို ပြန်လည်ရုပ်သိမ်းပါက ပိုင်ရှင်သည် ကြိုတင်ပေးသော တန်ဖိုးစရံကို သိမ်းထားမည်ဖြစ်ပါသည်။

ဘုရားသခင်သည် လူတစ်ယောက်ကို ကယ်တင်သောအခါ သန့်ရှင်းသော ဝိညာဉ်တော်ကို အာမခံစရံအဖြစ် ပေးတော်မူ၏။ ထိုအရာမှာ

ဘုရားသခင်သည် ငါတို့အား မိန့်တော်မူ၏။ သန့်ရှင်းသော ဝိညာဉ်တော်၏ တံဆိပ်ခတ်တော်မူခြင်းအမှုကို နားလည်သဘောပေါက်ရန်၊ ငါတို့သည် သမ္မာကျမ်းစာ ခေတ်ကာလစာများကို ပေးပို့ခြင်း ထုံးစံကို နားလည်သဘော ပေါက်ဖို့လိုပါသည်။ သူတို့၌ ယနေ့ ငါတို့ရှိသော စာတိုက်လုပ်ငန်းမျိုးမရှိကြပါ။ အကယ်၍ သူတို့က စာတစ်စောင်ကိုပေးပို့လိုပါလျှင် သူတို့သည် ပါပိုင်ရပ်စ်ခေါ် စာစောင်လိပ် တစ်ခုပေါ်၌ စာရေးကြ၏။ ထို့နောက် ထိုစာစောင်ကို အစွန်း တစ်ဖက်မှ အခြားအစွန်းတစ်ဖက်သို့ လိပ်ပါသည်။ ထို့နောက် သူတို့သည် စာစောင်လိပ် နှစ်ခုကြား၌ ပူသော ပျားဖယောင်းကို လောင်းချလိုက်ကာ အလယ်၌ကပ်ငြိစေခဲ့ကြပါသည်။ ထိုအရာကို တံဆိပ်ရိုက်သည်ဟု ခေါ်ပါသည်။ အထူးအမှတ်တံဆိပ်ပါသော လက်စွပ်ကို ပူသော ပျားဖယောင်း တံဆိပ်ထဲသို့ ဖိနှိပ်ကာ ထိုပျားဖယောင်းထဲ၌ ပုံတူအမှတ်အသားကို ပြုလုပ်ခဲ့ကြသည်။

ထိုသို့ တံဆိပ်ခတ်ပြီးနောက် ထိုစာကို လက်ခံရမည့်သူထံသို့ ပို့စေရန် အစေခံ တစ်ဦး၏ လက်၌ အပ်ရပါသည်။ အစေခံသည် လမ်းခရီး၌ စာကိုဖတ်ရန် တံဆိပ်ကိုချိုးဖွဲ့၍မရပါ။ အဘယ် ကြောင့်ဆိုသော် သူသည် နဂိုမူလအတိုင်း ပြန်လည်၍ တံဆိပ်ခတ်ရန်နည်းလမ်းမရှိပါ။ သူသည် တစ်စုံ တစ်ဦး၏စာ ဖောက်ဖတ်သည်ကို တွေ့ရှိပါက သေဒဏ်ပေးခြင်းခံရ ပါမည်။ ထိုအစေခံသည် စာစောင်လိပ်၌ပါသည့် လိပ်စာအတိုင်း ထိုပုဂ္ဂိုလ်ထံသို့ တိုက်ရိုက်ပေးပို့ရပါမည်။

သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်သည်ဟုဆိုရာ၌ ငါတို့သည် ခရစ်တော်ကို မိမိတို့၏ ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံကြ သောအခါ၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်အား ငါတို့ကို တံဆိပ်ခတ်ရန် ပေးတော်မူ၏။ မာကျောသော ပျားဖယောင်းထဲသို့ လက်စွပ် အမှတ် တံဆိပ်ဖြင့် ခတ်၍ မှန်ကန်သောခရီးလမ်းဆုံးသို့ အရောက်ပို့ဆောင်ရန် အာမခံထားသည့်နည်းတူ ကျွန်တော်၏ မှန်သောခရီးလမ်းဆုံးသို့ ရောက်နိုင် ရန် ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်သည် ငါတို့၏ဘဝ အသက်တာထဲ၌ အာမခံဖြစ်ပါသည်။

ဧဖက် ၁း၁၄ ၌ *"ရွေးနှုတ်တော်မူခြင်းမရောက်မှီ . . . ငါတို့၏*





ဘုရားသခင်သည် သင့်အား သင်၏အပြစ်များမှ ကယ်တင်တော်မူခြင်း အတွက် မည်သို့သော အဖိုးအခ ရှိပါသနည်း။ ငါတို့၏ အပြစ်များ ဆေးကြော ခြင်းခံ၍ ကောင်းကင်၌ အိမ်တော်ကို ပေးရန်အတွက် ကိုယ်တော်သည် သင်နှင့် ကျွန်တော့်အတွက် မည်သို့ ပေးဆပ်တော်မူခဲ့ပါသနည်း။ ကိုယ်တော်သည် မိမိအသက်ကို ကာရာနီ တောင်ကုန်းပေါ်၌ ပေးဆပ်သည်ထိ အဖိုးကို ပေးတော်မူပါ သည်။ ကိုယ်တော်သည် အပြစ်အတွက် အမြင့်ဆုံးသောအဖိုးကို ပေးဆပ်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် သင်နှင့် ကျွန်တော့်အတွက် ပေးဆပ်တော်မူခဲ့သော တန်ဖိုးနှင့် ညီမျှသော အဖိုးကို အခြားမည်သည့် တန်ဖိုးကမျှ ပေး၍ မရပါ။ ကိုယ်တော်သည် သင်နှင့် ကျွန်တော့်ကို ချစ်တော် မူသောကြောင့် အမြင့်ဆုံးသော ဆက်ကပ်ပူဇော်ခြင်းဖြင့် ပေးဆပ်တော်မူ ခဲ့ပါသည်။

ထာဝရလုံခြုံမှုကို ငြင်းပယ်ခြင်းသည် သမ္မာကျမ်းစာထဲ၌ တွေ့ရှိရသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ငြင်းပယ်ခြင်း ဖြစ်ပါသည်။ ဘုရားသခင် သည် မည်သို့သော ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်တော်မူခဲ့သနည်း။ ကိုယ်တော် ၏ ချစ်ခြင်းမေတ္တာသည် အလွန် အရေးကြီး၏။ အလွန် ကြီးမားလှပါ၏။ တန်ခိုးနှင့် ပြည့်စုံပါ၏။ သို့ဖြစ်၍ ကိုယ်တော်သည် ကောင်းကင် ဘုန်းအသရေ တော်ကို စွန့်၍ နွားစာခွက်၌ ဖွားမြင်ခြင်းကိုခံတော်မူရန် မြေကြီးပေါ်သို့ ကြွလာတော်မူသည်ထိ ကိုယ်တော်၏ မေတ္တာသည် အလွန်ကြီးမားလှပါ၏။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာသည် အလွန်ကြီးမားလှသည် ဖြစ်ရာ မြေကြီး ပေါ်၌ (၃၃)နှစ်သာ အသက်ရှင်တော်မူခဲ့ပြီး၊ သေထိုက်သော အမှုမရှိ သော်လည်း ကိုယ်တော့်ကို မုန်းသော လူတို့၏ လက်ဖြင့် လက်ဝါးကပ်တိုင် ပေါ်တွင် အသေခံတော်မူ ခဲ့ပါသည်။ ကောင်းသော လူတစ်ယောက်သည် မိတ်ဆွေအတွက် အသေခံနိုင်ကောင်းပါ၏ဟု သမ္မာကျမ်းစာက ဆိုထား ပါသည်။ သို့သော်လည်း ငါတို့သည် အပြစ်ရှိစဉ်ပင် ငါတို့ အတွက် အသေခံတော်မူရန် ဘုရားသခင် ကြွတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ငါတို့ အား အလွန် ချစ်တော်မူ၏။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် လက်ဝါးကပ်တိုင်ပေါ်၌ ယေရှုခရစ်တော် အသေခံတော်မူခြင်း အားဖြင့် ထင်ရှားစေပါသည်။

ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်မူ သကဲ့သို့ ကိုယ်တော်သည် လူတို့၏ အကျင့်များကို သံဖြင့် ရိုက်ထားတော်မူခဲ့ပါသည်။ ဘုရားသခင်နှင့် ဖြောင့်မတ်ခြင်း ရရှိဖို့ရန် သင်နှင့် ငါသည် အဘယ်အမှုမျှ မတတ်စွမ်းနိုင်ပါ။ အကယ်၍ ထိုအရာတို့သည် ဖြစ်နိုင်ခဲ့ပါက၊ ခရစ်တော်သည် လက်ဝါးကပ်တိုင် ပေါ်၌ အသေခံတော်မူရန် မလိုအပ်ပါ။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာသည် ကာရာနီ တောင်ကုန်းပေါ်သို့ ကိုယ်တော့်အား ပို့ဆောင်ပေးခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့မှာ မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် ပျောက်ဆုံးနေသည်ကို ကိုယ်တော်သိမြင်တော်မူခဲ့ပါသည်။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် လူသားတို့၏ ချစ်ခြင်းမေတ္တာကဲ့သို့ မဟုတ်။ ငါတို့၏ မေတ္တာသည် အကန့်အသတ်ရှိခဲ့ပါသည်။ ငါတို့ ကျော်၍မရသော အဆင့် သတ်မှတ်ခြင်း တစ်ခုရှိပါသည်။ သို့သော်လည်း ငါတို့သည် လူတို့၏ မေတ္တာကို ပြောဆိုခြင်းမဟုတ်၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြောဆိုခြင်းဖြစ်ကြောင်း သင်တို့အား ကျွန်တော်အသိပေးလိုပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အခြေအနေနှင့် မဆိုင်ပါ။ ဆိုလိုသည်မှာ မည်သည့်အခြေအနေ၊ မည်သည့်လိုင်းကိုမျှ ရေးဆွဲရန် မလိုပါ။ အကယ်၍ပုဂ္ဂိုလ်တစ်ဦးက သင်သည်ကယ်တင်ခြင်းသို့ ရောက်နိုင်ပါသည်။ လမ်းမကြီးပေါ် တစ်နေရာရာတွင် သင်သည် အပြစ်ပြုမိပါက ဘုရားသခင်သည် မိမိချစ်ခြင်းမေတ္တာနှင့် ကယ်တင်ခြင်းကို သင့်ထံမှ ပြန်လည်ရုတ်သိမ်းသည်ဟု ယုံကြည်ပါက သူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ကန့်သတ်ထားခြင်း ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်တော်၏ ချစ်ခြင်းမေတ္တာသည် ကန့်သတ်ခြင်း မရှိကြောင်းကို ကျွန်တော်၏သမ္မာကျမ်းစာက ဆိုထားပါသည်။ အဘယ်သို့သော ဘုရားသခင်ဖြစ်တော်မူပါသနည်း။

## ခမည်းတော်၏ ဆုံးမတော်မူခြင်း

*"ထိုကြောင့်၊ ဤမျှလောက် များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကို ဝိုင်းရံလျက် ရှိကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသော ဝန်တို့ကိုငှင်း၊ နှောင့်ယှက်တတ်သော ဒုစရိုက်ကိုငှင်း ပယ်ရှား၍၊ ငါတို့ မျက်မှောက်၌*





ဖြစ်ပါသည်။ ကျွန်တော်သည် ကိုယ်တော်နှင့် ဆိုင်ရန် ခွန်အားကိုပေးသော အရာမှာ သန့်ရှင်းသော ဝိညာဉ်တော်အလုပ်ဖြစ်ပါသည်။ ကျွန်တော်၏ အလုပ်မဟုတ်ပါ။ ကျွန်တော်သည် ကောင်းကင်သို့သွားမည့် ဘုရားသခင်၏သားအဖြစ် ရပ်နေပါသည်။ ကျွန်တော့်ခွန်အားကြောင့်မဟုတ်ပါ။ ကိုယ်တော်၏ ခွန်အားကြောင့် ဖြစ်ပါသည်။ ကျွန်တော်ပြုသော ဖြောင့်မတ်ခြင်းကြောင့် မဟုတ်ပါ။ ကိုယ်တော်၏ ကောင်းမြတ်တော်မူခြင်းကြောင့် ဖြစ်ပါသည်။ ထိုအကြောင်းကြောင့် ကျွန်တော်၏ ကယ်တင်ခြင်းမှာ သေချာစိတ်ချရခြင်း ဖြစ်ပါသည်။ ထိုအရာမှာ ကျွန်တော့်အပေါ်၌ မူတည်မှီခိုသည် မဟုတ်၊ ကိုယ်တော်၌သာ ဖြစ်ပါသည်။

## ယုံကြည်သူတို့၏ တံဆိပ်ခတ်တော်မူခြင်း

*"ယုဒလူတို့သည် နိမိတ်လက္ခဏာကို တောင်းတတ် ကြ၏။ ဟေလသ လူတို့သည် ပညာကို ရှာတတ်ကြ၏။" (၁ကော ၁း၂၂)*

*"သင်တို့သည်လည်း ကယ်တင်တော်မူခြင်း အကြောင်းနှင့် ယှဉ်သော ဧဝံဂေလိတရား တည်းဟူသော သမ္မာတရားကို ကြားနာ ရ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ၊ ကတိတော်နှင့် ယှဉ်သော သန့်ရှင်းသော ဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ခံရကြပြီ။ ပိုင်ထိုက်တော်မူသော သူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်း အကြောင်းနှင့် ရွေးနုတ်တော်မူခြင်းသို့ မရောက်မှီ ကာလ ပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏ စရန် ဖြစ်တော်မူ၏။" (ဧဖက် ၁း၁၃-၁၄)*

"ရွေးနုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်"။ (ဧဖက် ၄း၃၀)

သင်နှင့် ကျွန်တော်သည် ခရစ်တော်ကို မိမိတို့၏ ကယ်တင်ရှင်အဖြစ် ယုံကြည် ကိုးစားကြသောအခါ ငါတို့ကို တံဆိပ်တော်မူကြောင်း

ကျိန်းဝပ်တော်မူလျှင် ဘယ်သောအခါမျှ စွန့်ခွာမသွားတော့ ပါကြောင်း သမ္မာကျမ်းစာကတိတော်ရှိပါသည်။ အကယ်၍ ကျွန်တော်၏ ကယ်တင်ခြင်းကို ကျွန်တော်ဆုံးရှုံးသွားနိုင်ပါက ကျွန်တော်သေသောအချိန်၌ ငရဲသို့သွားရပါမည်။ ထိုအခါ ကျိန်းဝပ်တော်မူသည့် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်တော်နှင့်အတူ ငရဲသို့ သွားရပါလိမ့်မည်ဖြစ်၏။ သို့သော်လည်း ထိုအရာသည် ဘယ်သောအခါမျှ မဖြစ်လာနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိကိုယ်ကို ငရဲသို့ ပို့ဆောင်တော်မူမည် မဟုတ်ပါ။ သို့ဖြစ်၍ ကျွန်တော်သည် တစ်ကြိမ်ကယ်တင် ခြင်း ခံခဲ့ပါက ဘယ်သောအခါမျှ မဆုံးရှုံးနိုင်ပါ။ ကျွန်တော်၏စိတ်အတွင်းထဲ၌ ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း ဆုံးရှုံးသွားလိမ့်မည် မဟုတ်ကြောင်း အာမခံချက် ကျွန်တော့်၌ ရှိပါသည်။ ထိုအရာမှာ မဖြစ်နိုင်သောအရာဖြစ်ပါသည်။

## ယုံကြည်သူတို့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူခြင်း

ဤအရာနှင့် စပ်လျဉ်း၍ လူတို့၌ အများပိုင်ဆိုင်သော မှားယွင်းသည့် ခံယူချက်တစ်ခုမှာ ကျွန်တော်၏ ကယ်တင်ခြင်းကို စောင့်ထိန်းရန်အတွက် ကျွန်တော်သည် တစ်စုံတစ်ရာကို လုပ်ဆောင်ရပါမည်ဟူသော ခံယူချက်နှင့် ကျွန်တော်သည် ဘုရားသခင်ကို “မြဲမြံစွာ ကိုင်ထားရမည်” ဟူသော အခြားမှားယွင်းသည့်ခံယူချက်ရှိပါသည်။ သို့သော်လည်း သမ္မာတရားမှာ ကျွန်တော် ကယ်တင်ခြင်းရဖို့ရန် ဘာကိုမျှ လုံလောက်စွာ ကျွန်တော် မလုပ်ဆောင်နိုင်ပါ။ ကျွန်တော့်ကို စောင့်ထိန်းတော်မူသော သူမှာ ဘုရားသခင် သာ ဖြစ်တော်မူ၏။ ကိုယ်တော်၌ မြဲမြံစွာ စွဲကိုင်ခြင်းမှာ ကျွန်တော် မဟုတ်ပါ။

> *“ဆုတောင်းသောအချက်ဟူမူကား၊ ဝိညာဉ်တော် အားဖြင့် သင်တို့၏ အတွင်းလူကို ခွန်အားနှင့် မြဲမြံခိုင်ခံ့စေ၍။”*
> *(ဧဖက် ၃း၁၆)*

ကျွန်တော်၏ အတွင်းလူကို ခွန်အားနှင့်ပြည့်စုံစေ၍ ခိုင်မြဲစွာဆွဲကိုင်ထားသောအရာမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်တော်မူခြင်း





> *ထားသော ပန်းတိုင်သို့ ရောက်ခြင်းငှါ၊ အားမလျော့ဘဲ ပြေးကြကုန်အံ့။ ယုံကြည်ခြင်းကို အစအဦး စီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော်လက်ျာဘက်၌ ထိုင်နေတော်မူ၏။”*
>
> *(ဟေဗြဲ ၁၂း၁-၂)*

ဤနေရာ၌ ဘုရားသခင်၏ နှုတ်ကပတ်တော် အသုံးပြုသော ပုံကားချပ်မှာ ပြိုင်ပွဲဝင်သော အပြေးသမား တစ်ဦးဖြစ်ပါသည်။ သူသည် ကိုယ်အလေးချိန်တင်၍ လေ့ကျင့်နေပါသည်။ သို့သော် လည်း ပြိုင်ပွဲ မဝင်မီ သူသည် ထိုအလေးချိန်များကို ချွတ်၍ ဘေးဖယ်ထားလိုက်ပါသည်။ အကယ်၍ သူသည် ထိုအရာများကို ချွတ်ထားပါက အလေးချိန်သည် သူ့အားနှေးစေပါမည်။ အလေးချိန်များသည် လေ့ကျင့်ဖို့ အတွက်ကောင်းပါသည်။ သို့သော်လည်း ထိုအရာများဟာ ပြိုင်ပွဲဝင်ဖို့အတွက် မကောင်းပါ။ အပြေးသမား တစ်ဦးသည် အရေးတဝင်မလုပ် သည့်အရာတစ်ချို့တို့ရှိပါသည်။ အဘယ့် ကြောင့်ဆိုသော် ထိုအရာများသည် သူ့အား ပြိုင်ပွဲတွင် သူ၏အာရုံကို လွှင့်ပါးစေလိမ့်မည်ဖြစ်၏။

ခရစ်ယာန်တို့ အနေဖြင့်လည်း ငါတို့အား အပြေးပြိုင်ပွဲတွင် ထားရှိပြီးဖြစ်၏။ ငါတို့ဟာ လေ့ကျင့်ခန်း ယူနေခြင်း မဟုတ်တော့ပါ။ သို့ဖြစ်၍ အလေးချိန်များကို ဘေးဖယ်ထားကြရပါမည်။ ခရစ်ယာန် အသက်တာထဲ၌ အလေးချိန်များမှာ ငါတို့အား ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်ရာ၌ နောက်ပြန်ဆွဲသောအရာများ ဖြစ်ပါသည်။ ငါတို့အား နောက်ဆုံးသော ပန်းတိုင်မှ အာရုံလွှင့်ပါးစေသော မည်သည့်အရာကိုမဆို အလို မရှိကြပါ။ ငါတို့သည် ပြေးလမ်းအဆုံးတိုင်အောင် ရောက်ဖို့ အလိုရှိကြပါသည်။ သို့ဖြစ်၍ ငါတို့၏ အသက်တာများထဲသို့ ဝင်လာသော အပြစ်များကို ဘေးဖယ် ထားကြရပါမည်။ ငါတို့သည် အလေးချိန်များကို ချထားကြရပါမည်။

ငါတို့သည် ယေရှုခရစ်တော်ကို ကြည့်လျှက် ပန်းတိုင် အရောက်ပြေးကြ

ရပါသည်။ ကိုယ်တော်သည် ငါတို့၏ ပုံသက်သေဖြစ်တော်မူ၏။ ကိုယ်တော်သည် ပန်းတိုးတိုင်သို့ ပြေးတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ကို ထမ်းခဲ့ပါသည်။ ခရစ်ယာန်အသက်တာထဲ၌ ကျွန်တော် ထမ်းရမည့်အရာများစွာရှိပါသည်။ ကျွန်တော် ခံရသော ဆင်းရဲဒုက္ခကိုမကြည့်။ ပန်းတိုင်၏ အဆုံးကိုသာ ကြည့်နေပါသည်။

> *"အပြစ်ရှိသောသူတို့လက်တွင်၊ ထိုမျှလောက်ကြီးသော ဆီးတားနှောင့်ယှက်ခြင်းကို ခံတော်မူသောသခင်ကို ထောက်ရှု ဆင်ခြင်သောအားဖြင့်၊ အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်အံ့သောငှါ ကြိုးစားကြလော့။ သင်တို့သည် ဒုစရိုက်အပြစ်ကို ဆိုင်ပြိုင် တိုက်လှန်၍ ကိုယ်သွေး ထွက်သည့်တိုင်အောင် မခံရကြသေး။" (ဟေဗြဲ ၁၂း၃-၄)*

သင်သည် ပင်ပန်းနွမ်းနယ် နေပါသလား။ သင်သည် အားနည်းချိနဲ့ခြင်းကို ခံစားဖူးပါသလား၊ သို့မဟုတ် လက်မြှောက်အရှုံးပေးရန် သင်၏လက်များကို ရုတ်သိမ်းဖူးပါသလား။ သင်သည် မျှော်စင် ပေါ်မှ ပစ်ချခြင်းကဲ့သို့ ခံစားဖူးပါသလား။ ထိုအရာများကို ကျွန်တော်ခံစားခဲ့ဖူးပါသည်။ အကယ်၍ သင်သည် ကယ်တင်ခြင်းသို့ ရောက်ပါက မည်သည့် အချိန်ကာလ၌မဆို သင်၌လည်း ရှိပါမည်။

ပင်ပန်းနွမ်းနယ်ခြင်းကို အောင်မြင်ကျော်လွှားနိုင်သောနည်းလမ်းနှင့် သင်၏မျက်စိအာရုံကို ခရစ်တော် ပေါ်၌သာ ပြန်လည်စူးစိုက်စေရန် ဆန္ဒကို ရရှိဖို့နည်းလမ်းကို သင့်အား သမ္မာကျမ်းစာက ပြောပြထားပါသည်။

> *"ထိုမှတစ်ပါး၊ ငါ့သား၊ ထာဝရဘုရားဆုံးမတော်မူခြင်းကို မမှတ်ဘဲ မနေနှင့်။ သင်၏အပြစ်ကို စစ်ဆေးတော်မူသောအခါ စိတ်မပျက်နှင့်။ ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏။ လက်ခံတော်မူသမျှသောသားတို့ကို ဒဏ်ခတ်တော် မူတတ်၏ဟု သူငယ်တို့ကိုဆိုသကဲ့သို့၊ သင်တို့ကို ပြောဆိုသော ဩဝါဒစကားကို မေ့လျော့ကြသလော။" (ဟေဗြဲ ၁၂း၅-၆)*





ဘုရားသခင်ကို ပုန်ကန်တော်လှန်ခြင်းအားဖြင့် ထိုအရာကို ရွေးယူခဲ့ရပါသည်။ သင်နှင့် ကျွန်တော်သည် ဤလောကထဲသို့ မွေးဖွားလာသောအခါ အပြစ်ထဲသို့ ဦးညွှတ်စေသည်။ အပြစ်တရား၌ မွေးဖွားလာခဲ့ကြပါသည်။ ငါတို့သည် အပြစ်ကို ရွေးချယ်ရန် အာမခံထားပါသည်။

သို့ဖြစ်ပါသောကြောင့် အကယ်၍ ဘုရားသခင်သည် ကျွန်တော့် အသက်တာကို ပြုပြင် ပြောင်းလဲပေးပါက ကျွန်တော် ကယ်တင်ခြင်း ရရှိခဲ့ပြီးနောက်ပိုင်း၌ ဘုရားသခင်သည် ကျွန်တော့်ကို စောင့်ထိန်းတော်မူပါက ကျွန်တော်သည် ကယ်တင်ခြင်းသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ ကိုယ်တော်သည် ကျွန်တော်၏ အထဲ၌လည်း သွားလာတော်မူပါမည်။ ထိုအရာမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်တော်မူချက်ပင်ဖြစ်ပါသည်။

ကျွန်တော် ကယ်တင်ခြင်း ရရှိခဲ့သောအခါ ကျွန်တော်၏ စိတ်ထဲ၌ အသက်ရှင်ရန် သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်တော်အား ပေးတော်မူသည်ဖြစ်သောကြောင့် ယခုတွင် ကျွန်တော်၏ အထဲ၌ ကိန်းဝပ်တော်မူကြောင်းကို သမ္မာကျမ်းစာက ဆိုထားပါသည်။ ကျွန်တော် သွားလေရာရာ၌ *Doug Hammett* သွားလာခြင်းသာမဟုတ်ပါ။ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်တော်နှင့်အတူ သွားလာတော်မူခြင်းဖြစ်ပါသည်။ ကျွန်တော် ပြုသမျှအရာ၌ ထိုခဏခြင်းတွင် ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်ရှိပါ၏။

ကယ်တင်ခြင်းသည် တခဏခြင်းတွင် သင့်အား ကယ်တင်တော်မူရန် သင်သည် ဦးညွှတ်၍ ယေရှုခရစ်တော်အား ဆုတောင်းသောအခါ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏အထဲသို့ ဝင်တော်မူ၏။ ထိုအချိန်မှစ၍ ဝိညာဉ်တော်ကို သင်၌ ထာဝရ အစဉ် ကျိန်းဝပ်တော်မူ၏။ အကယ်၍ တစ်စုံတစ်ဦးသည် သူ၏အထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်ကို ကျိန်းဝပ်တော်မူ ခြင်းမရှိပါက သူတို့သည် ကယ်တင်ခြင်းသို့ မရောက်ကြခြင်းဖြစ်ပါသည်။

ကျွန်တော်ဟာ ဘုရားသခင်၏ သားဖြစ်ကြောင်း အာမခံသောသူမှာ အတွင်းပိုင်း၌ ကိန်းဝပ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် တစ်ကြိမ်

ဤမပျက်စီးနိုင်သော မွေးဖွားခြင်း၏ သဘာဝကြောင့် အကယ်၍ ကျွန်တော်သည် မပျက်စီးနိုင်သော မျိုးစေ့အားဖြင့် မွေးဖွားလာပါက ထိုအရာမှာ အစဉ်အမြဲတည်၍ ဘယ်သောအခါမှ အဝေးသို့ လုယူမသွားနိုင်ပါ။ ကျွန်တော့်မှာ ထာဝရ အသက်ရှိပြီးဖြစ်၏။ ကျွန်တော်ဟာ ထိုအရာနှင့် ထိုက်တန်၍မဟုတ်ပါ။ ထိုအရာကို ကျွန်တော့်လုပ်အား (အကျင့်) ဖြင့် ရယူခြင်းလည်း မဟုတ်ပါ။ ကျွန်တော်ဟာ မပျက်စီးနိုင်သော မျိုးစေ့တည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဒုတိယမွေးခြင်းကို ခံရသောကြောင့် ဖြစ်ပါသည်။ ထိုထာဝရအသက်ကို ဘယ်သောအခါမျှ မဆုံးရှုံးနိုင်ပါ။ အဝေးသို့လည်း လုယူ၍မရပါ။

## အတွင်းပိုင်း၌ ကျိန်းဝပ်တော်မူသည့် သန့်ရှင်းသောဝိညာဉ်တော်

*"ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တစ်ပါးသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်။" (ယော ၁၄:၁၆)*

*"သို့သော်လည်း ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ သင်တို့သည် ဇာတိပကတိဘက်၌ ရှိကြသည်မဟုတ်။ ဝိညာဉ်ပကတိဘက်၌ ရှိကြ၏။ ခရစ်တော်၏ ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။" (ရော ၈:၉)*

လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ရောက်သောအခါ သူတို့သည် ဘုရားသခင်၏ ဝိညာဉ်တော် ကိန်းဝပ်သော နေရာဖြစ်လာသည်ဟု သမ္မာကျမ်းစာက သွန်သင်ထားပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့၏ အထဲ၌ နေရာယူ၍ ကိန်းဝပ်တော်မူ၏။

အာဒံကို ဖန်ဆင်းတော်မူသောအခါ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ စုံလင်သော သန့်ရှင်းခြင်းထဲ၌ ဖန်ဆင်းတော်မူခဲ့ပါသည်။ အာဒံအား အပြစ်ပြုနိုင်သော နည်းလမ်းဖြင့် ဖန်ဆင်းတော်မူခဲ့ခြင်းမဟုတ်ပါ။ သူသည်





ငါတို့သည် ပန်းကုံးတိုင်သို့ ပြေးနေကြသည်ဖြစ်ရာ ငါတို့သည်အပြစ်ပြုမိခြင်းနှင့် အမှားများကို ပြုမိသော အချိန်ရှိကြပါလိမ့်မည်။ ငါတို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြောင့် ငါတို့သည် မှန်သော လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်နိုင်ရန် ကိုယ်တော်သည် ငါတို့၏ ဘဝ အသက်တာထဲသို့ ပဲ့ပြင်ဆုံးမခြင်းဒဏ်ကို ယူဆောင်လာပါလိမ့်မည်။ သင့်အား မှန်သော လမ်းညွှန်ခြင်း၌ သွားစေဖို့ရန်ကြိုးစားစောင့်ရှောက်ကာ သင်ကြားပေးသူကို အထင်အမြင်သေးရှုံ့ရှာခြင်း မပြုနှင့်။ ထိုနေရာ၌ တစ်စုံတစ်ဦးသည် သင်နှင့်အတူရှိ၍ သင့်အား မည်သည့်အရာကို လုပ်ရမည်ကို ပြောပြပေးသောကြောင့် ဝမ်းမြောက်ခြင်းရှိပါ။

*"သင်တို့သည် ဆုံးမတော်မူခြင်းကိုခံလျှင်၊ သားတို့ကိုပြုသကဲ့သို့၊ ဘုရားသခင်သည် သင်တို့ကို ပြုတော်မူ၏။ အကြောင်းမူကား၊ အဘမဆုံးမသော သားတစ်စုံ တစ်ယောက် ရှိသလော။ သားအပေါင်းတို့သည် ခံတတ်သော ဆုံးမခြင်းကို သင်တို့သည် မခံဘဲနေလျှင်၊ သားရင်းမဟုတ်၊ မင်းဦးမင်းလွင်ရသောသား ဖြစ်ကြ၏။ တစ်နည်းကား၊ ကိုယ်ကာယနှင့် စပ်ဆိုင်သော အဘတို့လက်ဖြင့် ငါတို့သည် ဆုံးမခြင်းကိုခံရသောအခါ၊ သူတို့ကိုရိုသေကြ၏။ ထိုမျှမက၊ စိတ်ဝိညာဉ်တို့၏ အဘထံ ဝန်ခံအပ်နှံလျှင်၊ အသက်ချမ်းသာရကြမည် မဟုတ်လော။" (ဟေဗြဲ ၁၂:၇-၉)*

ငါတို့သည် ကြီးပြင်းလာသောအခါ ငါတို့ကို ပဲ့ပြင်ပေးသော မြေကြီးဆိုင်ရာ ဖခင်များကို ငါတို့တွင် မြောက်များစွာသော သူတို့၌ရှိကြပါသည်။ ကျွန်တော့်အား ရေချိုးခန်းသို့ သွားရန် ဖခင်၏ သွားတိုက်တံ (သို့မဟုတ်) ခါးပတ်ကိုယူပေးရန် စေခိုင်းခဲ့ခြင်းများကို ကျွန်တော်မှတ်မိပါသည်။ ကျွန်တော် ရေချိုးခန်းသို့ မသွားမီ ငိုယိုလျှက် ရှိနေခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘာတွေဖြစ်လာမည်ကို ကျွန်တော် သိခဲ့ပါသည်။ ထိုအရာဟာ နာကျင်မှုဖြစ်မည်ကို ကျွန်တော်သိခဲ့ပါသည်။ ကျွန်တော် သည် ပြင်းထန်စွာငိုယိုခဲ့ပါလျှင် အဖေက ခိုင်းတော့မည်မဟုတ်ဟု အစဉ်အမြဲစဉ်းစားမိခဲ့ပါသည်။ ထိုသို့ ဘယ်သောမျှဖြစ်မလာခဲ့ပါ။ လက်ဝါးဖြင့်ရိုက်ခြင်းကိုသာ ခံခဲ့ရပါသည်။

ကျွန်တော့်အဖေသည် ကျွန်တော့်ကို အလွန်ချစ်သောကြောင့် ဆုံးမပဲ့ပြင်ခဲ့ပါသည်။ ကျွန်တော်သည် ဖခင်အား ရိုသေလေးစားမှုကို ပေးခဲ့ပါသည်။ ကျွန်တော်သည် အဖေကို ရိုသေလေးစားသည်ဖြစ်၍ သူ့အား ဘယ်သော အခါမှ အန်ခံ၍ပြန်မပြောခဲ့ပါ။

ငါတို့၏ ဘဝအသက်တာထဲ၌ ဘုရားသခင်၏ ဆုံးမပဲ့ပြင်တော်မူခြင်းသည် မြေကြီးနှင့်ဆိုင်သော ငါတို့၏ဖခင်ထံမှ ရရှိသည့် ဆုံးမပဲ့ပြင်ခြင်းထက် ပို၍ များစွာအရေးကြီးပြီး ပို၍ အလွန် အရေးပါသော အသက်သွေးခဲ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အစမှ အဆုံးထိ မြင်တော်မူ၏။ ဘုရားသခင်သည် ငါတို့ လုပ်နေသော အရာများကိုသာ မြင်တော်မူသည် မဟုတ်၊ ငါတို့၏ ရည်ရွယ်သည့်အကြောင်းရင်းနှင့် စိတ်နှလုံးကိုပါ မြင်တော်မူ၏။ အကယ်၍ ကျွန်တော်သည် ဘုရားသခင်၏သားမှန်လျှင် သားကဲ့သို့ဆုံးမပဲ့ပြင်ခြင်းကို ခံရပါလိမ့်မည်ဖြစ်ကြောင်း သမ္မာကျမ်းစာက ဆိုထားပါသည်။

ကျွန်တော့်သားသမီးများပေါ်၌ ကျွန်တော်တာဝန်ရှိပါသည်။ သူတို့သည် ကျွန်တော့်အားဖြင့် ဆုံးမပဲ့ပြင်ခြင်းကို ခံကြရပါသည်။ သင်၏သားသမီးများ ပေါ်၌ သင်တာဝန်ရှိပါသည်။ သူတို့သည် သင့်အားဖြင့် ပဲ့ပြင်ဆုံးမခြင်းကို ခံကြရပါသည်။ အကယ်၍ သင်သည် ကိုယ်တော်၏ သားဖြစ်ပါက သင်သည် ကိုယ်တော်၏ ပဲ့ပြင်ဆုံးမခြင်းကို ခံရမည်ဟု ဘုရားသခင်မိန့်တော်မူ၏။ အကယ်၍ သင်သည် ပဲ့ပြင်ဆုံးမခြင်းကိုမခံရပါက သင်သည် မင်းဦးမင်းလွင် ရသောသား၊ တရားဝင် မဟုတ်သောသား ဖြစ်ပါသည်။ သင်သည် ကိုယ်တော်နှင့်မဆိုင်ပါ။ ကျွန်တော် ကယ်တင်ခြင်းရသည်ကိုမည်သို့ သေချာစိတ်ချနိုင်မည်နည်း။ အကယ်၍ ကျွန်တော်သည် ဘုရားသခင်၏ သားမှန်လျှင် ပဲ့ပြင်ဆုံးမခြင်းကို ခံရပါမည်။ ဘုရားသခင်၏ သားသမီးများအားလုံးတို့သည် ထာဝရဘုရား၏ ဆုံးမပဲ့ပြင်ခြင်းကို ခံကြရပါမည်။

ဤအရာသည် ထာဝရ လုံခြုံမှုနှင့် မည်သို့ ဆက်နွယ်မှုရှိပါသနည်း။ ငါတို့အပြစ်လုပ်သောအခါ ဘုရားသခင်သည် ငါတို့ကို ဆုံးမပဲ့ပြင်တော်မူပါ သလား။ ငါတို့အပြစ် လုပ်သောအခါတိုင်း၌ ငါတို့၏ ကယ်တင်ခြင်း ဆုံးရှုံးသွားပါသလား။ ဘုရားသခင်သည် ကိုယ်တော်နှင့်ဆက်သွယ်မှု ဆုံးရှုံး





ဖြစ်ပါသည်။ နောက်ဆုံးတွင် ထိုပျက်စီးတတ်သော မျိုးစေ့သည် သေသွားရပါမည်။

သို့သော်လည်း ဒုတိယ မွေးခြင်းခံသော ငါတို့သည် ဘုရားသခင်၏ မိသားစု ထဲသို့ မွေးဖွားလာခဲ့ကြပြီးဖြစ်ပါသည်။ ထိုမွေးဖွားခြင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော မပျက်စီး မပုပ်သိုးနိုင်သည့် မျိုးစေ့အားဖြင့် မွေးဖွားခြင်းက နေရာယူခဲ့ပါသည်။

*"သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်*
*ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏*
*စကားတော်အားဖြင့် ဖြစ်၏။" (ရော ၁၀း၁၇)*

အဘယ်ကြောင့်ဆိုသော် ကျွန်တော်ဟာ ကယ်တင်ခြင်းသို့ ရောက်ခဲ့ပြီ ဖြစ်၏။ ဘုရားသခင် သည် ကျွန်တော့်အား အာဒံ၏ အပြစ်ဒဏ်စီရင်ခြင်း၏ သေခြင်းကို ကြေညာတော်မူခဲ့ပါသည်။ ဘုရားသခင်က " Doug " သင်သည် ငရဲသို့သွားပြီးဖြစ်ပါသည်။ အပြစ်ဒဏ်စီရင်ခြင်းမှာ အဝေးသို့ ဖယ်ရှားသွားခဲ့ပြီး ဖြစ်ပါသည်။ ထိုအရာဟာ ဆေးကြောခဲ့ပြီး ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအပြစ်အတွက် ယေရှုခရစ်တော်၏ အသွေးတော် အားဖြင့် အပြည့်အဝ ပေးဆပ်ခဲ့ပြီးဖြစ်ပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောပြောခြင်း အားဖြင့် ဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်တော်မူခြင်းကြောင့် ကျွန်တော်သည် ဘုရားသခင်၏ အိမ်ထောင်မိသားစု ထဲသို့ မွေးဖွားလာခဲ့ပါသည်။

ဤအသစ်သော မွေးဖွားခြင်းသည် မပျက်စီးနိုင်သော မွေးဖွားခြင်း ဖြစ်ပါသည်။ အဘယ် ကြောင့်ဆိုသော် ထိုအရာမှာ ထာဝရကာလ အသက်ရှင်လျက် တည်ရှိတော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပါသည်။ နောက်ဆုံးတွင် ဤမပျက်စီးနိုင်သော မွေးဖွားခြင်းသည် မပျက်စီးနိုင်သော အမွေကို ခံခြင်းထဲ၌ အဆုံးသပ်သွားမည်ဖြစ်ကြောင်း ကတိတော်ကိုလည်း ကျွန်တော် ရရှိပါသည်။ ထိုနေရာဟာ ဘုရားသခင်နှင့် အတူရှိနေရာ ကောင်းကင်အိမ်တော်ဖြစ်၍ ဘယ်တော့မှ မပျက်စီးနိုင်၊ လုယူသွား၍လည်း မရနိုင်ပါ။

မိသားစုဖြစ်စေသောအခါ ကျွန်တော်သည် ခရစ်တော်၌ ရှိသမျှသော အရာအားလုံးကို အမွေခံသောသူတစ်ယောက် ဖြစ်လာခဲ့ပါသည်။ (၁ ယော ၅း၁၁-၁၂)။ ယေရှုခရစ်တော်၌ရှိသော အသက်မှာ ထာဝရအသက်၊ ဘုရားသခင် ဆိုင်သောအသက်၊ မပျက်စီးနိုင် သော အသက်နှင့် မညစ်ညူး သော အသက်ဖြစ်ပါသည်။ ထို့ကြောင့် အသက်ရှင်သောသူကဲ့သို့ သင့်ကို ကျွန်တော် ပြောဆိုနေပါသည်။ ကိုယ်ကာယနှင့် ဆိုင်သော အသက်မဟုတ်၊ ထာဝရအသက် ဖြစ်ပါသည်။ သည့်အရင် ကျွန်တော်ဟာ မိမိအပြစ်ကြောင့် ငရဲသို့ ဦးတည်နေပါသည်။ ယခုတွင် ကျွန်တော်၏ ဦးတည်နေသော ခရီးလမ်း ဆုံးမှ ကောင်းကင်နိုင်ငံတော်သို့ ဖြစ်ပါသည်။

## ၄။ <u>အသစ်သော မျိုးစေ့</u>

"မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဖွားသောကြောင့် ညီအစ်ကိုများကို ချစ်ယောင်မဆောင် အမှန်ချစ်ခြင်း အလို့ငှါ၊ စိတ်ထဲမှာ သမ္မာတရား ကို နားထောင်လျက်၊ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီးသည်နှင့် အညီ၊ စင်ကြယ်သောစိတ်နှင့် အချင်းချင်း အားကြီး သော ချစ်ခြင်းမေတ္တာရှိကြလော့။" (၁ပေ ၁း၂၃)

ကျွန်တော်သည် ဤလောကသို့ မွေးဖွားလာသောအခါ ပျက်စီးနိုင်သော မျိုးစေ့အားဖြင့် ကျွန်တော် မွေးဖွားလာခဲ့သည်။ ဤစာကို ဖတ်ရှုသော သင်တို့ အယောက်တိုင်းတို့ဟာ တစ်နေ့သောအခါ သေကြရပါလိမ့်မည်။ သင်သည် ကိုယ်ကာယဆိုင်ရာ၌ ဤအသက်ကို ကျော်လွန်သွားရပါလိမ့်မည်။ သင်သည် ဤလောကထဲသို့ မွေးဖွားစေခဲ့သော မျိုးစေ့မှာ အာဒံ၏ မိသားစုမှ လာသော ပျက်စီးပုပ်သိုးနိုင်သည့် မျိုးစေ့ဖြစ်ပါသည်။

သင်သည် အသက်ရှင်ဖို့ရန် မွေးဖွားလာခဲ့ခြင်းမဟုတ်ပါ။ သင်သည် သေဖို့ရန်သာ မွေးဖွားလာခဲ့ရပါသည်။ အနေးနှင့်အမြန် ရောက်လာမည်ဖြစ် ပါသည်။ သင်၌ ပျက်စီးနိုင်သော မွေးဖွားခြင်းရှိ၏။ အဘယ်ကြောင့်ဆိုသော် သင်ဟာ ပျက်စီးနိုင်သော မျိုးစေ့အားဖြင့် မွေးဖွားလာခဲ့ပါ သည်။ ထိုအရာမှာ သင်၏ မိဘနှစ်ပါးတို့က သင့်ကို ပေးနိုင်သည့် အကောင်းဆုံးသော အရာပင်





သွားသော တစ်စုံတစ်ဦးကို အဘယ်ကြောင့် ဆုံးမပဲ့ပြင်တော်မူသနည်း။ အကယ်၍ သူတို့သည် ဘုရားသခင်၏ သားမဟုတ်တော့ဘူး ဆိုပါက ဘုရား သခင်သည် သူတို့ကို ဆုံးမပဲ့ပြင်တော်မူမည်မဟုတ်ပါ။

ငါတို့သည် တစ်ကြိမ် ကယ်တင်ခြင်းသို့ ရောက်ရှိခဲ့ပါက အစဉ်အမြဲ ကယ်တင်ခြင်းသို့ ရောက်ရှိနေပါသည်။ ငါတို့သည် အစဉ်အမြဲ ကိုယ်တော်၏ ဂရုစိုက်ခြင်းနှင့် အခွင့် အာဏာအောက်၌ ရှိနေကြပါသည်။ ငါတို့သည် ဘောင်ပြင်သို့ရောက်သောအခါ ဆုံးမပဲ့ပြင်ရန်မှာ ကိုယ်တော်၏ တာဝန်ဖြစ်ပါ သည်။ အကယ်၍ သင်သည် တစ်ကြိမ်တစ်ခါမျှ ဘုရားသခင်၏ ဆုံးမ ပဲ့ပြင်ခြင်းကို မခံခဲ့ပါက သင်သည် ကိုယ်တော်နှင့်ဆိုင်သော သူမဟုတ်သော ကြောင့်ဖြစ်ပါမည်။ သင်ဟာ စာတန်နှင့်သာ ဆိုင်ပါမည်။ ဘုရားသခင်သည် စာတန်၏သားသမီးများအား တစ်ယောက်ကိုမျှ ဆုံးမပဲ့ပြင်တော်မူမည် မဟုတ်ပါ။

> *"အကြောင်းမူကား၊ ထိုအဘတို့သည် မိမိအလိုသို့လိုက်၍ တခဏသာ ဆုံးမပေးကြ၏။ ကိုယ်တော်မူကား၊ မိမိ သန့်ရှင်းခြင်း ပါရမီတော်ကို ငါတို့သည် ဆက်ဆံစေ ခြင်းငှါ၊ ငါတို့အကျိုးကို ထောက်၍သာ ဆုံးမပေးတော်မူ၏။ ဆုံမခြင်းမည်သည်ကား၊ ခံရစဉ်အခါ ဝမ်းမြောက်စရာ မထင်၊ ဝမ်းနည်းစရာ ထင်တတ်၏။ သို့သော်လည်း၊ ဆုံးမ ခြင်းကို ခံရသောသူတို့သည်၊ နောက်မှ ငြိမ်သက်ခြင်းနှင့် သက်ဆိုင်သော ဖြောင့်မတ်ခြင်းအကျိုးကို ခံရကြ၏။" (ဟေဗြဲ ၁၂း၁၀-၁၁)*

စည်းကမ်းတကျပြုပြင်ခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်း၏ ရည်ရွယ်ချက်မှာ မည်သည့်အရာ ဖြစ်ပါသနည်း။ ထိုအရာမှာ (ရောမ ၈း၂၉) ၌ တွေ့ရသည်။ ငါတို့အား ဘုရားသခင်၏ပုံသဏ္ဍာန်ထဲ၌ ပြုပြင်တော်မူ၏။ (ဧဖက် ၁း၅-၆) ၌ ငါတို့သည် ကိုယ်တော်ရှေ့၌ သန့်ရှင်းခြင်းရှိ၍ အပြစ်တင်ခွင့်နှင့် ကင်းကာ ချစ်ခြင်းမေတ္တာထဲ၌ ရှိရ မည်။ (ဟေဗြဲ ၁၂း၁၀) ၌ ငါတို့သည် ကိုယ်တော်၏ သန့်ရှင်းတော်မူခြင်းကို မျှဝေခံစားသူများ ဖြစ်ကြဖို့ရန်ဟူသော ရည်ရွယ် ချက်ပင် ဖြစ်ပါသည်။

သင်သည် မည်သို့ အသက် ရှင်သည်အကြောင်းနှင့် မဆိုင်ဘဲ ကောင်းကင်နိုင်ငံတော်သို့ သွားမည်ကို သင် သိရှိစေရန် ဘုရားသခင်သည် သင့်ကို ကယ်တင်တော်မူခဲ့သည် မဟုတ်ပါ။ သင့်အား အပြစ် လုပ်ဖို့ လိုင်စင်ပေးရန် ကိုယ်တော်သည် သင့်ကို ကယ်တင်တော်မူသည် မဟုတ်ပါ။ တစ်နေ့သောအခါ သင်သည် ကိုယ်တော်ရှေ့၌ အပြစ်အနာအဆာမရှိ၊ အပြစ်တင်ခွင့်နှင့် ကင်းလျှက် စုံလင်သောသူ၊ သန့်ရှင်းသောသူအဖြစ် ပေါ်လာစေရန် ဘုရားသခင်သည် သင့်ကို ကယ်တင်တော်မူခြင်း ဖြစ်ပါသည်။ ထိုနေ့၌ သင်သည် အပြည့်အဝဘုန်းဝင် စားခြင်း(ချီးမြှောက်ခြင်း)သို့ ရောက်ရှိသွားပါမည်။ မည်သည့်အပြစ်သို့ မဟုတ်၊ မည်သည့် အပြစ်အနာအဆာမျှ မရှိဘဲ ပေါ်လာဖို့ရန်နှင့် သင်သည် ထာဝရကာလ အတွက် ကိုယ်တော်၏ ကျေးဇူးတော်၏ စင်တစ်ခုဖြစ်ဖို့ရန် ဖြစ်ပါသည်။

အကယ်၍ ပုဂ္ဂိုလ်တစ်ဦးက သင်သည် ကယ်တင်ခြင်း ရနိုင်သော်လည်း နောက်ပိုင်း၌ ထိုကယ်တင်ခြင်းကို ဆုံးရှုံးနိုင်ပါသည်ဟု ပြောဆိုပါက ဘုရားသခင်၏ အကြံအစည်နှင့် စီမံကိန်းသည် ပျက်စီးသွားလိမ့်မည်ဟူ၍ ပြောဆိုခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ ချစ်ခြင်း မေတ္တာသည် ခိုင်လုံအောင် ကြီးမားခြင်း၊ နက်နဲခြင်း၊ ကောင်းမြတ်ခြင်း၊ မရှိဟူ၍ သူတို့ပြောဆိုခြင်းသာ ဖြစ်ပါသည်။ သူတို့က ဘုရားသခင်၏ ဆုံးမပဲ့ပြင်တော်မူခြင်းသည် မည်သည့် တန်ဖိုးမျှမရှိဟု ပြောဆိုခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော် အုတ်မြစ်ပေါ်၌ ကျွန်တော် ပြောဆိုသည်မှာ သင်၌ထာဝရ လုံခြုံမှုသည် ခမည်းတော်၏ လုပ်ဆောင်တော်မူခြင်းအားဖြင့် အာမခံပေးထားပါသည်။





သို့သွားရန် နေရာကို ပြင်ဆင်ပေးတော်မူ၏။ ကျွန်တော်သည် ရှေးဟောင်း မျိုးဆက်မှ ပြောင်းလဲရပါမည်။ ကျွန်တော်သည် အာဒံ၏ မိသားစုနှင့် ဆိုင်၍ နေစဉ် ငရဲသည် ကျွန်တော့်အတွက် ခရီးလမ်းဆုံးဖြစ်၏။ သို့သော်လည်း ကျွန်တော်သည် ယေရှုခရစ်တော်ကို ကျွန်တော်၏ ကယ်တင်ရှင်အဖြစ် ယုံကြည်ကိုးစားသော နေ့မှစ၍ ဘုရားသခင်သည် ကျွန်တော့်အား အာဒံ၏ မိသားစုမှ နှုတ်ယူ၍ ယေရှုခရစ်တော်၏ မိသားစုဝင် စာရင်းထဲ၌ ထည့်သွင်းတော်မူ၏။ ယေရှုသည် ကျွန်တော့်မိသားစု၏ ဦးခေါင်းဖြစ်လာပါသည်။

## ၂။ <u>အသစ်သော သဘာဝဇာတိ</u>

ထိုသို့ဖြစ်ပျက်ခဲ့သောအခါ ကျွန်တော်သည် အသစ်သော သဘာဝကို အမွေခံခဲ့ပါသည်။ ကျွန်တော်၏ ဇာတိဟောင်းသည် အပြစ်၌ ချည်နှောင်ထားပါ၏။ ကျွန်တော်သည် အစဉ်အမြဲ အပြစ်ပြုနေ၏။ ကျွန်တော်သည် ကောင်းအောင် ဘယ်လိုဘဲကြိုးစားပါစေ အပြစ်ထဲသို့သာ ကျရောက်ခဲ့ရပါသည်။ သံမှိုသံစ ကလေးများသည် သံလိုက်ပေါ် စွဲကပ်နေသကဲ့သို့ ဖြစ်ခဲ့ပါသည်။ သို့သော်လည်း ကျွန်တော်သည် ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသော အခါ ကျွန်တော့်အား ဘုရားသခင်၏ ဇာတိပကတိကို ပေးတော်မူခဲ့ပါသည်။ ထိုအရာမှာ ဘုရားသခင် ကိုယ်တော်တိုင်၏ ဇာတိပကတိပင် ဖြစ်ပါသည်။ (၂ပေ ၁း၄) ယခုတွင် ကျွန်တော်သည် ဖြောင့်မတ်ခြင်းသို့ ရောက်ပြီးဖြစ်၏။

ကျွန်တော်သည် စုံလင်ခြင်း အဆင့်သို့ ရောက်ပြီဟု ပြောဆိုခြင်း မဟုတ်ပါ။ အပြစ်ကို ပြုသော ကျွန်တော်၏ ဇာတိဟောင်းလည်းရှိပါသေး၏။ သို့သော်လည်း ယခုတွင် ကျွန်တော်၌ ရွေးချယ် ပိုင်ခွင့်ရှိ၏။ အထက်က ကျွန်တော်သည် အပြစ်၌ ချည်နှောင်လျက်ရှိ၏။ ယခုတွင် ကျွန်တော်၌ ယေရှုခရစ်တော် အတွက်အသက်ရှင်ရန်ရွေးချယ်ပိုင်ခွင့်ရှိပြီးဖြစ်၏။ (ရော ၆-၈)

## ၃။ <u>အသစ်သော ခရီးလမ်းဆုံး</u>

ကျွန်တော်ကယ်တင်ခြင်းသို့ ရောက်သောအခါ အသစ်သော ခရီးလမ်းဆုံးကိုလည်း လက်ခံ ရရှိပြီးဖြစ်၏။ ကျွန်တော့်အား ဘုရားသခင်၏

နှင့်အတူ ထာဝရကာလ အသက်ရှင်ရှိနေခြင်းမှာ ကင်းလွတ်စေခြင်းဖြစ်ပါသည်။

ကောင်းကင်သို့သွားသော လမ်းတစ်ခုရှိကြောင်း ယေရှု မိန့်တော်မူ၏။ ကိုယ်ကာယပိုင်း ဆိုင်ရာမဟုတ်၊ ဝိညာဉ်ပိုင်းဆိုင်ရာ သဘာဝထဲ၌ မွေးသော ဒုတိယ မွေးခြင်းရှိပါသည်။ ထိုအရာမှာ ကိုယ်ခန္ဓာ၌ သေ၍ တစ်ဖန် လူဝင်စားခြင်း သဘောမျိုး မဟုတ်ပါ။ ထိုအရာမှာ သင်ကိုယ်တိုင် ကလေးသူငယ် ပြန်ဖြစ်သွားကာ သင်လွှဲချော်ခဲ့သောအရာများကို ကြိုးစား၍ မှန်ကန်စေခြင်းမဟုတ်ပါ။

ယေရှုခရစ်တော် မိန့်တော်မူသော ကောင်းကင်သို့ သွားရာလမ်းမှာ ဒုတိယမွေးဖွားခြင်း ဖြစ်ပါသည်။ ငါတို့သည် ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဒုတိယ မွေးခြင်းကို ခံကြရပါသည်။ (တိတု ၃း၅) ကိုယ်တော်သည် ကယ်တင်ခြင်းသို့ ရောက်သောအချိန်၌ ငါတို့၏ အသက်တာများထဲသို့ ဝင်လာကာ ငါတို့ကို အသစ်မွေးစေတော်မူ၏။ (သို့မဟုတ်) ငါတို့အား အသက်ရှင်စေတော်မူ၍ ဘုရားသခင်နှင့် မိတ်သဟာယ ပြုစေတော်မူ၏။

## *သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်မွေးဖွားခြင်း*

(တိ ၃း၅) ထဲ၌ ကယ်တင်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဒုတိယ မွေးခြင်းနှင့် ဆိုင်သော ဆေးကြောခြင်းနှင့် အသစ်ပြုပြင်ခြင်းအားဖြင့် လာသည်ကို ငါတို့အား ပြောပြထားပါသည်။ ကယ်တင်ခြင်းမှာ ငါတို့ လုပ်ဆောင်သော ဖြောင့်မတ်ခြင်းအားဖြင့် မဟုတ်ပါ။ ထိုအရာမှာ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်၏ လုပ်ဆောင်တော်မူခြင်းအားဖြင့် ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ငါတို့ကို အသစ်မွေးဖွားစေတော်မူ၏။ (သို့) ငါတို့ထဲ၌ အသက်ကို အမြစ်စွဲ စေတော်မူ၏။

### ၁။ <u>အသစ်သောမိသားစု</u>

ငရဲသို့ သွားရန် ထိုက်တန်သော ကျွန်တော့်အဖို့ ကောင်းကင်၌ ထာဝရ အသက်ကို ပေးတော်မူ၏။ ကျွန်တော်သည် အခြားသော မိသားစုနှင့်ဆိုင်၏။ ကျွန်တော့်အား အစ္စ၏ မျိုးစဉ်မျိုးဆက်မှ ရွှေ့ပြောင်း၍ ကောင်းကင် နိုင်ငံတော်



# အခန်း (၃)

# သားတော်၏လုပ်ဆောင်တော်မူခြင်း

*“သားယောက်ျားကို ဖွားမြင်လိမ့်မည်။ ထိုသားသည်*
*မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည့်သူ ဖြစ်သောကြောင့်၊*
***ယေရှု** ဟူသော အမည်ဖြင့် မှည့်ရမည် ဟု*
*ကောင်းကင်တမန်ဆို၏။” (မဿဲ ၁ း၂၁)*

ထာဝရ လုံခြုံမှု၌ ယေရှုခရစ်တော်သည် မည်သည့်အရာကို လုပ်ဆောင်တော်မူပါသနည်း။ (မဿဲ ၁း၂၁)၌ ကိုယ်တော် မွေးဖွားတော်မူသည်နှင့် ယေရှုဟူသော အမည်ကိုပေးကြ၏ဟု ဆိုပါသည်။ ယေရှု ဟူသောအမည်နာမ၏ဆိုလိုရင်းမှာ “ကယ်တင်ရှင်” ဟူ၍ ဖြစ်ပါသည်။

ပုဂ္ဂိုလ်တစ်ဦးသည် သခင်ယေရှုခရစ်တော်ပေါ်၌ယုံကြည်သောအခါ သူသည်ကယ်တင်ခြင်းသို့ ရောက်ရှိ သွားပြီဟု သမ္မာကျမ်းကဆိုပါသည်။ (ရောမ ၁၀း၁၉-၁၃) သူတို့သည် နောက်ဆုံးတွင် ကယ်တင်ခြင်းသို့ ရောက်ရန် ဘုရားသခင်သည် သူတို့ကို ထိုအခြေအနေထဲ၌ ထားရှိတော်မူသည်ဟူ၍ ပြောဆိုခြင်းမဟုတ်ပါ။ လူသည် ပစ္စုပ္ပန်ကာလ၌ ကယ်တင်ခြင်းရနိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ ထိုအရာမှာ ဖြစ်နိုင်၏။ အဘယ်ကြောင့်ဆိုသော် ယေရှုခရစ်တော်သည် ငါတို့၏ ကယ်တင်ခြင်းအတွက် အဖိုးအခကို ပေးဆပ်တော်မူခဲ့ပြီးဖြစ်၏။ သို့ဖြစ်၍ ကယ်တင်ခြင်းသည် သခင်ယေရှုခရစ်တော်၏ လုပ်ဆောင်တော်မူခြင်းဖြစ်ပါသည်။

ထာဝရ လုံခြုံမှု၏ ဩဝါဒက ကျွန်တော်ကယ်တင်ခြင်းရသည့် နေ့မှစ၍ ဘုရားသခင်နှင့်အတူ အိမ်တော်သို့သွားသောနေ့ထိ ကျွန်တော်၌ လုံခြုံမှုရှိသည်ဟု ဆိုထားပါသည်။ ကျွန်တော်၏ ကယ်တင်ခြင်းကို ဘယ်သောမှ ဆုံးရှုံးလိမ့်မည် မဟုတ်ကြောင်းကို ကျွန်တော် အသေအချာစိတ်ချနိုင်ပါသည်။ ကိုယ်တော်၏ သားသမီးများ ထဲမှ တစ်ယောက်သောသူ အနေဖြင့် ဘုရားသခင်သည် ကျွန်တော့်အား ငြင်းပယ်သောနေ့သို့ ဘယ်သောအခါမျှ ရှိလိမ့်မည်

မဟုတ်ပါ။ ကျွန်တော်သည် ကိုယ်တော်နှင့် ဆိုင်ပါ၏။ "ထာဝရလုံခြုံမှုမရှိ" ဟူ၍ ကျွန်တော်ခေါ်ဆိုသော အရာကို ယုံကြည်သောသူသည် အလွန် ရိုးသား ဖြောင့်မတ်သော လူတစ်ချို့တို့သည် ငါတို့၏ ကမ္ဘာလောကထဲ၌ ရှိနေကြ ပါသည်။ ဘုရားသခင်သည် ငါတို့အား ပေးတော်မူပြီးဖြစ်သော ကယ်တင် ခြင်းကို ငါတို့သည် တစ်နေရာရာ၌ အပြစ်တစ်စုံ တစ်ရာကို ပြုမိပါက ဆုံးရှုံး သွားနိုင်သည်ဟု သူတို့ယုံကြည်ကြပါသည်။ အကယ်၍ ထာဝရ လုံခြုံမှုသည် သမ္မာကျမ်းစာထဲ၌ သွန်သင်သောအရာ ဖြစ်ပါက ဘုရားသခင်၏ နှုတ်ကပတ် တော်ထဲ၌ မဖြစ်နိုင်သည့် တစ်ချို့သော အရာများကို သင့်အားဖော်ပြလို ပါသည်။

*"ထိုနည်းတူ ငါဆိုသည်ကား၊ ဘုရားသခင်၏*
*ကောင်းကင် တမန်တို့သည် နောင်တရသော*
*လူဆိုးတစ်ယောက်၌ ဝမ်းမြောက်ခြင်းရှိကြသည်*
*ဟုမိန့်တော်မူ၏။" (လုကာ ၁၅း၁၀)*

မြေကြီးပေါ်၌ တစ်စုံတစ်ယောက်သည် ကယ်တင်ခြင်းသို့ ရောက်သော အခါ ထိုအချိန် ခဏချင်းတွင် ကောင်းကင်၌ ဝမ်းမြောက်ခြင်းရှိ၏။ ကောင်း ကင်၌ရှိသော ကောင်းကင်တမန်တို့နှင့် လူတို့သာ ဝမ်းမြောက်ခြင်း ရှိကြသည် မဟုတ်ပါ။ ကောင်းကင်တမန်များ ရှိရာ အရပ်၌ ဝမ်းမြောက်ခြင်းရှိ၏။ ဘုရားသခင် အနန္တတန်ခိုးရှင် ကိုယ်တော်တိုင်မှတစ်ပါး အခြားသောမည် သူသည် ကောင်းကင်တမန် ရှိရာ နေရာ၌ရှိတော်မူမည်နည်း။ ခမည်းတော် ဘုရားသခင်သည် မိမိပလ္လင်တော်ပေါ်၌ ထိုင်တော်မူ လျက် တစ်စုံတစ်ဦးသည် ကယ်တင်ခြင်းသို့ရောက်သောအခါ ဝမ်းမြောက်တော်မူ၏။

သို့ဖြစ်၍ ထာဝရလုံခြုံမှုသာ မမှန်ပါက ကောင်းကင်၌ ဘုရားသခင်၏ ဝမ်းမြောက်ခြင်းသည် မဖြစ်နိုင်ရာ။ ကိုယ်တော် ဝမ်းမြောက်ရသော လူ တစ်ယောက်သည် နက်ဖြန်နေ့တွင် တစ်ဖန် ဆုံးရှုံးသွား နိုင်ပါသလား။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို သိမြင်တော်မူ၏။ သူတို့သည် မိမိတို့၏ ကယ်တင်ခြင်းကို ဆုံးရှုံးလုနီးမတတ်ဖြစ်လိမ့်မည်ကို ကိုယ်တော် သိတော်မူ၏။ သို့ဖြစ်လျှင်အပြစ်သား တစ်ဦးချင်းတို့၏ ကယ်တင်ခြင်းပေါ်၌ ကိုယ်တော်သည် အဘယ်ကြောင့် ဝမ်းမြောက်ခြင်းရှိရပါသနည်း။





မမွေး လာနိုင်သည် သာမက စုံလင်သော အသက်တာ၌လည်း အသက်ရှင်၍ မရနိုင်ပါ။

*"ယေရှုကလည်း၊ ရေနှင့် ဝိညာဉ်တော် မမွေးသောသူ*
*မည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရဟု*
*ငါအမှန် အကန်ဆို၏။" (ယော ၃း၅)*

ဒုတိယ မွေးခြင်းဟူသည်မှာ သင်သည် အမိဝမ်းထဲသို့ ပြန်ဝင်၍ ဘဝကို ပြန်လည်အစပြု ကာ စုံလင်ခြင်းသို့ရောက်ရန် ဒုတိယ အကြိမ် ကြိုးစားခြင်း သဘောမဟုတ်ပါ။ ထိုအရာမှာ "ရွက်သစ်ထွက်ခြင်း" (သို့) ကောင်းသော အသက်တာ၌ အသက်ရှင်ရန် ကြိုးစားခြင်းဖြစ်ပါသည်။ လူတစ်ယောက်သည် အသင်းတော်ထဲ၌ အသင်းဝင်ခြင်း၊ ဗတ္တိဇံမင်္ဂလာကို ခံခြင်းအားဖြင့် ဒုတိယ မွေးခြင်း မရရှိနိုင်ပါ။ ထိုနည်းလမ်းမှာ ကောင်းကင်သို့ရောက်သော နည်းလမ်း မဟုတ်ပါ။

လူတစ်ယောက်သည် ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ ဝင်ရန်မှာ သူသည် နှစ်ကြိမ်မွေးရ ပါမည်။ ပထမ၊ ရေ၌မွေးခြင်းဖြစ်ပါသည်။ ထိုအရာမှာ ကိုယ်ကာယပိုင်းဆိုင်ရာ မွေးခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကလေး သူငယ်တစ်ယောက် မမွေးလာမီ သားအိမ်ကွဲရပါမည်။

ဒုတိယ၊ ဝိညာဉ်ရေးဆိုင်ရာ မွေးခြင်းဖြစ်ပါသည်။ ဤလောကထဲသို့ မွေးဖွားလာသည်နှင့် မလုံလောက်သေးပါ။ ငါတို့သည် ဒုတိယ မွေးခြင်း ခံကြရသည်မှာသန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ဖြစ် ပါသည်။

## အသစ်မွေးဖွားခြင်းအားဖြင့် ကယ်တင်ခြင်း လာ၏

ငါတို့ တစ်ဦးချင်းတို့မှာ အာဒံ၏ အပြစ်သဘာဝကို အမွေခံလျက် လောကထဲသို့ မွေးလာခဲ့ ကြပါသည်။ ထိုအပြစ်တရားကြောင့် ငါတို့သည် အပြစ်ကို စိတ်စွဲလန်းနေကြပါသည်။ ငါတို့သည် သေခြင်းတည်းဟူသော အပြစ်တရား၏အခကို အမွေခံကြရပါသည်။ ထိုသေခြင်းမှာ သေပြီး သင်္ချိုင်းသို့ သွားခြင်းသက်သက် မဟုတ်ပါ။ ထိုအရာမှာ အနန္တတန်ခိုးရှင် ဘုရားသခင်နှင့် ခွဲခွာခြင်း၊ ဘုရားသခင်နှင့် ဆက်သွယ်မှုပြုခြင်းမှ ကင်းဝေးစေခြင်း၊ ကိုယ်တော်

*အပြစ်တရားသည် တစ်ယောက်သောသူ (အဒွံ) အားဖြင့် ဤလောကသို့ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ကြရ၏။"* ဟု ဆိုလိုရင်းဖြစ်ပါသည်။

ဤလောကထဲသို့ အပြစ်ကို ယူဆောင်လာခဲ့သော သူမှာ အာဒံဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ငါတို့သည် အာဒံ၏ အမျိုးအနွယ်မှ မွေးဖွားလာခဲ့ကြ၏။ ငါတို့သည် ထိုအပြစ်တရားကို အမွေခံခဲ့ကြ၏။ ငါတို့သည် သေခြင်းကို အမွေခံသော သူဖြစ်လာကြ၏။ ငါတို့သည် ကိုယ်ခန္ဓာ အားဖြင့် တစ်နေ့သေ၍ သင်္ချိုင်းသို့သွားကြရလိမ့်မည်သာမက ငါတို့သည် ဝိညာဉ်၌လည်း သေနေကြသည်ဖြစ်၍ ဘုရားသခင်နှင့် ဆက်နွယ်မှုမရှိကြရတော့ပါ။ ငါတို့သည် ကိုယ်တော့်အား စကားမပြောနိုင်ကြတော့ပါ။ ငါတို့သည် ထိုအခြေအနေ၌ ကောင်းကင်နိုင်ငံသို့ ဘယ်လိုမှ သွား၍ မရနိုင်ကြတော့ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ငါတို့နှင့်အတူ လုပ်ဆောင်စရာ ဘာမျှမရှိတော့ပါ။ ငါတို့သည် အဒွံ၏ မိသားစုထဲသို့ မွေးဖွားလာခဲ့ကြပါသည်။ ဤလောကထဲသို့ ကိုယ်ခန္ဓာ၌ မွေးဖွားလာခြင်းအားဖြင့် အာဒံ၏ မိသားစုဝင်ဖြစ်ကြပါသည်။

## ငါတို့အားလုံး ဒုတိယ-မွေးခြင်းခံရန် လိုအပ်မှု

(ယော ၃) ထဲ၌ ခရစ်တော်နှင့် စကားပြောဆိုရန် လာခဲ့သော နိကောဒင်အကြောင်းကို ငါတို့ဖတ်ရပါသည်။ ယေရှုသည် ဆရာတော် တစ်ပါးထက်ပိုမို၍ ထူးကဲသည်ကို နိကောဒင် သိရှိခဲ့ပါသည်။ ယေရှု၌ တစ်စုံတစ်ခု ထူးခြားသောအကြောင်းရှိသည်ကို သူသိခဲ့ပါသည်။ ခရစ်တော်က နိကောဒင်အား၊ "သင်သည် ဒုတိယ မွေးခြင်းကိုခံရမည်" ဟု မိန့်တော်မူ၏။

နိကောဒင်မှာ ထိုကဲ့သို့သော မိန့်တော်မူခြင်းအားဖြင့် စိတ်ရှုပ်ထွေးခဲ့ရပါသည်။ အဘယ် ကြောင့်ဆိုသော် သူသည် ကိုယ်ကာယပိုင်းဆိုင်ရာ အဆင့်၌သာ စဉ်းစားမိခဲ့သောကြောင့် ဖြစ်ပါသည်။ သူသည် အမိဝမ်းထဲသို့ တစ်ဖန်ပြန်၍ မမွေးဖွားလာနိုင်သည်ကို သိခဲ့ပါသည်။ သူက ယေရှုအား "ဤအရာသည် အဘယ်သို့ဖြစ်နိုင်မည်နည်း' ဟု မေးလျှောက်လေ၏။ ရှင်းလင်းသည့် အဖြေမှာ ထိုသို့ပြန်လည် မမွေးဖွားနိုင်ပါ။ သင်သည် အမိဝမ်းထဲသို့ ပြန်ဝင်၍





*"တစ်ဖန်တုံယေရှုက၊ သင်တို့ စိတ်နှလုံး ပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်ကြလော့။ ငါ့အဘ၏ အိမ်တော်၌ နေစရာ အခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲ မနေ။ သင်တို့နေစရာ အရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည် သွား၍ သင်တို့ နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍၊ ငါရှိရာ အရပ်၌ သင်တို့ ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။" (ယောဟန် ၁၄း၁-၃)*

လူတစ်ယောက်သည် ကယ်တင်ခြင်းရသောအခါ သူ့အတွက် အခန်းကို ကောင်းကင်၌ ယေရှုခရစ်တော်က ပြင်ဆင်ပေးတော်မူကြောင်း သမ္မာကျမ်းစာကပြောထားပါသည်။ သို့သော်လည်း တစ်နည်းနည်းဖြင့် ထာဝရလုံခြုံမှုမရှိဟူ၍ သမ္မာကျမ်းစာက သွန်သင်သည်ဟု ဆိုကြပါစို့။ ဘုရားသခင်သည် သင့်အားပေးသော ကယ်တင်ခြင်းကို သင်သည် တစ်နည်းနည်းဖြင့် ဆုံးရှုံးသွားနိုင်ပါသည်။ သို့ဖြစ်လျှင် ယေရှုသည် ကောင်းကင်၌ သင့်အတွက် တည်ဆောက်သော အခန်းကို ရပ်တန့်သွားပါမည်။

ဤအရာကို ဇာတ်လမ်းသဖွယ် စဉ်းစားကြည့်ပါ။ ယေရှုခရစ်တော်သည် ကောင်းကင်၌ရှိတော် မူ၍ သင့်အတွက်နေစရာအခန်းကို ပြင်ဆင်ပေးနေပါသည်။ သင်သည် အပြစ်လုပ်မိ၍ ကယ်တင်ခြင်း ဆုံးရှုံးသွားပါသည်။ ထိုအခါ ယေရှုခရစ်တော်သည် ခမည်းတော်ထံမှ ထိုအခန်းပြင်ဆင်ခြင်းအမှုကို ရပ်လိုက်ပါ။ သူကယ်တင်ခြင်း ဆုံးရှုံးသွားပြီ။ သူသည် ဤနေရာသို့ ရောက်မလာတော့ပါ။ ဟူသော သတင်းကိုရရှိပါသည်။ ထို့နောက် တစ်ပတ်ခန့်ကြာသောအခါ သင်သည် ကယ်တင်ခြင်းရကြ၏။ ထ၍ တဖန် အခန်းပြင်ဆင်ပါ။ သူကယ်တင်ခြင်းရကြပြီ ဟူသောသတင်းစကားကို ယေရှုရရှိပြန်ပါမည်။ ကိုယ်တော်သည် တစ်ဖန်ပြန်သွား၍ ခြောက်သွေ့သော နံရံကို တည်ဆောက်ပြန်ပါမည်။ ကိုယ်တော် အလုပ်ကို ရပ်လိုက်ပါ။ သူကယ်တင်ခြင်းဆုံးရှုံးပြန်ပါပြီ" ဟူသော အအခြားသတင်းကို ရပြန်ပါမည်။

ထိုအရာဟာ ပြက်ရယ်ပြုဖွယ်ဖြစ်သည်ကို ကျွန်တော်သိပါသည်။

သို့သော်လည်း အကယ်၍ သင်၏ ကယ်တင်ခြင်းကို ဆုံးရှုံးသည်ဟု သင်သည် ယုံကြည်လျှင် ထိုကဲ့သို့သော တစ်စုံတစ်ရာကို သင်သည် ယုံကြည်ရပါမည်။ ထာဝရလုံခြုံမှုမရှိခြင်းအကြောင်းကို သင်သည် ရပ်၍စဉ်းစားသောအခါ ထိုအရာ မှာ လုံးဝဥဿုံမဖြစ်နိုင်၊ ရယ်ဖွယ်ကောင်းပါသည်။ အကယ်စင်စစ် ကယ်တင်ခြင်းသို့ ရောက်သော သူသည် တစ်ဖန် ဆုံးရှုံးကြောင်းကို သမ္မာကျမ်းစာ မည်သည့်နေရာ၌မျှ သွန်သင်ခြင်းမရှိပါ။

သင်သည် တစ်ကြိမ် ဘုရားသခင်၏သားဖြစ်လာပြီး သင်အပြစ်ပြုနိုင်ရန် ကယ်တင်ခြင်းဆုံးရှုံး သွားသည်ကို သင့်အားမှတ်မိ စွဲမြဲခြင်း မဖြစ်စေလိုပါ။ ဆန့်ကျင်ဖက်မှာ အကြောင်းရင်းဖြစ်ပါသည်။ လူတစ်ယောက်သည် ကယ်တင်ခြင်း၌ ယေရှုခရစ်တော်အား မိမိကယ်တင်ရှင်အဖြစ် ယုံကြည်ကိုးစားသောအခါ သူ့အား ဘုရားသခင်၏ မိသားစုထဲသို့ ထည့်ဝင်စေပါသည်။ သင်သည် ဘုရားသခင်၏ မိသားစုဝင်ဖြစ်သောအခါ လမ်းမှားသို့ရောက်ပါက ဆုံးမပဲ့ပြင်ခြင်းကို ခံရပါလိမ့်မည်။

မိမိတို့ကိုယ်ကို ဒုတိယ-မွေးခြင်းခံရသောသူဟူ၍ ပြောဆိုကြသော လူများစွာတို့သည် ငါတို့ ကမ္ဘာပေါ်၌ ရှိနေကြပါသည်။ သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏ သားဟုခေါ်ဆိုကြသော်လည်း သူတို့၏ ဘဝအသက်ရှင်ပုံကမဟုတ်ကြောင်းသက်သေပြပါသည်။ သူတို့သည် ဘုရားသခင် အတွက် အသက်မရှင်၊ ခရစ်တော်အတွက်လည်း ရပ်တည်မှု မပေးကြပါ။ သူတို့သည် ဘုရားသခင်၏ အရာတို့နောက်သို့ မလိုက်ကြပါ။ သူတို့သည် ဘုရားသခင် အတွက် အစေခံလိုသောစိတ်ဆန္ဒမရှိကြပါ။ သူတို့၏အသက်တာ အားဖြင့် သူတို့ဟာဒုတိယမွေးခြင်းခံသောသူများ မဟုတ်ကြောင်း သက်သေထူပါသည်။

သို့ဖြစ်၍ သူတို့သည် ကယ်တင်ခြင်းဆုံးရှုံးသွားကြသည် မဟုတ်ပါ။ သူတို့သည် များစွာသော အပြစ်ကိုလုပ်မိသောကြောင့် ဘုရားသခင်သည် သူတို့၏ကယ်တင်ခြင်းကို ရုတ်သိမ်းသွားခဲ့သည် မဟုတ်ပါ။ ပြဿနာမှာ သူတို့သည် ကယ်တင်ခြင်းသို့ လုံးဝမရောက်ရှိခဲ့ကြခြင်းသာဖြစ်ပါသည်။

ထာဝရ လုံခြုံမှု၌ ယေရှုခရစ်တော်သည် မည်သည့်အရာကို လုပ်ဆောင်နေပါသနည်း။ ခရစ်တော်လုပ်ဆောင်တော်မူသောအရာသည် ကျွန်တော်၏ ကယ်တင်ခြင်းကို မည်သို့ အာမခံပေး ပါသနည်း။





*ဝိညာဉ်တော်၏ အသစ် ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။" (တိ ၃း၅)*

## *ငါတို့အားလုံး မွေးရာပါအပြစ်သားများဖြစ်ကြ၏*

သင်နှင့် ကျွန်တော်သည် ဤကမ္ဘာလောကထဲသို့ မွေးဖွားလာသောအခါ ငါတို့သည် အာဒံ၏ မျိုးစဉ်ဆက်ထဲမှ မွေးလာခဲ့ကြပါကြောင်း သမ္မာကျမ်းစာက သွန်သင်ထားပါသည်။ တစ်နည်းဆိုရသော် ငါတို့၌ လူသားမိခင်နှင့် ဖခင်ရှိကြသည်သာမဟုတ်ပါ။ ငါတို့၌ အဖိုးအဖွားများ ခေတ်အဆက်ဆက်မှ လာသော ဘိုးဘေးဘီဘင်များ ရှိကြသည်။ မြေကြီးပေါ်၌ မွေးဖွားလာခဲ့သမျှ သောလူသားတို့မှာ ဧဒင်ဥယျာဉ်ထဲ၌ ရှိခဲ့ကြသော အာဒံနှင့်ဧဝတို့မှ ဆင်းသက်လာခဲ့ကြပါသည်။

အာဒံနှင့် ဧဝအား ကမ္ဘာပေါ်၌ ပထမဦးဆုံး ထားရှိခဲ့သောအခါ သူတို့နှစ်ဦးမှာ စုံလင်စွာ သန့်ရှင်းခြင်းရှိခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်နှင့်အတူ မိတ်သဟာယ ဖွဲ့လျက် သွားလာနိုင်ကြ ပါသည်။ ဘုရားသခင်သည် ဥယျာဉ်တော်ထဲသို့ ဆင်းကြွကာ အာဒံနှင့်အတူ သွားလာတော်မူခဲ့ ပါသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စကားပြော ဆိုခဲ့ကြပါသည်။

အာဒံသည် ဧဝ၏ အကြံပြုချက်ကို လိုက်နာကာ ဘုရားသခင် တားမြစ်ထားသော အသီးကို စားခဲ့သော နေ့ရောက်လာခဲ့ပါသည်။ "မစားရ" ဟု ဘုရားသခင် တားမြစ်ထားသော အပင်မှာ တစ်ပင်တည်းသာ ရှိခဲ့ပါသည်။ သို့သော်လည်း အာ့ပွဲသည် ထိုအပင်၏ အသီးကိုယူ၍ ဘုရားသခင်ကို အာခံသောအားဖြင့် စားခဲ့လေသည်။

သူသည် ထိုခဏခြင်းမှာ သေခဲ့ရ၏။ ထိုသေခြင်းမှာ ကိုယ်ခန္ဓာ သေခြင်း မဟုတ်၊ ဝိညာဉ်ရေး ဆိုင်ရာ သေခြင်းဖြစ်၏။ သူသည် မိမိကိုယ်ခန္ဓာအားဖြင့် လမ်းသွားလျက်၊ စကားပြောလျက် စဉ်းစားလျက်ရှိနေပါသေး၏။ သို့သော်လည်း သူသည် ဝိညာဉ်ပိုင်းဆိုင်ရာ၌ သေနေပြီဖြစ်၏။ သူသည် နောက်ဆုံးတွင် ကိုယ်ခန္ဓာ၌လည်း သေရမည်ဖြစ်၏။ ထိုအရာမှာ (ရော ၆း၂၃) ၌ *"အပြစ်တရား၏ အစကား သေခြင်းပေတည်း"* ဟူ၍ ပြောဆိုခြင်းအကြောင်းရင်း ဖြစ်ပါသည်။ ထိုအရာမှာ (ရော ၅ း ၁၂) ၌ *"ဤကြောင်းအရာဟူမူကား၊*

*“သို့ဖြစ်၍ လူအားဖြင့် သေခြင်းတရားသည် တည်သကဲ့သို့၊ သေသောသူတို့၏ ပြန်ရှင်ခြင်းတရားသည် လူအားဖြင့် တည်လျက် ရှိ၏။ လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ ရောက်သည် နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ပြန်ရှင်ခြင်း သို့ ရောက်ရကြလတံ့။” (၁ကော ၁၅း၂၁-၂၂)*

*“ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တစ်ယောက် သောသူအားဖြင့် ဤလောက သို့ဝင်၍၊ အပြစ်တရားအားဖြင့် သေခြင်း တရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ကြရ၏။” (ရော ၅ း ၁၂)*

*“ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူ မည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန် ဆိုသည်ဟု ပြန်၍ မိန့်တော်မူ၏။ နိကောဒင်ကလည်း၊ အသက်ကြီးသောသူသည် မွေးခြင်းကို အဘယ်သို့ ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲသို့ တစ်ဖန်ဝင်၍ မွေးခြင်းကို ခံနိုင်ပါမည်လောဟု လျှောက်၏။ ယေရှုကလည်း၊ ရေနှင့် ဝိညာဉ်တော် မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။ ဇာတိပကတိ မွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော် မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ ဒုတိယမွေးခြင်းကို ခံရမည်ဟု ငါဟောပြောသည်ကို အံ့ဩခြင်း မရှိနှင့်။” (ယော ၃း၃-၇)*

*“ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်း နှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသော*



## ယေရှုခရစ်တော်၏ ကတိတော်များအားဖြင့်

### ၁။ ထာဝရအသက်အတွက် ကတိတော်

*“ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသော သူကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သောသူ ဖြစ်၏။” (ယော ၅း၂၄)*

အကယ်၍ ကျွန်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်၍ ယေရှုခရစ်တော် ကို လက်ခံပါက ကျွန်တော်သည် သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သောသူဖြစ်သည်ဟု သမ္မာကျမ်းစာက ပြောထားပါသည်။ ကျွန်တော်သည် ယခုပစ္စုပ္ပန်ကာလ၌ပင် ထာဝရအသက်ကို ရရှိပြီးဖြစ်၏။ ကယ်တင်ခြင်းသို့ရောက်သောသူ အားလုံးတို့ အတွက် ထာဝရအသက်ရပြီဟု ဘုရားသခင်က ကတိပေးတော်မူ၏။ “ထာဝရ” ဆိုလိုသည်ကား၊ ကုန်ဆုံးခြင်းမရှိကြောင်း ငါတို့သိကြပါသည်။ ဘုရားသခင်သည် ကျွန်တော့်ကို ကယ်တင်တော်မူသောအခါ ကျွန်တော်အား ၁၉၇၁-ခုနှစ် မှစ၍ အသက်ကို ပေးတော်မူ၏။ ကျွန်တော်အသက်ရှင်နေသရွေ့ နောက်ဆုံးသော အသက်ရှင်သည်ထိသာမက ဘယ်သောမှ မကုန်ဆုံးနိုင်သော အသက်ကို ပေးတော်မူ၏။ ကိုယ်တော်သည် ထိုအရာကို ထာဝရ အသက်ဟု ခေါ်ပါသည်။

### ၂။ အပြစ်တင်တော်မူခြင်း မရှိတော့ကြောင်း ကတိတော်

ဘုရားသခင်၏ သားသည် အပြစ်စီရင်ခြင်းခံရလိမ့်မည်မဟုတ်ကြောင်း (ယော ၅း၂၄) ထဲ၌ အခြားသော ကတိတော်ကို ငါတို့တွေ့ရပါသည်။ ကယ်တင်ခြင်းသို့ ရောက်ပြီးသောသူကို ငရဲသို့ ပို့ခြင်းမှာ အပြစ်စီရင်တော်မူခြင်းဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံသော သူသည် ထာဝရအသက်ကို ပိုင်တော်မူသော ယေရှုခရစ်တော်၏

ပုဂ္ဂိုလ်ကို လက်ခံရရှိ သည်ဖြစ်၍ အပြစ်စီရင်တော်မူခြင်းသို့ ရောက်လိမ့်မည် မဟုတ်ဟု သမ္မာကျမ်းစာက ဆိုထားပါသည်။ ထိုသူသည် ဘုရားသခင်အားဖြင့် ဘယ်သောအခါမျှ အပြစ်စီရင်တော်မူခြင်းကိုမခံ ရပါ။

ဥပမာဆိုကြပါစို့။ (၁၉၇၁)ခုနှစ်ကစ၍ ကျွန်တော်သေသောနေ့အထိ တစ်နေရာရာ၌ ကျွန်တော်၏ ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်လျှင် ကျွန်တော်သည် ဘုရားသခင်ရှေ့၌ ရပ်သောအခါ ကျွန်တော့်အား ငရဲသို့ ပို့တော်မူပါမည်။ ကိုယ်တော်သည် ကျွန်တော်ပေါ်၌ တရားစီရင်တော်မူမည်။ ထိုသို့လုပ်ဆောင်တော်မူပါက ကျွန်တော်သည် ဘယ်သောမှ အပြစ်စီရင် တော်မူခြင်းသို့ မရောက်နိုင် တော့ပါဟူ၍ သခင် ယေရှုခရစ်တော်၏ ကတိတော်ကို ဘုရားသခင် ချိုးဖောက်တော်မူခြင်းဖြစ်ပါမည်။

## ၃။ သူသည် ကျွန်တော့်အား နှင်ထုတ်တော်မူမည် မဟုတ်ကြောင်း ကတိတော်

*"ခမည်းတော်သည် ငါ့အားပေးတော်မူသမျှသော သူတို့သည် ငါ့ထံသို့ လာကြလိမ့်မည်။ ငါ့ထံသို့လာသော သူကို ငါသည် အလျှင်း မပယ်။" ယောဟန် ၆း၃၇*

အကယ်၍ လူတစ်ယောက်သည် ခရစ်တော်ထံသို့ လာ၍ အမှန်တကယ် ကယ်တင်ခြင်းသို့ ရောက်ခဲ့ပါက ကိုယ်တော်သည် ထိုသူတို့အား ဘယ်သော အခါမှ နှင်ထုတ်တော်မူမည်မဟုတ်ကြောင်း ဘုရားသခင်၏ နှုတ်ကပတ်တော် ကတိရှိပါသည်။ ခရစ်တော် ရှေ့၌ ရပ်သောလူတို့သည် သူတို့၏ အပြစ်စီရင်တော်မူခြင်း ခံရမည် ဟူသောစကားစုကို ဘုရားသခင်၏ နှုတ်ကပတ်တော်၌ အသုံးပြုထား ပါသည်။ ဘုရားသခင်သည် မှောင်မိုက်ထဲသို့ "ထိုသူတို့အား နှင်ထုတ်တော်မူ" လိမ့်မည်။ သို့သော်လည်း ဤနေရာ၌ ယေရှုခရစ်တော်သည် တူညီသော စကားစုကို ကယ်တင်ခြင်းသို့ရောက်သော ဘုရားသားတို့အကြောင်း ပြောဆိုရာတွင်လည်း အသုံးပြုပါသည်။ သူတို့အား ဘယ်သောမှ နှင်ထုတ် ခြင်း မခံနိုင်ကြပါ။ ယေရှုခရစ်တော်၏ကတိတော်မှာ ကျွန်တော်ထာဝရအသက်ရ၏။ ကျွန်တော်သည် ဘယ်သောအခါမျှ အပြစ်စီရင်ခြင်းကို မခံရ။ ကျွန်တော်သည် ဘယ်သောအခါမျှ နှင်ထုတ်ခြင်း





မရှိခဲ့ပါက ငါတို့ဟာ မျှော်လင့်ချက် ကင်းမဲ့စွာဖြင့် ဆုံးရှုံးသွားကြရပါမည်။ မွေးရာပါ အပြစ်စွဲသော ငါတို့အဖို့ မိမိတို့ ကိုယ်ကိုကိုယ် ကယ်တင်နိုင်သော နည်းလမ်း သို့မဟုတ် မိမိတို့၏ ကယ်တင်ခြင်းကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်း ထားနိုင်စွမ်း သော နည်းလမ်း လုံးဝမရှိပါ။ အကယ်၍ ဘုရားသခင်သည် ငါတို့၌ ကြီးမားသော စောင့်ထိန်းမှုကို ပြုတော်မမူပါက ငါတို့ဟာ ဘုရားသခင် ၏ သားသမီးများအဖြစ် တည်မြဲနေနိုင်ရန် စွမ်းနိုင်သော နည်းလမ်းမရှိပါ။ အကယ်၍ ဘုရားသခင်သည် ငါတို့အား ဘုရားသခင်၏ သားသမီးများဖြစ်ဖို့ရန် ငါတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို ကယ်တင်ခြင်းနှင့် စောင့်ထိန်းခြင်း တာဝန်ကို ပေးအပ်တော်မူပါက ငါတို့သည် အပြစ်ထဲသို့ ကျဆင်း၍ ဘုရားသခင် ထံတော်မှ ဝေးကွာသွားကြကာ ထာဝရအသက် အတွက် မျှော်လင့်ခြင်း ဆုံးရှုံးသွားကြရမည်မှာ သေချာလှပါသည်။

ကျွန်တော်သည် (၁၉၇၁)ခုနှစ်၌ ကယ်တင်ခြင်းရသောအခါ၊ ကျွန်တော် အသက်တာ ပြောင်းလဲသွားခဲ့ပါသည်။ ကျန်ရှိနေသေးသော မြေကြီးဆိုင်ရာ ကျွန်တော့်အသက်နှင့် ထာဝရကာလ သည် လုံးလုံးလျားလျား ပြောင်းလဲ သွားခဲ့သည်ကို ကျွန်တော်သိရသောကြောင့် ဝမ်းမြောက်မိပါသည်။ ကျွန်တော်၏အိမ်မှာ ငရဲ၌မဟုတ် ကောင်းကင်၌ရှိနေပြီး၊ ဘယ်သောမှ ပြောင်းလဲသွားလိမ့်မည် မဟုတ်တော့ပါ။ ကျွန်တော်သည် အသစ်ပြုပြင်သော သဘာဝ၌ ဘုရားသခင်၏ သားဖြစ်ရပြီ။ ကျွန်တော်ဟာ ခြားနားသော လူဖြစ်ပါပြီ။ ကယ်တင်ခြင်းသို့ ရောက်သောငါတို့သည် ဒုတိယမွေးခြင်း ခံသော သူများဖြစ်ကြသည်ကို သိနားလည်ကြရပါမည်။ ဘုရားသခင်သည် ငါတို့ကို ကယ်တင်တော်မူ ခဲ့ပါသည်။ ဘုရားသခင်သည် ငါတို့ကို စောင့်ထိန်းတော်မူပါလိမ့်မည်။

သုံးလွန်းတင်သော ကြိုးသည်လည်း အလွယ်တကူမပြတ်တတ်ဟု ငါတို့အား သမ္မာကျမ်းစာက ဆိုထားပါသည်။ (ဒေ ၄း၁၂)။ ထာဝရ လုံခြုံမှု၌ ခမည်းတော်၏ လုပ်ဆောင်တော်မူခြင်းနှင့် သားတော်၏ လုပ်ဆောင်တော် မူခြင်းတို့ ဆက်နွယ်သည်ကို ငါတို့မြင်ရပါသည်။ ယခုတွင် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ လုပ်ဆောင်တော်မူခြင်းနှင့် ဝိညာဉ် တော်သည် ငါတို့ကို မည်သို့ စောင့်ထိန်းတော်မူကြောင်းကို ငါတို့ ကြည့်ရပါမည်။

ဘုရားသခင်သည် လူစီဖာ(စာတန်)ကို ဖန်ဆင်းသောအခါ နတ်မင်းသားကဲ့သို့ ဖန်ဆင်းတော်မူခဲ့သည်။ သူဟာ ပြည့်စုံသော သန့်ရှင်းခြင်းဖြင့် ဖန်ဆင်းခဲ့၍ ကြီးမားသော ကောင်းကင်တမန်ဖြစ်ပြီး ကောင်းကင်၌ အရေးကြီးသော လုပ်ငန်းတစ်ချို့ကို သူ၌ အပ်နှံခဲ့သည်။ ကျမ်းစာ ပြောသည်ကား၊ သို့သော်လည်း လူစီဖါသည် ဘုရားသခင်ကို မနာလိုသောသူ ဖြစ်လာပြီး သူသည် ဘုရားသခင်၏ ပလ္လင်တော်ပေါ်မှာ ထိုင်ဖို့ဆုံးဖြတ်လာခဲ့သည်။ သူ၏ ဝါကြွားမောက်မာမှုကြောင့် ကောင်းကင်မှ နှင်ထုတ်ခြင်းခံရပြီး စာတန်မာရ်နတ် သူတစ်ပါး၏ ဂုဏ်အသရေပျက်အောင် မဟုတ်မမှန် ပြောဆိုသူ၊ လိမ်ညာသူနှင့် မုသာရှိသမျှ အားလုံးတို့၏ အဖ ဖြစ်လာခဲ့သည်။ သူဟာ ဘုရားသခင်အား ကြီးမားသော တော်လှန်ပုန်ကန်မှု၌ ဦးဆောင်သောသူဖြစ်၏။ သူသည် စုံလင်သော သန့်ရှင်းခြင်းကို စွန့်လွှတ်၍ ဘုရားသခင်နှင့် မိတ်သဟာယပြုခြင်းကိုလည်း လုံးဝဥဿုံ ပျက်ပြားစေခဲ့ပါသည်။

ဘုရားသခင်သည် အာဒံနှင့် ဧဝကို ဖန်ဆင်းတော်မူသောအခါ ကိုယ်တော်သည် သူတို့ နှစ်ဦးကို စုံလင်သော သန့်ရှင်းခြင်းဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်။ သူတို့ကို အပြစ်၏ ဗီဇသဘာဝ ထဲ၌ အပြစ်ရှိသောသူများကဲ့သို့ ဖန်ဆင်းတော်မူခြင်း မဟုတ်ပါ။ သူတို့အား မစားရဟု၍ ဘုရားသခင် တားမြစ်ထားသော အသီးကိုယူ၍ စားရန် ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ပါ။ သူတို့ကိုယ်၌ အပြစ်ထဲ သို့ ကျဆုံးရသော သဘောမရှိခဲ့ကြပါ။

သို့ရာတွင် သင်နှင့် ကျွန်တော့်ကို စုံလင်သော သန့်ရှင်းခြင်းထဲ၌ ဖန်ဆင်းတော်မူခြင်း မဟုတ်ပါ။ ငါတို့သည် အာဒံ၏ ပုံဏ္ဍာန်ဖြင့် ဖန်ဆင်း၍ သူ၏ ကျဆုံးခြင်းနှင့် သူ၏အပြစ်ဗီဇထဲ၌ အမွေခံကြရပါသည်။ ငါတို့ဟာ အပြစ်ကို ပြုလုပ်နိုင်သော သဘာဝဖြင့် အပြစ်ရှိသောသူများကဲ့သို့ ဤလောကထဲတွင် မွေးဖွားလာခဲ့ကြပါသည်။ အကယ်၍ လူစီဖာနှင့် အာဒံတို့က အပြစ်ပြုရန် ရွေးချယ်ခဲ့ကြပါက အပြစ်ဗီဇ သဘာဝဖြင့် ဤ လောကထဲသို့ မွေးဖွားလာသော ငါတို့သည် ဤအရာ မှန်ကန်ကြောင်း အာမခံသူများဖြစ်ကြပါ၏။ ငါတို့သည် မိမိတို့ကိုယ်ကို အပြစ်ထဲသို့ မကျအောင် ထိန်းသိမ်းနိုင်စွမ်း လုံးဝမရှိကြပါ။

အကယ်၍ ဘုရားသခင်သည် သင်နှင့် ကျွန်တော်၏ ကယ်တင်ခြင်း အာမခံကို ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌ ပေးထားတော်မူခြင်း





ခံရလိမ့်မည်မဟုတ်ပါ။ သို့ဖြစ်၍ ကျွန်တော် ကယ်တင်ခြင်း ဆုံးရှုံးမည်ဟု ယုံကြည်နိုင်ပါ သေးသလား။ လုံးဝ ဥဿုံ မယုံကြည်နိုင်ပါ။

## ၄။ ကျွန်တော်ဘယ်သောအခါမျှ ပျက်စီးခြင်းသို့ မရောက်ရဟု ကတိတော်

*“ငါ့သိုးတို့သည် ငါ့စကားသံကို နားထောင်၍ ငါ့နောက်သို့ လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနုတ်မယူရာ။” (ယော ၁၀း၂၇-၂၈)*

အကယ်၍ သင်သည် သခင် ယေရှုခရစ်တော်၏ သိုးစစ်မှန်လျှင် ကိုယ်တော်နောက်သို့ လိုက်ရပါမည်။ အကယ်၍ သင်သည် ကိုယ်တော်နောက်သို့ မလိုက်ပါက သင်၏ သခင်ဟာ မည်သူဖြစ်ကြောင်းကို ကောင်းစွာ ဖော်ပြထားပါသည်။ သင်မည်သူ့နောက်သို့လိုက်သည်ကို ကြည့်ပါက သင်ဟာ မည်သူနှင့် ဆိုင်သည်ကို သိရပါလိမ့်မည်။

ဤနေရာ၌ ယေရှုခရစ်တော်၏ ကတိတော်မှာ ငါတို့သည် ကိုယ်တော်၏သားသမီးများဖြစ်ပါက ငါတို့သည် ဘယ်သောအခါမှ ပျက်စီးခြင်းသို့ မရောက်ရပါ။ ဤအရာမှာ လူတစ်ယောက်၊ ဂိုဏ်းဂဏ သို့မဟုတ် တရားဟောဆရာ တစ်ဦးနှင့် ဆိုင်သော ကတိတော်မဟုတ်ရပါ။ ဤသည်မှာ သခင်ယေရှုခရစ်တော်၏ ကတိတော်ဖြစ်ပါသည်။ ယေရှုခရစ်တော်က “-သူတို့သည် ဘယ်သောအခါမျှ ပျက်စီးခြင်းသို့ ရောက်လိမ့်မည် မဟုတ်” ဟု၍ မိန့်တော်မူ၏။ ယေရှုသည် မိမိသိုးတစ်ကောင်ကိုမျှပင်လျှင် ငရဲမီးအိုင်ထဲသို့ ပျက်စီးစေရန် ခွင့်ပြုရသော နေ့ရက်သည် ဘယ်သောအခါမျှရောက်လိမ့်မည် မဟုတ်ပါ။

သို့ဖြစ်၍ ကျွန်တော် ဒုတိယ မွေးခြင်းခံရသော နေ့က စ၍ ကျွန်တော်၌ ရှိသော ကယ်တင်ခြင်းကို ဆုံးရှုံးရသော အန္တရာယ် ဘယ်သောအခါမှ မရှိပါ။ ဘုရားသခင်သည် ကျွန်တော်ပေါ်၌ အပြစ်စီရင်ခြင်း သို့မဟုတ် နှင်ထုတ်တော်မူခြင်း သို့မဟုတ် ပျက်စီးခြင်းသို့ရောက်ရန် ခွင့်ပြုတော်မူခြင်း အန္တရာယ် ဘယ်တော့မှရှိလိမ့်မည်မဟုတ်ပါ။ ထိုသို့ဖြစ်နိုင်သည့် တစ်ခုတည်းသော

နည်းလမ်းမှာ ယေရှုခရစ် တော်သည် မုသာနှင့်ဆိုင်သောသူဖြစ်ရပါမည်။ ကိုယ်တော်၌ မုသာအလျဉ်းမရှိကြောင်း ကျွန်တော် သိပါသည်။

## ယေရှုခရစ်တော်၏ ဆုတောင်းခြင်းအသက်တာ အားဖြင့်

*"ထိုအခါ သေလွန်သောသူ၏ အချိုင်းမှကျောက်ကို ရွေ့ကြ၏။ ယေရှုသည်လည်း အထက်သို့ ကြည့်မျှော်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်စကားကို နားထောင်တော်မူသော ကျေးဇူးတော်ကြီးလှပါ၏။ ကိုယ်တော်သည် အကျွန်ုပ်စကားကို အစဉ်မပြတ် နားထောင်တော်မူသည်ကို အကျွန်ုပ်သိပါ၏။ သို့သော်လည်း ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို ဝန်းရံလျက် ရှိသော ဤလူအပေါင်းတို့သည် ယုံကြည်စေခြင်းငှါ သူတို့၏ အကျိုးကို ထောက်၍ ဤသို့ အကျွန်ုပ် လျှောက်ပါ၏ဟု မိန့်မြွက်တော်မူပြီးမှ၊" (ယော ၁၁း၄၁-၄၂)*

ယေရှုခရစ်တော်၏ ဆုတောင်းတော်မူခြင်းများအတွက် အစဉ်အမြဲ အဖြေရတော်မူခဲ့သည်ကို ငါတို့ သိရပါသည်။ ခမည်းတော်သည် ကိုယ်တော်၏ ဆုတောင်းခြင်းကိုအစဉ်အမြဲ ကြားတော်မူ၍အဖြေပေးတော်မူ၏ ကိုယ်တော်သည် ဤစကားလုံးများကို အကြောင်းရင်းနှစ်ခုတို့ဖြင့် ဆုတောင်း တော်မူခဲ့ပါသည်။ ပထမ၊ ဘုရားသခင်သည် ဆုတောင်းခြင်းကို အဖြေ ပေးတော်မူသောသူ ဖြစ်ကြောင်းကို အနားဝန်းကျင်၌ ရှိသောသူတို့ သိရှိဖို့ရန်နှင့် ကိုယ်တော်သည် ဘုန်းထင်ရှားခြင်းရှိစေရန် ဖြစ်ပါသည်။ ဒုတိယ၊ ဘုရားသခင်သည် ကိုယ်တော်၏ ဆုတောင်းချက်များကို အစဉ်အမြဲ ကြားတော်မူရန် အဖြေပေးတော်မူသည်ကို သူတို့အားသိရှိရန် ကိုယ်တော်အလိုရှိခဲ့ပါသည်။ ထိုသို့ ထုတ်ဖော်နိုင်ခြင်းမှာ ကြီးမြတ်တော်မူသည်မဟုတ်ပါလား။

*"သူတို့ အဖို့အလိုငှါ အကျွန်ုပ် ဆုတောင်းပါ၏။ လောကီသားတို့အဖို့အလိုငှါ ဆုတောင်းသည် မဟုတ်ပါ။ အကျွန်ုပ်အား ပေးတော်မူသောသူတို့သည် ကိုယ်တော်၏ လူဖြစ်*





သို့သော်လည်း မိမိအဖို့ ငါတို့ကို ဂရုစိုက်စောင့်ရှောက် တော်မူသော ကယ်တင်ရှင်ကို ကောင်းကင်၌ ငါတို့ရှိကြပါသည်။

## နိဂုံးချုပ်

ကျွန်တော်သည် ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ကိုးစားသော နေ့မှစ၍ ကျွန်တော့် ကယ်တင်ခြင်း၊ မဆုံးရှုံးနိုင်ကြောင်းကို စိတ်ချမှုရှိပါသည်။ ခမည်းတော်နှင့် ဆက်သွယ်မှု ဆုံးရှုံးသည့် အကြောင်း စိုးရိမ်မှု ကျွန်တော့်မှာမရှိပါ။ ကျွန်တော့်မှာ ဘယ်အခါမှ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း မရှိပါ။

ငါတို့ ကြောက်ရွံ့မည့် အရာမှာ ငါတို့သည် အပြစ်ထဲသို့ ကျ၍ ခမည်းတော်အား မနှစ်သက်စေမည့် အရာကို ကြောက်ရွံ့ရပါမည်။ ခမည်းတော်၏ အလိုတော်မှ လွဲသွားရမည်ကို ငါတို့ ကြောက်ရွံ့ရပါမည်။ နာမတော်ကို ရှုပ်ချစရာဖြစ်စေခြင်းကို ကြောက်ရွံ့ရမည်။

ကျွန်တော်သေသောအခါ ကောင်းကင်သို့သွားမည်ကို သိပါသည်။ ကျွန်တော်သံသယ လုံးဝ မရှိပါ။ သခင်ယေရှုခရစ်တော်၏ ကတိတော်များ၊ ဆုတောင်းပေးခြင်း၊ အဖိုးပေးခြင်းနှင့် ပစ္စုပ္ပန်ကာလ လုပ်ဆောင်တော်မူခြင်းများကြောင့် ကျွန်တော်သိရပါသည်။

## အခန်း (၄)

## သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှု

*"ထာဝရအသက်ကိုလည်း ငါပေး၏ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုး တို့ကို ငါ့လက်မှ မနုတ်မယူရာ။ ထိုသိုးတို့ကို ငါ၌ အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသော သူတို့ထက် ကြီးမြတ်တော်မူသည် ဖြစ်၍၊ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်၏ လက်မှ မနုတ်မယူနိုင်ရာ။" (ယော ၁၀း၂၈-၂၉)*

ငါတို့အား အပြစ်မှကင်းဝေးအောင် စောင့်ထိန်းရန် ဘုရားသခင်၏ နှုတ်ကပတ်တော် ရေးသားထားခြင်းဖြစ်ပါသည်။ ငါတို့အလိုရှိရာ အပြစ်ပြုနိုင်ဖို့ လိုင်စင်ထုတ်ပေးခြင်း သဘောဖြင့် ရေးသားခြင်းမဟုတ်ပါ။ အကယ်၍ သင်သည် ဘုရားသခင်၏ သားမှန်ပါက သင်၏စိတ်နေ သဘောထားမှာ အပြစ်ပြုရန် အလိုရှိမည် မဟုတ်ပါ။

## ၂။ အကယ်၍ ငါတို့အပြစ်ပြုပါက ယေရှုခရစ်တော်သည် ငါတို့၏ ရှေ့နေဖြစ်တော်မူ၏။

ယေရှုခရစ်တော်သည် ဖြောင့်မတ်သော ရှေ့နေတစ်ပါးဖြစ်၏။ ကိုယ်တော်သည် ကောင်းကင်၌ ခမည်းတော်ရှေ့တွင်ရပ်ကာ ငါတို့အတွက် ခုခံလျက် လျှောက်လဲချက်ထုချေ ပေးတော်မူ၏။ ငါတို့ အပြစ်ပြုမိသောအခါ စာတန်သည် ကောင်းကင်သို့ ပြေးတက်၍ "ဟေး၊ Doug Hammett အပြစ်ပြုမိ ပြန်ပြီဟု ဆို၏၏ သို့သော်လည်း ယေရှုခရစ်တော်သည် ရပ်လျက် "ခမည်းတော် Doug Hammett ၏ အပြစ်များအတွက် ကျွန်တော် သွန်းလောင်းခဲ့သော အသွေးကို ပြန်၍သတိရတော်မူပါ။ ထိုအရာသည် အပြစ်အားလုံးကို ဖြေလွှတ်ပေးခဲ့သည်ကိုလည်း သတိရတော်မူပါ။ ခမည်းတော် ဤသူကို အပြစ်လွှတ်တော်မူပါ။ သူ့အတွက်ကြောင့် မဟုတ်ပါ။ ကျွန်တော့် အတွက်ကြောင့် ခွင့်လွှတ် ပေးတော်မူပါ" ဟု ဆုတောင်း လျှောက်ပေးတော်မူပါမည်။ ထိုအခါ ခမည်းတော်က "အပြစ်လွှတ်တော်မူပြီ"ဟု မိန့်တော်မူ ပါမည်။ စာတန်သည် ရှုံးနိမ့်ခဲ့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါတို့၏ အမှုကို လျှောက်လဲထုချေပေးတော်မူသော ရှေ့နေသည် ကောင်းကင်၌ ငါတို့အတွက် ရှိပါ၏။

## ၃။ ကျွန်တော်တို့အတွက် ယေရှုခရစ်တော် တောင်းပန်

ယခုအချိန်၌ ယေရှုခရစ်တော်သည် ကောင်းကင်နိုင်ငံတွင် ရပ်လျက် ဘုရားသခင်၏ သားသမီးရှိသမျှ အားလုံးတို့အတွက် ကိုယ်စားပြု ဆုတောင်း ပေးတော်မူပါ၏။ ငါတို့မသေမီ ငါတို့ သည် စုံလင်ခြင်းသို့ မရောက်နိုင်ပါ။





*သောကြောင့်၊ ထိုသူတို့ အဖို့အလိုငှါ ဆုတောင်းပါ၏။ အကျွန်ုပ်နှင့် စပ်ဆိုင်သော အရာရှိသမျှတို့သည် ကိုယ်တော် နှင့် စပ်ဆိုင်ကြပါ၏။ ကိုယ်တော်နှင့် စပ်ဆိုင်သောအရာ ရှိသမျှတို့သည်လည်း အကျွန်ုပ်နှင့် စပ်ဆိုင်၍၊ ထိုအရာတို့ အားဖြင့် အကျွန်ုပ်သည် ဘုန်းထင်ရှားပါ၏။ ယခု မှစ၍ အကျွန်ုပ်သည် ဤလောက၌ မရှိပါ၊ ဤသူတို့မူကား၊ ဤလောက၌ ရှိရစ်ကြပါမည်။ အကျွန်ုပ်သည် ကိုယ်တော် ထံသို့ သွားပါမည်။ သန့်ရှင်းတော်မူသော အဘ၊ ကိုယ်တော် နှင့် အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်း ဖြစ်သကဲ့သို့ အကျွန်ုပ်အားပေးတော်မူသော ဤသူတို့သည် ဖြစ်ရပါမည် အကြောင်း၊ သူတို့ကို ကိုယ်တော်၏ နာမ၌ တည်စေတော် မူပါ။ အကျွန်ုပ်သည် ဤလောက၌ ဤသူတို့နှင့်တကွ ရှိစဉ် ကာလ၊ သူတို့ကို ကိုယ်တော်၏ နာမ၌ တည်စေပါပြီ။ အကျွန်ုပ်အား ပေးတော်မူသောသူတို့ကို အကျွန်ုပ်စောင့်မ ပါပြီ။ ထိုသူတို့တွင် ပျက်စီးခြင်း၏ သားတစ်ယောက်မှ တပါးအဘယ်သူမှ ပျက်စီးခြင်းသို့ မရောက်ပါ။ ထို သူသည် ပျက်စီးခြင်းသို့ရောက်သည် အကြောင်းကား၊ ကျမ်းစာ ပြည့်စုံမည်အကြောင်းတည်း။" (ယော ၁၇း၉-၁၂)*

ဤကျမ်းချက်၌ ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်၌ အသေ ခံတော်မူ ရမည့် အချိန်ရောက် နေသည်ကို ဖော်ပြပါသည်။ ကိုယ်တော်အသေခံတော်မူ၍ ကိုယ်တော်သည် ကောင်းကင်သို့ တက်ကြွတော်မူခဲ့ပါသည်။ ဤအခန်းငယ် များထဲ၌ ယေရှုသည် မိမိတပည့်တော်တို့အား ခမည်းတော်၌ အပ်ထားတော် မူပါသည်။

*"ဤသူတို့ကို ဤလောကမှ နုတ်ယူတော်မူမည်အကြောင်း အကျွန်ုပ် တောင်းသည် မဟုတ်ပါ။ မကောင်းသော အမှု အရာနှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူမည် အကြောင်းကိုသာ တောင်းပါ၏။" (ယော ၁၇း၁၅)*

ခမည်းတော်သည် တစ်စုံတစ်ဦးကို "*စောင့်ရှောက်တော်မူရန်*" မည်သည့်အတွက်ကြောင့်ဖြစ်ပါသနည်း။ ထိုသို့ဆိုသော် ထိုသူသည် ကောင်းကင် (သို့မဟုတ်) ငရဲသို့သွားရန် သူတို့ပြုမူသည့်အတိုင်း သေသောနေ့တိုင်အောင် တွေ့ရှိဖို့ရန် စောင့်နေရမည်ဟု ဆိုလိုခြင်းဖြစ်ပါသလား။ ဘုရားသခင်သည် တပည့်တော်တို့အား ကမ္ဘာလောကကြီးမှ အပြင်ဖက်သို့ ခေါ်တော်မူရန် ယေရှုခရစ်တော် ဆုတောင်း ခြင်းမဟုတ်ပါ။ ဘုရားသခင်သည် သူတို့အား စာတန်၏ တန်ခိုးမှ စောင့်ထိန်းတော်မူရန် ဆုတောင်းခဲ့ခြင်းဖြစ်ပါသည်။

*"ထိုသူတို့ အဖို့ကိုသာ အကျွန်ုပ်ဆုတောင်းသည် မဟုတ်ပါ။*
*သူတို့ ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်သော*
*သူတို့ အဖို့ကိုလည်း ဆုတောင်းပါ၏။" (ယော ၁၇း၂၀)*

ယေရှုခရစ်တော်သည် ထိုသူတို့၌ရှိသော မိမိတပည့်တော်များ အတွက်သာ ဆုတောင်းတော်မူ ခဲ့ခြင်းမဟုတ်ပါ။ ငါတို့၏ ပစ္စုပ္ပန်ကာလ မျိုးစဉ်ဆက်သို့တိုင်အောင် ခေတ်အဆက်ဆက် ဧဝံဂေလိ တရားကို ယုံကြည်သောသူအားလုံးတို့အတွက် ဖြစ်ပါသည်။ မည်သူမဆို ယေရှုခရစ်တော်၏ ဧဝံဂေလိ တရားကို ယုံကြည်လက်ခံသော သူတိုင်းတို့သည် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် ဒုတိယ-မွေးခြင်းခံသောသူ ဖြစ်ပါသည်။ အကယ်၍ သင်သည် ကယ်တင်ခြင်းသို့ အမှန်ရောက်ပါက ကိုယ်တော်သည် သင့်အဖို့ ဆုတောင်းတော်မူ၏။

ယေရှုခရစ်တော်၏ ဆုတောင်းခြင်းမှာ ငါတို့သည် ခမည်းတော်အားဖြင့် စောင့်ထိန်းတော်မူခြင်း ရှိကြရန်ဖြစ်ပါသည်။ ခရစ်တော်၏ ဆုတောင်းချက်ကို အစဉ်အမြဲ နားထောင်တော်မူ၏။ ဤအရာမှာ ဘုရားသခင်သည် ငါတို့အား အဖြေပေးတော်မူသည်ဟူသော အရေးကြီးသည့် ဩဝါဒပင် ဖြစ်သည်။

*"အသက်ရှင်ခြင်းနှင့် စပ်ဆိုင်သော မျှော်လင့်ခြင်း*
*အကြောင်း ရှိစေခြင်းငှါ၊ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊*
*ညှိုးနွမ်းခြင်းနှင့် ကင်းစင်သော အမွေတော်ကို ငါတို့သည်*
*ခံရစေမည်အကြောင်း၊ ယေရှုခရစ်ကို သေခြင်းမှ ပြန်ရှင်*
*စေတော်မူသောအားဖြင့်၊ ကြီးစွာသော ကရုဏာတော်နှင့်*





*အမှုဆောင်သခင် သည် ခမည်းတော်ထံ၌ ရှိတော်မူ၏။"*
*(၁ ယော ၂း၁)*

*"အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏*
*သားတော် အသေခံတော်မူခြင်း အားဖြင့်၊ ငါတို့သည်*
*ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်း ကျေးဇူးတော်ကို*
*ခံရသည်မှန်လျှင်၊ ပြန်လည် သင့်မြတ်ပြီးမှ၊ အသက်တော်*
*အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍*
*မျှော်လင့်စရာရှိ၏။" (ရော ၅း၁၀)*

လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်မူပြီးနောက် ခရစ်တော်သည် ကောင်းကင်သို့ ပြန်တက်တော်မူ၏။ ယနေ့တွင် ကိုယ်တော်သည် ခမည်းတော်၏ လက်ယာတော်ဘက်၌ ထိုင်တော်မူ၏။ သခင် ယေရှုခရစ်တော်သည် ယခုတွင် ကောင်းကင်၌ရှိနေသည့် ရည်ရွယ်ချက်မှာ သင်နှင့်ကျွန်တော့် အတွက် ဖြစ်သည်ဟု သမ္မာကျမ်းစာက ငါတို့အား ပြောပြထားပါသည်။ ကိုယ်တော်သည် ထိုနေရာ၌ ငါတို့အတွက် ကိုယ်စားပြု ဆုတောင်းပေးနေပါသည်။ ကိုယ်တော်သည် ခမည်းတော် ရှေ့၌ ငါတို့၏ ရှေ့နေဖြစ်တော်မူ၏။

## ၁။ ငါတို့ အပြစ်ပြုရန် ဘုရားသခင်သည် အလိုမရှိ

သင်သည် ထာဝရ လုံခြုံမှုကို ယုံကြည်သည်ဟု ပြောဆိုသောအခါ သင်အား တစ်စုံတစ်ဦးက သင်သည် အပြစ်ပြုနေခြင်းကို ယုံကြည်၍ ထိုအရာများ ရှောင်လွှဲနေသည်ဟု စွပ်စွဲအပြစ်တင် နေပါမည်။ ထိုအရာမှာ သူတို့သည် ရောမဩဝါဒ ထဲ၌ တမန်တော်ရှင် ပေါလုကို စွပ်စွဲခဲ့ကြခြင်းဖြစ်ပါ သည်။ သူသည် ထိုကဲ့သို့သော ဩဝါဒကို သူယုံလည်း မယုံ၊ သွန်သင်ခြင်းလည်းမပြုခဲ့ပါကြောင်း သူတို့အား ရှင်ပေါလု ရှင်းလင်းစွာ ပြောပြခဲ့ခြင်းဖြစ်ပါသည်။

*"ချစ်သားတို့ သင်တို့သည် ဒုစရိုက်ကို မပြုစေခြင်းငှါ*
*ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။"*
*(၁ယော ၂း၁)*

ကျွန်တော့်အပြစ်လွှတ်ခြင်းရဖို့ရန် ယေရှုခရစ်တော် လုပ်ဆောင်သည့်အရာပေါ်၌ တစ်စုံတစ်ခုကို ကျွန်တော်ထပ်၍ ပေးရမည်ဟု ယုံကြည်ခြင်းဖြစ်၏။

သခင် ယေရှုခရစ်တော် ပြီးစီးတော်မူခဲ့သော အမှုပေါ်၌ သင်သည် ဘာဆိုဘာမှ ထပ်၍ မပေါင်းထည့်နိုင်ပါ။ ထိုအတွက်ကြောင့် လူတစ်ယောက်သည် တစ်ကြိမ် ဒုတိယ မွေးခြင်းခံပါက သူ၏ ကယ်တင်ခြင်း ဘယ်သောမှ မဆုံးရှုံးနိုင်တော့ပါကြောင်း ယုံကြည်မှုပေါ်၌ ခိုင်ခန့်စွာ ကျွန်တော် ရပ်နေခြင်းဖြစ်ပါသည်။ အကယ်၍ သင်သည် ကယ်တင်ခြင်း ဆုံးရှုံးနိုင်ပါက ယေရှုခရစ်တော် ပေးဆပ်တော်မူခြင်းမှာ ဘယ်လိုမှ အကျိုးသက်ရောက်မှု ရှိမည် မဟုတ်တော့ပါ။

## *ပစ္စုပ္ပန်ကာလ၊ ယေရှုခရစ်တော်၏ လုပ်ဆောင်မှုကြောင့်*

*"ဘုရားသခင် ရွေးကောက်တော်မူသော သူတို့ကို အဘယ်သူသည် အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ၌ တည်စေသောသူကား၊ ဘုရားသခင်ပေတည်း။ အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ ခံသည်သာမက၊ သေခြင်းမှ ပြန်ရှင်၍ ဘုရားသခင်၏ လက်ျာဘက်၌ နေလျက်၊ ငါတို့အဖို့ ဆုတောင်းသောသူကား ခရစ်တော်ပေတည်း။" (ရော ၈း၃၃-၃၄)*

*"ထိုသို့နှင့်အညီ၊ မှန်သော သန့်ရှင်းရာဌာနတို့၏ ပုံဖြစ်သော လူတို့ လက်ဖြင့်လုပ်သော သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည် မဝင်ဘဲ၊ ငါတို့အတွက်ကြောင့် ယခု ဘုရားသခင်၏ ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှါ ကောင်းကင် ကိုယ်ထဲသို့ ဝင်တော်မူပြီ။" (ဟေဗြဲ ၉း၂၄)*

*"ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်ကို မပြုစေခြင်းငှါ ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။ တစ်စုံတစ်ယောက်သော သူသည် ဒုစရိုက်ကို ပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော အရှင်ယေရှု ခရစ်တည်းဟူသော ငါတို့*





*အညီ ငါတို့ကို တစ်ဖန်ဖြစ်ဘွားစေတော်မူသော၊ ငါတို့သခင် ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ မည်သည့် အခါမျှ မွေးမှိန်ခြင်း၊ ပျက်စီးခြင်း၊ ပျောက်ပျက်ခြင်း မဖြစ်နိုင်သော အမွေတော်ကို သင့်အဖို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိ၏။ နောက်ဆုံးကာလ၌ ဖွင့်ပြခြင်းငှါ အဆင်သင့် ဖြစ်နေသော ကယ်တင်ခြင်း ရောက်လာသည့်တိုင် ယုံကြည်ခြင်း အားဖြင့် ဘုရားသခင်၏ တန်ခိုးတော်သည် စောင့်ထိန်းတော်မူ၏။" (၁ ပေ ၁း၃-၅)*

ဒုတိယ မွေးခြင်းခံသော သူတို့သာ ဘုရားသခင်၏ မိသားစုဝင်များဖြစ်ကြပြီး မပျက်စီးနိုင်သော အမွေဆက်ခံသူများဖြစ်ကြသည်ဟု ဘုရားသခင်က ကတိတော်ရှိပါသည်။ ထိုအရာမှာ မပျက်စီးနိုင် သော အမွေ၊ တဖြည်းဖြည်း ပျက်ပြားခြင်းသို့ မရောက်နိုင်သော အမွေပျောက်ကွယ်ခြင်း (သို့) လွင့်သွားခြင်းနှင့် လွတ်သောအမွေဖြစ်ပါသည်။ ထိုအရာမှာ အမှန်တကယ်ရှိ၍ ထာဝရတည်သောအမွေဖြစ်ပါသည်။ ထိုအမွေကို ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် စောင့်ထိန်းတော်မူခြင်းခံရ သောသူတို့က ကောင်းကင်နိုင်ငံတွင် ခံစားရရှိရန် သိမ်းဆည်းထားသော အမွေဖြစ်ပါသည်။

အမှန်စင်စစ်၊ ယေရှုခရစ်တော်သည် (ယော ၁၇) ၌ ဆုတောင်းခဲ့သည့် ဝေါဟာရ စကားလုံးများကို ပေတရုက အသုံးပြုခဲ့ခြင်းဖြစ်သည်။ ငါတို့သည် ဘုရားသခင်၏ တန်ခိုးတော် အားဖြင့် စောင့်ထိန်းတော်မူခြင်းခံကြရသည်ကို ပြောဆိုထားပါသည်။

အကယ်၍ ငါတို့သည် လူ၏တန်ခိုး (သို့) အသင်းတော်၏ တန်ခိုးအားဖြင့် စောင့်ထိန်းခြင်း ခံကြပါက ငါတို့သည် ကြီးမားသော ပြဿနာကို တွေ့ကြရပါမည်။ သို့သော်လည်း၊ ငါတို့သည် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် စောင့်ထိန်းကြသည်ဟု ကိုယ်တော် မိန့်တော်မူ၏။ ဘုရားသခင်၏ တန်ခိုးတော်မှာ ဘယ်သောအခါမျှ အဆုံးမပေး၊ မကျဆင်းနိုင်ပါ။

## ယေရှုခရစ်တော်၏ ပေးဆပ်တော်မူခြင်းကြောင့်ဖြစ်၏

*"ထိုသူသည် ငါတို့လွန်ကျူးခြင်း အပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။ ငါတို့ ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။" (ဟေရှာ ၅၃း၅-၆)*

တစ်ချို့သော လူတို့က ဤကျမ်းချက်သည် ကိုယ်ကာယ ပိုင်းဆိုင်ရာ အနာရောဂါငြိမ်းခြင်းဖြစ်သည်ဟု မှားယွင်းစွာ ခံယူကြသည်။ သို့သော်လည်း၊ ငါတို့၏ အပြစ်အကြောင်းကို ရှင်းလင်းစွာ ပြောဆိုထားပါသည်။ ဟေရှာယ ပြောဆိုသည့် အနာရောဂါငြိမ်းခြင်းမှာ ဝိညာဉ်ရေးဆိုင်ရာ ကျန်းမာခြင်း၊ အပြစ်ကြောင့် ငါတို့၏ စိတ်နှလုံးများနှင့် အသက်တာများထဲသို့ လိုအပ်သော ကျန်းမာခြင်းကို ပြောဆိုနေခြင်းဖြစ်ပါသည်။

*"မိမိစိတ် ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍ အားရလိမ့်မည်။ ထိုဖြောင့်မတ်သော ငါ၏ ကျွန်ကို သိကျွမ်းခြင်းအားဖြင့်၊ သူသည် အများသော သူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏ အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏။" (ဟေရှာ ၅၃း၁၁)*

ယေရှုခရစ်တော်သည် ကရာနီတောင်ကုန်းပေါ်ရှိ လက်ဝါးကပ်တိုင်ပေါ်တွင် ရိုက်ထားခြင်းခံရာ၌ ကောင်းကင်နှင့် မြေကြီးကြား ချိတ်ဆွဲထားခြင်းဖြစ်ပါသည်။ ခမည်းတော် ဘုရားသခင်သည်။ လောကီသားအားလုံး၊ ယေကျ်ားတိုင်း၊ မိန်းမတိုင်းနှင့် အာဒံ၏ မျိုးစဉ်ဆက်မှ မွေးဖွားလာသော ကလေးရှိသမျှအားလုံးတို့၏ အပြစ်ကို ယူ၍ ယေရှုခရစ်တော်ပေါ်၌ တင်တော်မူ၏။ ယေရှုသည် သစ်တိုင်ပေါ်၌ ချိတ်ထားခြင်းခံရာတွင် ခမည်းတော်





ပေးဆပ်တော်မူခဲ့၏။ ထိုထက်မက ကျွန်တော်သေသောနေ့ထိ တိုင်အောင် ရှိသော အပြစ်များအတွက်ပါ ပေးဆပ်တော်မူခဲ့ပါသည်။

## ကျွန်တော့်အပြစ်အတွက်သာလျှင် ပေးဆပ်တော်မူခြင်း

ခရစ်တော်၏ အသေခံတော်မူခြင်းမှာ အပြစ်အတွက် ပေးဆပ်ရန်သာ ဖြစ်၏။ အကယ်၍ သင်သည်သမ္မာကျမ်းစာတစ်ခုလုံးကို ရှာကြည့်ပါက သင်၏အပြစ်များကို အဝေးသို့ ယူသွားသောအခြား နည်းလမ်းတစ်ခုကိုမျှ သင်တွေ့မည်မဟုတ်ပါ။

အပြစ်နှင့်အတူ လုပ်ဆောင်နိုင်သည့် အချက်နှစ်ခုသာ ရှိပါသည်။ ပထမအချက်၊ သင်၏အပြစ်များအတွက် ပေးဆပ်ရန် ယေရှုခရစ်တော်ကို သင် အခွင့် ပေးနိုင်ရမည်။ ဒုတိယ အချက်၊ သင်သည် ငရဲသို့ သွား၍ သင်၏အပြစ်များအတွက် သင်ကိုယ်တိုင်ပေးဆပ်နိုင်ပါသည်။ သို့သော်လည်း အကယ်၍ သင်သည် ငရဲသို့ သွားပြီး သင်၏အပြစ်များအတွက် အကုန်အစင်၊ အပြည့်အဝ ပေးဆပ်ခြင်းငှါ သင်သည် ဘယ်တော့မှ ပြီးဆုံးနိုင်တော့မည် မဟုတ်ပါ။ သင်၏ အပြစ်များအတွက် လုံးလုံးလျားလျား ပေးဆပ်ရန် ဒုက္ခဝေဒနာ ခံရခြင်းသည်လည်း လုံလောက်သည့်အချိန် ဘယ်တော့မှ ရောက်လာလိမ့်မည် မဟုတ်ပါ။

ဤအရာကို စဉ်းစားဆင်ခြင်ပါ။ သင်၏အပြစ်များအတွက် ပေးဆပ်ရန် သင်သည် ငရဲ၌ ထာဝရကာလ နေရပါလိမ့်မည်။ သို့ရာတွင် ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ ထို တိုတောင်းလှသော သုံးနာရီတာ ရိုက်ထားခြင်းခံရသောအခါ ကိုယ်တော်သည် ကျွန်တော့်ပြစ်များ အားလုံး၊ သင်၏အပြစ်များအားလုံးနှင့် ကမ္ဘာလူသားများ အားလုံးတို့၏ အပြစ်များ အားလုံး အတွက် ပေးဆပ်၍ မကုန်ဆုံးနိုင်သော အပြစ်များအတွက် ကိုယ်တော်သည် ထိုနာရီပိုင်း အတွင်း၌သာ ပေးဆပ်တော်မူခဲ့ပြီးဖြစ်ပါသည်။

အကယ်၍ ကျွန်တော် ကယ်တင်ခြင်း ဆုံးရှုံးနိုင်သည်ဟု ကျွန်တော် ယုံကြည်ပါက ခရစ်တော်၏ အသေခံတော်မူခြင်းသည် ကျွန်တော်၏ ကယ်တင်ခြင်းကို ထိန်းသိမ်းပေးရန် မလုံလောက်သောကြောင့် ကျွန်တော် ကိုယ်တိုင် တစ်စုံတစ်ခုကို လုပ်ဆောင်ရမည်ဟူ၍ ယုံကြည်ခြင်းသာ ဖြစ်ပါသည်။

အတွက် နှစ်ကြိမ်ပေးအပ်ဖို့ရန် အကြောင်းမရှိပါ။

ထာဝရ လုံခြုံမှု၌ ဘယ်အရာကို ပြုလုပ်ပါသနည်း။ အကယ်၍ လူတစ်ယောက်သည် တစ်နေ့တွင် ကယ်တင်ခြင်းရ၍ နောက်တစ်နေ့တွင် သူ၏ ကယ်တင်ခြင်း ဆုံးရှုံးသွားသည်ဟု ကျွန်တော်ယုံကြည်ပါက၊ ယေရှုခရစ်တော်သည် ကျွန်တော့် အပြစ်အတွက် ယနေ့ ပေးဆပ်ခဲ့ပြီး ဖြစ်သော်လည်း ကိုယ်တော်၏ အသေခံတော်မူခြင်းမှာ နက်ဖြန်နေ့အဖို့ မလုံလောက်ပါဟူ၍ ယုံကြည်ခြင်းသဘောဖြစ်ပါမည်။ သို့သော်လည်း အပြစ်အတွက် ခရစ်တော်၏ ပေးဆပ်တော်မူခြင်းမှာ လူအားလုံးတို့၏ အပြစ်အားလုံးအတွက် ခိုင်လုံလျက် လုံလောက်နေပါကြောင်း ဘုရားသခင် မိန့်တော်မူသည်။

ကျွန်တော်သည် ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကို ယုံကြည်ရန် ရွေးချယ်ထားပါသည်။ ယေရှု ခရစ်တော်သည် ကျွန်တော့် အပြစ်များ အားလုံးအတွက် ပေးဆပ်တော်မူပြီးဖြစ်ကြောင်း သမ္မာကျမ်းစာက ဆိုထားပါသည်။ ကိုယ်တော်၏ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူခြင်းမှာ ကျွန်တော့်အပြစ်များ အားလုံးအတွက် အပြစ်ဖြေလွှတ်ခြင်း (အပြစ်ကို ဖယ်ရှားခြင်း) အတွက် ဖြစ်ပါသည်။ ဘုရားသခင်သည် ကိုယ်တော်၏ စိတ်ဝိညာဉ် ပင်ပန်းခြင်း၊ ဒုက္ခဝေဒနာကို ကြည့်မြင်တော်မူ၍ ကျေနပ်တော်မူ၏။ သို့ဖြစ်၍ ယေရှုခရစ်တော်သည် ကျွန်တော့်အပြစ်များ အတွက် ပေးဆပ်တော်မူပြီး ဖြစ်ရာ ကျွန်တော်၏ ကယ်တင်ခြင်းကို ဘယ်လိုနည်းနှင့်မျှ မဆုံးရှုံးနိုင်ကြောင်း ဘုရားသခင်၏ နှုတ်ကပတ်တော်မှ ကတိတော် ကျွန်တော့်မှာ ရှိပါသည်။

လက်ဝါးကပ်တိုင်ပေါ်၌ ယေရှုခရစ်တော်၏ အသေခံတော်မူခြင်းမှာ ကျွန်တော့်အပြစ်များ အတွက် ပေးဆပ်ရန် ဖြစ်ပါသည်။ ကျွန်တော်သည် မြေကြီးသို့ မွေးဖွားခြင်းမခံမီ နှစ်ပေါင်းများစွာ ကတည်းက ကိုယ်တော် အသေခံတော်မူခဲ့ပြီး ဖြစ်ပါသည်။ ကိုယ်တော် အသေခံတော်မူခဲ့စဉ်က ကျွန်တော့်အပြစ်များအားလုံးမှာ အနာဂါတ်၌ ရှိပါသေး၏။ ကိုယ်တော်သည် ကျွန်တော် မွေးသည့်နေ့မှ စ၍ ကယ်တင်ခြင်းရသည့်နေ့ (၁၉၇၁-ခုနှစ်) ထိသာရှိသော အပြစ်များ အတွက်ကိုသာ ပေးဆပ်တော်မူခဲ့သည် မဟုတ်ပါ။ ကိုယ်တော်သည် (၁၉၇၁)ခုနှစ်မှ ယနေ့ထိ အပြစ်များအတွက်လည်း



ယုံကြည်သူ၏ ထာဝရလုံခြုံမှု

ဘုရားသခင်သည် ကမ္ဘာလူသားအားလုံးတို့၏ အပြစ်များအားလုံးကို ယူ၍ သခင်ယေရှုခရစ်တော်၏ ပခုံးပေါ် တင်တော်မူခဲ့ပါသည်။ ကိုယ်တော် သည် လူသား ဇာတိခံယူသော ဘုရားသခင်ဖြစ်တော်မူသည်နှင့်အညီ ငါတို့၏ ရှက်ခြင်းများနှင့် ဆုံးမပြစ်ဒဏ် ခတ်ခြင်းကို ခံစားပေးတော်မူခဲ့ပါ၏ ကိုယ်တော်သည် ငါတို့အပြစ်ကြွေး အားလုံးကို ပေးဆပ်တော်မူခဲ့၏။ ထိုသို့ တိုတောင်းသော သုံးနာရီအတွင်း၌ ယေရှုခရစ်တော်သည် ငါတို့အတွက် ငရဲ၏ ပြစ်ဒဏ် အားလုံးကို ခံစားတော်မူခဲ့ပါသည်။ သင်နှင့် ကျွန်တော်သည် ဘုရားသခင်းကို ပေးရန် ကျန်သမျှသော အကြွေး ရှိသမျှ အားလုံးကို တစ်အောင်စမျှပင်မကျန် အကုန်အစင် ပေးဆပ်တော်မူခဲ့ပါသည်။

ထိုအကြောင်းကြောင့် သမ္မာကျမ်းစာက “ခမည်းတော်ဘုရားသည် ယေရှု ခရစ်တော်၏ စိတ်ဝိညာဉ်၌ ခံရသော နာကျင်ခြင်းဝေဒနာကို ကြည့်မြင် တော်မူ၍ ကျေနပ်တော်မူ၏” ဟု ဆိုထား ခြင်းဖြစ်ပါသည်။ ခမည်းတော် ဘုရားသခင်သည် ယေရှု၏ ပေးဆပ်တော်မူခြင်းပေါ်၌ ကျေနပ်တော်မူ၏။

*“ဤခွက်ကား ပဋိညာဉ် တရားသစ်နှင့် ဆိုင်၍*
*လူများတို့၏ အပြစ်ကို လွှတ်စေခြင်းငှါ သွန်းသော ငါ၏*
*သွေးဖြစ်၏။” (မဿဲ ၂၆း၂၈)*

ယေရှုသည် တပည့်တော်တို့နှင့်အတူ ပသခါပွဲကို သုံးဆောင်တော်မူ ပြီးနောက် ကိုယ်တော်အား အပ်နှံမိလေ၏။ ယှုဒထွက်သွားပြီးနောက် ခရစ်တော် သည် အနီးအပါး၌ရှိသော တပည့်တော် တစ်ဆယ့်တစ်ပါးနှင့်အတူ ပွဲတော် မင်္ဂလာကို သုံးဆောင်တော်မူ၏။ ပထမ၊ ကိုယ်တော်က “ဤအရာသည် သင်တို့အဖို့အလို့ငှာ ချိုးဖဲ့သော ငါ၏ကိုယ်ဖြစ်၏” ဟူသော စကားလုံးများဖြင့် တပည့်တော် တို့ကို ပေးတော်မူ၏။ တစ်ဖန် ကိုယ်တော်သည် စပျစ်ရည်ပါသော ခွက်ကိုယူ၍ “ဤအရာသည် သင်တို့၏ အပြစ်များအတွက် သွန်းသောငါ၏ အသွေးဖြစ်၏” ဟု မိန့်တော်မူ၏။

ဤနေရာ၌ ကာသိုလိပ်အသင်းတော်က ကြီးမားသော အမှားတစ်ခုကို ပြုနေကြ၏။ သူတို့က ယေရှုသည် စပျစ်ရည်ကို တကယ့်သွေးစစ်စစ်သို့ ပြောင်းစေ၏။ တပည့်တော်တို့အား စားဖို့ရန် မိမိကိုယ်ခန္ဓာကိုယူ၍ ပေး၏ဟူ၍ သွန်သင်ကြသည်။ သို့ဖြစ်၍ ယဇ်ပုရောဟိတ်သည် ပွဲတော်၌ စပျစ်ရည်ကို

ခွက်ထဲထည့်၍ ကောင်းကြီးပေးသောအခါ ထိုစပျစ်ရည်မှာ ယေရှုခရစ်တော်၏ သွေးစစ်စစ်သို့ ကူးပြောင်းသွား၍ မုန့်တို့သည်လည်း အသားစစ်စစ်သို့ ကူးပြောင်းသည်ဟု သွန်သင်ကြပါသည်။

ဤခက်ခဲနက်နဲသော သွန်သင်ခြင်းကို (အခန်းငယ်-၂၈)၌ တွေ့ရပါသည်။ ယေရှုခရစ်တော်သည် ခွက်ကို ပေးသည်တွင် အသက်ရှင်လျက်ရှိပါသေး၏။ အကယ်၍ ထိုအရာသည် ကိုယ်တော်၏ သွေးစစ်စစ်ဖြစ်ခဲ့ပါက ကိုယ်တော်ဟာ သေပြီဖြစ်ပါသည်။ ကိုယ်တော်က "ဤခွက်ထဲရှိ စပျစ်ရည်သည် ငါ၏ အသွေးကို ပုံဆောင်သည်" ဟု မိန့်တော်မူ၏။ ကိုယ်တော်သည် တပည့်တော်တို့အား မုန့်ကိုပေးသောအခါ မိမိအသားစစ်စစ်ကို ပေးတော်မူခဲ့သည်မဟုတ်ပါ။ ကိုယ်တော်သည် တပည့်တော်များအား ပုံဆောင်လျက် ဥပမာပေးခြင်းဖြစ်ပါသည်။ ယေရှုသည် သူတို့အားပေးသော မုန့်မှာ သူတို့အတွက် ချိုးဖွဲ့မည့် ကိုယ်တော်၏ ခန္ဓာကို ပုံဆောင်ထားပါသည်။ ထိုအရာမှာ ကိုယ်တော်၏ အသားစစ်စစ် မဟုတ်ကြောင်းကို တပည့်တော်တို့က သိရှိခဲ့ကြပါသည်။

ထိုကျမ်းချက်ထဲ၌ ကိုယ်တော်သည် မိမိအသွေးသွန်းရသည့် အကြောင်းရင်းကို ငါတို့အား ဖော်ပြပေးပါသည်။ ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ မိမိအသွေးသွန်းရသည့် အကြောင်းရင်းမှာ အပြစ်များကို ဖြေရန်ဖြစ်ပါသည်။ အကယ်၍ သွန်းလောင်းသော ယေရှုခရစ်တော်၏ အသွေးသည် အပြစ်များကို လွှတ်ပေး(ဖယ်ရှား)ပါက ငါတို့လုပ်ဖို့ တစ်စုံတစ်ရာ ကျန်ရှိပါသေးသလား။ လုံးဝမကျန်တော့ပါ။ ဘာဆိုဘာမျှ ထပ်၍လုပ်ဆောင်ဖို့ရန် လုံးဝဥဿုံ မလိုတော့ပါ။

(ယော ၁၉း၃၀) ၌ ယေရှုက "အမှုပြီးပြီ" ဟု ကြွေးကြော်ပြီး ခေါင်းတော်ငိုက်ဆိုက် ညွတ်၍ အသက်တော်ကို စွန့်တော်မူ၏။ ခမည်းတော်သည် မြေကြီးပေါ်၌ လုပ်ဆောင်ရန်ပေးအပ်သော အမှုများကို ကိုယ်တော်ပြီးစီးခဲ့ပါသည်။ ထိုအမှုမှာ ငါတို့ အပြစ်များအတွက် ပြစ်ဒဏ်စီရင် ချက်ကို ကိုယ်တော်ပေါ်၌ အခွင့်ပြုတော်မူ၏။ ခမည်းတော် စိတ်ဝိညာဉ်၌ နာကျင်မှုကို ကြည့်မြင်တော်မူလျက် ယေရှုခရစ်တော် လုပ်ဆောင်ချက်ပေါ်၌ ကျေနပ်အားရတော်မူ၏။





ယခုတွင် ကျွန်တော်သည် အပြစ်ခွင့်လွှတ်ရန် ခမည်းတော် ရှေ့၌ ရပ်သောအခါ ဘုရားသခင် အတွက် ကျွန်တော်ပြုသော ကောင်းမှုကုသိုလ်များကို ယူဆောင်လာဖို့မလိုပါ။ ထိုအရာများသည် ဘုရားသခင်ရှေ့၌ ဘာမျှအဓိပ္ပါယ်မရှိပါ။

ကျွန်တော်သည် ဘုရားသခင်ထံသို့ သွားသောအခါ သခင် ယေရှုခရစ်တော်၏ ပူဇော်ခြင်းကိုသာ ပေးလျှုပါ၏။ ယေရှုခရစ်တော်၏ ပေးဆပ်ခြင်းကြောင့် ထာဝရ လုံခြုံမှု၏ သွန်သင်ခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော် သွန်သင်ခြင်းသည် မှန်ကန်ကြောင်း ကျွန်တော်သိပါသည်။

## ***နှစ်ဆသော ဘေးအန္တရာယ်၏ တရားဥပဒေ***

နှစ်ဆသော ဘေးအန္တရာယ်၏ ပညတ်တရားက ပြစ်မှုတစ်ခုအတွက် နှစ်ကြိမ်မပေးဆပ်နိုင်ဟု ဆိုထားပါသည်။ ဥပမာ - သင်သည် သွေးသွန်းခြင်းကြောင့် ချုပ်နှောင်ခြင်းခံရမည်။ သင်သည် တရားခုံရုံး၌ ရပ်သောအခါ တရားသူကြီးက သင်မည်သို့လျှောက်လဲချက်ပေးမည်နည်းဟု မေးပါလျှင် သင်က "ကျွန်တော်အပြစ်ရှိပါတယ်၊ သနားပါ" ဟုဆိုမည်။ သူက "သင့်အား (၁၅၀- ရက်) ချုပ်ခံ၍ ဒေါ်လာငွေ (၁၅၀) ပေးရမည်" ဟု ဆို၏ သို့ဖြစ်၍ သင်သည် ထောင်ချခြင်းခံကာ ရက်ပေါင်း (၁၅၀) နေပြီး၊ ဒေါ်လာငွေ (၁၅၀) ပေးရ၏။ သင်သည် အပြစ်ဒဏ်အတွက် ပေးဆပ်ရပါသည်။

သင်သည် အိမ်ရောက်ပြီး နောက်တစ်နေ့တွင် ထိုရဲသည် လာပြန်၍ သင်၏သွေးထွက်သံယို ပြုမိသည့်အတွက် ချုပ်နှောင်ခြင်းခံရန် ဖမ်းဖို့လာလျှင် သင်သည် သူ့အား ကျွန်တော် လျော်ကြေးငွေလည်းပေးပြီး၊ ထောင်ချခြင်းလည်း ခံခဲ့ပြီးပြီးဟု ပြောဆိုမည်။ သို့သော်လည်း သူကသင့်အား ဇွတ်အတင်းဆွဲခေါ်သွားပါသည်။ သင်သည် သွား၍ ထိုတရားရုံး ရှေ့မှာပင် ရပ်လျက်သင်သည် ဒဏ်ငွေလည်း ဆောင်ပြီးပြီ၊ ထောင်ဒဏ်ချခြင်းလည်း ခံပြီးပြီဟု ကြိုးစား၍ ရှင်းပြမည်။ သို့သော်လည်း တရားသူကြီးက သင့်အား နောက်ထပ်ရက်ပေါင်း (၁၅၀) ထောင်ချခံစေပါမည်။ ထိုကဲ့သို့သော အဖြစ်မျိုးသည် အမေရိကန်ပြည်၌ နှစ်ဆသော ဘေးအန္တရာယ် ဥပဒေကြောင့် ဘယ်သောအခါမျှ မဖြစ်ပျက်နိုင်သည် ဖြစ်၍ ကျေးဇူးတင်ပါသည်။ သင်သည် ပြစ်မှုတစ်ခု